The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (19-8-2014) (၇၉၁၇)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ။ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ။ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမတွဲ၊ မေတ္တာသုတ်-၄၄၃။

လူထုဗဟိုပြုစီမံကိန်းသည် လူထုကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ် ရရှိလာသည့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို တိုက်ရိုက်အကျိုးခံစားရစေမည့် ဖွံ့ဖြိုးရေးချဉ်းကပ်မှုနည်းလမ်းဖြစ်

နေပြည်တော် ဩဂုတ် ၁၈

လူထုဗဟိုပြုစီမံကိန်း ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းများ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးစာရင်းဝင်နိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်ရေး စသည့် ခိုင်မာတိကျသည့် ရည်မှန်းချက်များထားရှိ၍ ယင်းရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုအားပေးထောက်ခံပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်း စိတ်အားထက်သန်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများသည် အပြန်အလှန်ဆက်နွယ်လျက်ရှိပြီး အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ သက်ဆိုင်သူအားလုံးပါဝင်ပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဧည့်သည်တော်များ လူထုဗဟိုပြုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သံလွင်နှင့် စစ်တောင်း မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၈

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ○

အင်းလေးဒေသ ရေပြန့်ရေထွက်မှ သောက်သုံးရေသွယ်ယူခြင်းစီမံကိန်းကို တွေ့ရစဉ်။

အင်းလေးဒေသ ရေပြန်ရေထွက်မှ ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

ညောင်ရွှေ ဩဂုတ် ၁၈

ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကျေးပေါခုံကျေးရွာအုပ်စုရှိ ရေပြန်ရေထွက်မှ အင်းလေးဒေသအတွင်းရှိ ကျေးရွာများသို့ သန့်ရှင်းသော သောက်သုံးရေ သွယ်ယူဖြန့်ဝေခြင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ကမ္ဘာ့လူသားအဖွဲ့အစည်း (TPA)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်းလေးဒေသ သန့်ရှင်းသော သောက်သုံးရေသွယ်ယူဖြန့်ဝေခြင်း စီမံကိန်းဖွင့်ပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ရေထွက်၌ ကျင်းပရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ အဖွဲ့ဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ နယ်စပ်ဒေသနှင့်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

ကြေးမုံ စာတည်းရှုထောင့် **၁၉-၈-၂၀၁၆၊ အင်္ဂါနေ့**

စေတနာပါမှ အကျိုးများ

"မလျှာတတ်ရင် စျေးရောင်း"ဟု ဆိုရိုးစကားရှိသည်။ စျေးရောင်းခြင်းအလုပ်သည် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့် သမ္မာအာဇီဝအလုပ်ဖြစ်သည်။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုးပေးသည့် "နှစ်ဖက်လှ" အလုပ်လည်းဖြစ်၍ စျေးရောင်းခြင်းကို ရှေးလူကြီးတို့ အထူးအားပေးခဲ့ခြင်းဖြစ်သည်။

စျေးရောင်းခြင်း အခင်းအကျင်းများကိုကြည့်လျှင် များသောအားဖြင့် စနစ်တကျ ခင်းကျင်းရောင်းချသည့် ပုံစံမဟုတ်သော လမ်းဘေးစျေးရောင်းခြင်းမျိုးကို နေရာဒေသအနှံ့မှာ တွေ့မြင်နေရသည်။ သတ်မှတ်စျေးများမှာ နေရာထိုင်ခင်းနှင့် စနစ်တကျ ရှိကြသော်လည်း စျေးသည်အများစုမှာ အထူးသဖြင့် ကုန်စိမ်း၊ မုန့်ပဲသရေစာ၊ အသုပ်စုံ စသဖြင့် နိစ္စဓူဝ စားသောက်ကုန်များမှာ နေရာသတ်မှတ်ချက်မရှိတတ်ချေ။ ကြုံလျှင်ကြုံသလို လမ်းဘေးစျေးသည်ပုံစံဖြင့် ရောင်းချကြသည်။ မဟာရန်ကုန်အပါအဝင် မြို့ပြရပ်ဝန်းများမှာ ဤကဲ့သို့သော လမ်းဘေးစျေးသည်များကို လမ်းတိုင်း၊ ရပ်ကွက်တိုင်းတွင် လက်ညှိုးထိုးမလွဲ ရှိနေတတ်ကြသည်။

လမ်းဘေးစျေးသည်များတွင် ကုန်စိမ်း၊ ကုန်ခြောက်၊ သား၊ ငါး၊ ပုစွန် စသဖြင့် မီးဖိုချောင်သုံး စားကုန်ရောင်းချသူများနှင့် လတ်တလော အဆာပြေသရေစာရောင်းသူများဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ မီးဖိုချောင်သုံး စားကုန်သောက်ကုန်ရောင်းသူများမှာ ဖြစ်သလိုရောင်းချနေကြသော်လည်း ပြဿနာကြီးကြီးမားမားမရှိနိုင်ဟု ဆိုရမည်။ အဆာပြေအစားအစာများ ဥပမာ အသုပ်စုံ၊ မုန့်ဟင်းခါး စသဖြင့် ရောင်းချသူများသည် သန့်ရှင်းသပ်ရပ်မှုရှိဖို့ အထူးလိုအပ်ပါသည်။ အထူးသဖြင့် ရောင်းချသူ၏ လက်သန့်ရှင်းမှု၊ အိုးခွက်၊ ပန်းကန်များသန့်ရှင်းမှု၊ နေရာထိုင်ခင်းသန့်ရှင်းမှုအပြင် အစားအစာရောင်းချသူများကိုယ်တိုင် ကျန်းမာရေးဌာန၏ ဆေးစစ်ချက်ရယူပြီး ရောင်းချရန်အတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

စားသုံးသူများဘက်ကလည်း လက်သန့်၊ နေရာသန့်၊ အစာသန့်၊ အသုံးအဆောင်ပစ္စည်းများနှင့် စျေးရောင်းသူ၏တစ်ကိုယ်ရေသန့်ရှင်းမှုကို စိစစ်ရွေးချယ်စားသုံးတတ်ဖို့ လိုပါသည်။ အဓိကအချက်မှာ သန့်ရှင်းမှုဖြစ်ပါသည်။ မိမိတို့လူမျိုးများ၏ ခင်မင်တတ်မှု၊ အားနာတတ်မှု၊ အားပေးတတ်မှု၊ အမှားတွေ့နေလည်း ရှေ့မှာ အပြစ်မပြောဘဲ အားနာပါးနာနှင့် စားသောက် အားပေးနေကြဆဲ၊ လမ်းဘေးစျေးသည်များနှင့် ဖောက်သည်များသည် မိသားစုသဖွယ်။

အသိရှိသူများက မနေသာတော့ပြီ။ တာဝန်ရှိသူများက စနစ်တကျရှိစေရေး စီစဉ်လာနေကြပြီ။ လူအများ နိစ္စဓူဝ ဝင်/ထွက်စားသောက်နေကြသော လမ်းဘေးစျေးဆိုင်များကို သန့်သန့်ရှင်းရှင်းနှင့် စနစ်တကျရှိစေရေး မက်လုံးပေးကာ မိသားစုသဖွယ် နွေးထွေးမှုပေးပြီး ဆောင်ရွက်လာမှုများကို မဟာရန်ကုန်မှ မြို့နယ်တချို့တွင် တွေ့လာနေရပြီ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ရရှိထားသည့် လမ်းဘေးစားသောက်ဆိုင် ၄၆ ဆိုင်ကို ပဏာမရွေးချယ်ပြီး လောလောဆယ် ၁၄ ဆိုင်ကို ထောက်ပံ့မှုပေးသွားမည်ဟု သိရသည်။ လိုအပ်သော ငွေကြေးအပြင် ဆိုင်အသုံးအဆောင်ပစ္စည်းများ၊ ဆိုင်ခန်းပြင်ဆင်တည်ဆောက်ခြင်းဆိုင်ရာ စသည်တို့ကို အကူအညီပေးသွားမည်။ ထိုဆိုင်များကို မြို့နယ်အလိုက် ကြီးကြပ်ရေးကော်မတီများက စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာမှုရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထောက်ပံ့မှုများကို ရပ်ဆိုင်းသွားမည်ဟု မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသွားသည်။

ယခုအခါ ထိုအစီအစဉ်ကို လသာ၊ ပန်းဘဲတန်း၊ တာမွေ၊ ဗိုလ်တထောင်၊ ကျောက်တံတားနှင့်ဗဟန်းမြို့နယ်များတွင် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ရောင်းသူလည်း သန့်ရှင်း၊ စားသုံးသူလည်း အန္တရာယ်ကင်း၊ မြင်ကွင်းလည်း ရှင်းလင်းနှင့် တစ်နည်းအားဖြင့် မြို့ပြအလှကိုလည်း ဖော်ဆောင်ရာရောက်သည့် ဤလုပ်ငန်းကို မဟာရန်ကုန်၏ မြို့နယ်တချို့က အစပြုလိုက်နိုင်ပါပြီ။ နောက်ပိုင်းမှာ မြို့နယ်တိုင်းရှိ လမ်းဘေးဆိုင်များအားလုံးကို စနစ်တကျရှိစေရေး ရှေ့ပြေးအစီအစဉ်တစ်ရပ်လည်း ဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိ လမ်းဘေးစျေးဆိုင်အားလုံးသို့လည်း မီးမောင်းထိုးပြအသိပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

မည်သည့်အလုပ်ကိုလုပ်လုပ် 'စေတနာ'ပါဖို့ အထူးလိုအပ်ပါသည်။ စေတနာကောင်းမွန်သော အလုပ်ဟူသမျှ အကျိုးများမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရွှေလင်ပန်းစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ရွှေလင်ပန်းစက်မှုဇုန်ရှိ ZKG အထည်ချုပ်စက်ရုံ၊ စိုင်းမြင့်ထွန်းအောင် အထည်ချုပ်စက်ရုံနှင့် HTT အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် လုပ်ငန်းခွင် အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိစက်ရုံ၏လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှု၊ ကုန်ထုတ်စွမ်းအားတိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အသိပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထားပြီး တက်ရောက်သွားရန်လိုကြောင်း၊ သို့မှသာ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မှာဖြစ်သကဲ့သို့ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားများ မြင့်မားလာကာ နိုင်ငံတော်ရဲ့ GDP တိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းထားသော အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ တင်ပြချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်	ရွှေဈေး	၆၇၂၈၀၀	-	၆၇၃၆၀၀
မန္တလေး	ရွှေဈေး	၆၇၂၈၀၀	-	၆၇၃၆၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၉. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၇. ၉၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၇၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၈. ၁၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၈၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၈. ၇၁
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၃၅၅
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၄. ၆၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၀. ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသလို အမျိုးသားကျန်းမာရေးအစမှာလည်း စာသင်ကျောင်းကဟု ဆိုရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သော မျိုးဆက်သစ်ကျောင်းသားလူငယ်များ ပေါ်ထွန်းလာရေးအတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသော ကျောင်းသားလူငယ်များ မွေးထုတ်ပေးနိုင်ရေး၊ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခပြည့်စုံရန် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဌာနမှလည်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ အထက(၁) ဒဂုံ၌ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက စံပြထူးချွန်ဆုရရှိသည့် ကျောင်းများ၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်စိန်က အထက်တန်းအဆင့် စံပြဆုရကျောင်းများ၊ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က အလယ်တန်းအဆင့် စံပြဆုရကျောင်းများ၊ စိုက်ပျိုးရေးဝန်ကြီး ဦးစိုးမင်းက မူလတန်းအဆင့် စံပြဆုရကျောင်းများနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ခရိုင်ဂုဏ်ပြုဆုများကို အသီးသီးချီးမြှင့်ခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအဆင့် စံပြထူးချွန်ဆုရ ၁၀ ဆု၊ စံပြဆု ၁၈ ဆု၊ ခရိုင်အဆင့် စံပြဆု ၃၇ ဆုနှင့် မြို့နယ်အဆင့်စံပြဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဌေးခိုင်)

Nice Fare Travel Co.,Ltd.
1. Ticketing & Reservation Staff (International) Male/Female (5) Post
2. Ticketing & Reservation Staff (Domestic) Male/Female(3) Post
3. Cashier Female(2) Post
4. Assistant Accountant Female (1) Post

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်**(အပေါ်ပုံ)**သည် ဩဂုတ် ၁၇ ရက်က ရန်ကုန်မြို့ အင်းယားကန်ဟိုတယ်၌ ကျင်းပသော စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးကျောင်း (Singapore-Myanmar Vocational Training Institute) ၌ ဖွင့်လှစ်သင်ကြားမည့် (Hospitality and Tourism)ဆိုင်ရာ သင်တန်းများတွင် ဆရာ ဆရာမများအား သင်ကြားရေးဆိုင်ရာ တာဝန်ပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ Hospitality and Tourism ဆိုင်ရာ ပုဂ္ဂလိက သင်တန်းကျောင်းမှ တာဝန်ရှိသူများကို တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သင်ကြားပို့ချမည့် သင်ရိုးညွှန်းတမ်းများကိုလည်း ASEAN အဆင့်ထက် မနိမ့်စေရန်နှင့် ကောင်းမွန်စွာသင်ကြားပို့ချနိုင်မည့် အရည်အချင်းရှိ သင်တန်းဆရာများကိုလည်း Hospitality and Tourism သင်တန်းကျောင်း အသီးသီးမှ ရွေးချယ်၍ စာရင်းများ ပေးပို့စေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Summit Parkview ဟိုတယ်၌ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယခုလအတွင်း ကျင်းပမည့် JATA ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပြပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမှာ ယခုထက် ပိုမို ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝိုင်းဝန်းကြိုးစားကြရန်၊ ယခုအခါ ရန်ကုန်နှင့် ဂျပန် တိုက်ရိုက်လေကြောင်းပျံသန်းနေပြီဖြစ်၍ ဂျပန်မှဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးနှင့် ယခုလက်ရှိ ကျင့်သုံးတော့မည့် E-Visa နှင့် ပတ်သက်၍လည်း ဂျပန်နိုင်ငံတွင် ကြော်ငြာ ပေးခဲ့စေလိုကြောင်း၊ မည်သည့်ကုမ္ပဏီမှ ဧည့်သည်ရသည် ဖြစ်စေ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြင့်တက်လာမည်ဖြစ်၍ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ Summit Parkview ဟိုတယ်၌ပင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်မည့် ခရီးသွားလုပ်ငန်းတွင် ကလေးသူငယ်များ၏ အခန်းကဏ္ဍအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒနှင့်အညီ ဆောင်ရွက်ရာတွင် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့်ကဏ္ဍကို ထည့်သွင်းအလေးထားကြစေလိုကြောင်းနှင့် အသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် ပြောကြားသွားသည်။

ယင်းနောက် UNICEF ဌာနေကိုယ်စားလှယ် Mr. Shalini Bahuguna ကလည်း မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကလေးသူငယ်များအား လွဲမှားစွာ အသုံးချမှုများ ရှိလာနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ ခရီးသွားလုပ်ငန်းနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက တာဝန်သိ၊ တာဝန်ရှိ ခရီးသွားလုပ်ငန်းကို ကောင်းမွန်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ UNICEF အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လိုအပ်သည်များကို ကူညီပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းကင်းမြို့နယ်အသင်း (မန္တလေး) အတွက် အလှူငွေပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

မင်းကင်းမြို့နယ်အသင်း (မန္တလေးအတွက်) မတည်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၉၉၂၀၀၀၀ အား အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းကြရာ မင်းကင်းမြို့နယ်အသင်း(မန္တလေး) နာယက ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ မဟာမင်းကျောင်းတိုက်အနီး မြေအကျယ် ၃၈ ပေ × ၃၅ ပေတွင် စက္ကူဒါနခွဲစိတ်ဆောင် သုံးထပ်ဆောင် ဆောက်လုပ်၍ မင်းကင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်ဖြစ်ပြီး အဆိုပါ သုံးထပ်အဆောက်အအုံအတွက် ခန့်မှန်းကျပ်သိန်း ၆၀၀ ခန့်ကုန်ကျမည်ဖြစ်၍ စက္ကူဒါနခွဲစိတ်ဆောင် ဆောက်လုပ်ခြင်းအတွက် စေတနာသဒ္ဓါတရားရှေ့ထားပြီး လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ငလျင်ဘေးသင့်ပြည်သူများအတွက် ဆန်နှင့်အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Ludian County ၌ ယခုနှစ် ဩဂုတ် ၃ ရက်က ဖြစ်ပွားခဲ့သည့် ငလျင်ဘေးသင့်ပြည်သူများအတွက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက ဆန်နှင့်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် Golden City ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ၁၄ ဦးက အလှူငွေ အမေရိကန်ဒေါ်လာ ၉၇၅၀၀ နှင့် မြန်မာငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၃၅၈၇ အိတ်ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ မြန်မာ - တရုတ် ချစ်ကြည်ရေးမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

○ ရွှေဖုံးမှ

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

✻ အင်းလေးဒေသမှ

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. WATANAVE TARO၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးညီညီလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အင်းလေးဒေသ ရေပြုန်ရေထွက်မှ သောက်သုံးရေသွယ်ယူခြင်းစီမံကိန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇူလိုင်လတွင် လုပ်ငန်းများအားလုံး ပြီးစီးခဲ့ကြောင်း၊ ရေဂါလန် ၂၃၀၀၀ ဆံ့ ရေလှောင်ကန်နှစ်ခုမှ အရှည်မိုင် ၆ ဒသမ ၇၁ မိုင်နှင့် ၆ ဒသမ ၉၂ မိုင် အသီးသီးရှိ ရေပိုက်လိုင်း နှစ်လိုင်းဖြင့် ကျေးရွာအုပ်စု ငါးအုပ်စုသို့ ရေဖြန့်ဝေပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သောက်သုံးရေသွယ်ယူခြင်း စီမံကိန်းကို ငွေကျပ် ၅၂၀၆ သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ပြီး အင်းပေါခုံ၊ မိုင်းပျိုး၊ ကျေးပေါခုံ၊ အင်းတိန်နှင့် သာလေးကျေးရွာအုပ်စုများရှိ ကျေးရွာ ၂၆ ရွာမှ လူဦးရေ ၁၇၉၅၅ ဦးကို တစ်နေ့လျှင် သန့်ရှင်းသော သောက်သုံးရေ သုံးဂါလန်နှုန်းဖြင့် ဖြန့်ဝေပေးလျက်ရှိရာ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

သင်တန်းတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

ထိုင်းနိုင်ငံ Khon Kaen မြို့ Mekong Institute ၌ ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် "Enhancing the Utilization FTA by SMEs သင်တန်းတက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်စိုးအေမီကျော်နှင့် အသင်းဝင် ဒေါ်မြမြကြွယ်တို့သည် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အီရတ်နိုင်ငံမြောက်ပိုင်းတွင် စစ်ကြောင့်ထွက်ပြေးလာကြရသော ဒေသခံပြည်သူများကို တွေ့ရစဉ်။

အိုင်အက်စ်စစ်သွေးကြွများအား နှိမ်နင်းရန် အီရတ်ကို ဗြိတိန် အကူအညီပေးမည်

ဘဂ္ဂဒက်   ဩဂုတ်   ၁၈

အီရတ်နိုင်ငံ၌ အစ္စလာမ့်နိုင်ငံတော်ထူထောင်ရေး(အိုင်အက်စ်)စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုမှာကြီးမားနေကြောင်း၊ မိမိတို့သည် ယင်းနိုင်ငံ၌ စစ်သွေးကြွတို့အား နှိမ်နင်းနိုင်ရန် အီရတ်တပ်ဖွဲ့ကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဩဂုတ် ၁၈ ရက်တွင် ပြောကြားလိုက်သည်။

လာမည့်ရက်သတ္တပတ်များ သို့မဟုတ် လများတွင် အီရတ်နိုင်ငံ၌ စစ်ရေးဆိုင်ရာအထူးလုပ်ငန်းများကို မိမိတို့စတင်ပြုလုပ်နိုင်ကြောင်း ဆိုက်ပရပ်စ်သို့ရောက်ရှိနေသော ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖော်လွန်က ပြောကြားသည်။

မိမိတို့၏တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးသက်သက်ကိုသာ ဆောင်ရွက်မည်မဟုတ်ဘဲ အီရတ်ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက်ပါ ဆောင်ရွက်သွားဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

ဗြိတိန်နိုင်ငံသည် အီရတ်နိုင်ငံမြောက်ပိုင်း၌နေထိုင်သော ယာဇီဒီဒုက္ခသည်များအား အကူအညီပေးနိုင်ရန် ယင်းနိုင်ငံသို့ တော်နေဒိုးအမျိုးအစား ဂျက်တိုက်လေယာဉ်များကို စေလွှတ်ပေးခဲ့သည်။ ယင်းလေယာဉ်များသည် ယခုအခါ အိုင်အက်စ်စစ်သွေးကြွများ၏ပစ်မှတ်များကို လေ့လာလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ဗြိတိန်လေတပ်သည် အီရတ်နိုင်ငံတစ်ဝန်းရှိ အိုင်အက်စ် စစ်သွေးကြွတို့၏ တည်နေရာများကို ရှာဖွေဖော်ထုတ်နိုင်ရန် ထောက်လှမ်းရေးသတင်းအချက်အလက်များ ရယူစုဆောင်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

ပါရီမြို့တွင် ဆော်ဒီမင်းသားပိုင်ယာဉ်တန်းအား လက်နက်ကိုင်များ စီးနင်းတိုက်ခိုက်

ပါရီ   ဩဂုတ်   ၁၈

လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့်လူများက ဆော်ဒီအာရေဗျနိုင်ငံမှ မင်းသားတစ်ဦးပိုင်ယာဉ်တန်းအား စီးနင်းကာ ယူရိုငွေ ၂၅၀၀၀၀ (ပေါင် ၂၀၀၀၀၀၊ အမေရိကန်ဒေါ်လာ ၃၃၀၀၀၀)ကို လုယက်သွားကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါယာဉ်တန်းသည် ဩဂုတ် ၁၇ ရက် ညပိုင်းက ပါရီမြို့မြောက်ဘက်ပိုင်းရှိ လေဘောဂျက်လေဆိပ်သို့ ဦးတည်မောင်းနှင်စဉ် စီးနင်းတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါယာဉ်တန်းအား လုယက်သူများက ငွေကြေးနှင့် စာရွက်စာတမ်းများတင်ဆောင်လာသော မော်တော်ယာဉ်အား သိမ်းယူပြီး ယာဉ်မောင်းနှင့် အခြားလူနှစ်ဦးအား နောက်ပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့သည်။

အဆိုပါမော်တော်ယာဉ်တန်းမှာ ပါရီမြို့ရှိ ဆော်ဒီအာရေဗျနိုင်ငံ သံရုံးမှထွက်ခွာလာကြောင်း သတင်းများထွက်ပေါ်ပြီး တိုက်ခိုက်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိပေ။ ယင်းယာဉ်တန်းအား လုယက်သူများသည် ကလက်ရှ်နီကော့ဗ်အမျိုးအစား ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားပြီး ၎င်းတို့ပစ်မှတ်အဖြစ် သတ်မှတ်ထားသော မာစီဒီးမှန်လုံယာဉ်ငယ်အား ဒေသစံတော်ချိန် ည ၉ နာရီ ၁၅ မိနစ် တွင် ပါရီမြို့တော် မြို့ပတ်လမ်းစီးနင်းခဲ့ခြင်းဖြစ်ပြီး ယင်းမှာ မြို့စွန်ဒေသတွင် တည်ရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

ဘီဘီစီ။

ယူကရိန်းအရှေ့ပိုင်းဒေသ တိုက်ခိုက်မှုများ၌ ဒုံးကျည်လက်နက် ပစ်ခတ်မှုများကို တွေ့ရစဉ်။

ယူကရိန်းဒုက္ခသည်ယာဉ်တန်း ဒုံးကျည်ထိမှန်

ကီယက်ဗ်   ဩဂုတ်   ၁၈

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း လူဟန့်စ်မြို့ဒေသတွင် ရွှေ့ပြောင်းထွက်ခွာလာသည့် ဒုက္ခသည်များ၏ ယာဉ်တန်းတစ်ခုအား ဒုံးကျည်နှင့် စိန်ပြောင်းကျည်များ ထိမှန်ခဲ့ခြင်းကြောင့် လူအများအပြား သေဆုံးခဲ့ရကြောင်း ယူကရိန်းစစ်ဘက်က ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

နိုဗိုဆာဗီတီဗာက ကျေးရွာအနီး၌ ဖြစ်ပွားခဲ့သော ယင်းဖြစ်စဉ်အတွက် ယူကရိန်းအစိုးရက ရုရှားလိုလားသော ခွဲထွက်ရေးလှုပ်ရှားသူများအား ပြစ်တင်ပြောကြားခဲ့သော်လည်း ယင်းတိုက်ခိုက်မှုအား ၎င်းတို့မပြုလုပ်ခဲ့ကြောင်း ရုရှားလိုလားသော ယူကရိန်းခွဲထွက်ရေးသမားများက ငြင်းဆိုခဲ့သည်။

ဖြစ်ပွားခဲ့

ယူကရိန်း ခွဲထွက်ရေးသမားများက ထုတ်ပြန်သော သတင်းများအရ အဆိုပါဒေသတွင် ၎င်းတို့၏တပ်ဖွဲ့များနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့များအကြား ပြင်းထန်သော အမြောက်လက်နက် ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ရုရှားလိုလားသည့် ယူကရိန်းခွဲထွက်ရေးသမားများ လက်ဝယ်ရှိ လူဟန့်စ်မြို့ ဆင်ခြေဖုံးဒေသများသို့ ယူကရိန်းအစိုးရတပ်ဖွဲ့များက တိုက်ခိုက်ချီတက်လျက်ရှိကြောင်းနှင့် လူဟန့်စ်မြို့မှာ ခွဲထွက်ရေးသမားများအတွက် အခြေခံထောက်ပံ့လှုပ်ရှားရေးစခန်းတစ်ခုဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရုရှားက စစ်လက်နက်ပစ္စည်းများ ထောက်ပံ့မှုရှိနေသည့် ယူကရိန်းစစ်သွေးကြွများက ယူကရိန်းဒုက္ခသည်များယာဉ်တန်းကို စိန်ပြောင်းများနှင့် ဂရက်ဒုံးကျည်များဖြင့် ယူကရိန်းနိုင်ငံ အရှေ့ပိုင်း လူဟန့်စ်မြို့ပြင်လမ်းမများတွင် ပစ်ခတ်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်ပြောရေး ဆိုခွင့်ရှိသူ အင်ဒရီလိုင်စင်ကိုက ပြောကြားသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးရသူများအထဲတွင် အမျိုးသမီးများနှင့် ကလေးငယ်များလည်း ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘီဘီစီ။

မောင့်ဘလန့်တောင် တက်စဉ် တောင်တက်သမားနှစ်ဦးနှင့် လမ်းပြသေဆုံး

ဂရီနိုဘယ်လ်   ဩဂုတ်   ၁၈

အဲလ်ပ်တောင်တန်းရှိ အမြင့်ဆုံးတောင်တစ်လုံးဖြစ်သော မောင့်ဘလန့်တောင်၌ တောင်တက်သမားနှစ်ဦးနှင့် ၎င်းတို့၏ တောင်တက်လမ်းပြတစ်ဦးတို့ မီတာ ၈၀၀ အမြင့်မှ လိမ့်ကျခဲ့ကြရာ သုံးဦးစလုံးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

မောင်ဘလန့်တောင်၏ တောင်ထွတ်ပေါ်သို့ တက်ရောက်ကြစဉ် အပန်းဖြေနားနေမည့်စခန်းသို့ သွားရောက်ချိန်အတွင်း ကုန်းတန်းတစ်နေရာမှ ချော်ကျကာ သေဆုံးခဲ့ရသည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တောင်တက်သမားများနှင့် တောင်တက်လမ်းပြတို့ သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဥရောပ၏ အမြင့်ဆုံးတောင်ဖြစ်သော မောင့်ဘလန့်တောင်၏ အီဂွီလီဒူမီဒီတောင်ထွတ်အနီး ဩဂုတ် ၁၇ရက် ညက တောင်တက်သမားများနှင့် တောင်တက်လမ်းပြတို့ သေဆုံးခဲ့ရပြီးနောက် ကယ်ဆယ်ရေးအဖွဲ့က ၎င်းတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ရသည်။

ရိုက်တာ။

အမေရိကန် အာကင်ဆောပြည်နယ်၌ ကုန်ရထားနှစ်စင်းတိုက်မိ နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

ဝါရှင်တန်   ဩဂုတ်   ၁၈

အမေရိကန်ပြည်ထောင်စု အာကင်ဆောပြည်နယ်၌ ဩဂုတ် ၁၇ ရက်က ကုန်တင်ရထားနှစ်စင်း တိုက်မိမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

တစ်တွဲမီးလောင်

အာကင်ဆောပြည်နယ်အရှေ့မြောက်ပိုင်း ဟိုဖိုင်းမြို့အနီး၌ ကုန်တင်ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွားခြင်းဖြစ်သည်။ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့မှာ ရထားဝန်ထမ်းများဖြစ်ကြသည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ ဩဂုတ် ၁၇ ရက် နံနက် ၃ နာရီခန့်က ရထားတိုက်မိမှုဖြစ်ပွားပြီးနောက် ရထားတွဲတစ်တွဲမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ အရက်တင်ဆောင်လာသောတွဲမှ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဘေးအန္တရာယ်လုံခြုံရေးဌာနက ပြောကြားသည်။

ရွှေ့ပြောင်းပေးရ

ရထားတိုက်မိသည့်နေရာမှ ၁ ဒသမ ၅ မိုင်ပတ်လည် အကွာအဝေးအတွင်း လူနေဒေသမှ ပြည်သူ ၅၀၀ ခန့်ကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း၊ အဆိပ်အတောက်ဖြစ်စေနိုင်သောဓာတ်ငွေ့များ ပျံ့နှံ့မှုရှိနိုင်သောကြောင့် ဒေသခံများအား ရွှေ့ပြောင်းပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရထားတိုက်မှုဖြစ်ပွားပြီးနောက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဘေးအန္တရာယ်လုံခြုံရေးဌာနက စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိသည်။ မတော်တဆမှု ဖြစ်ပွားခဲ့သော ရထားနှစ်စင်းစလုံးမှာ ယူနီယံပစိဖိတ်ရထားလုပ်ငန်း ကုမ္ပဏီမှဖြစ်ကြသည်။ **ရိုက်တာ။**

အမေရိကန်ပြည်ထောင်စု အာကင်ဆောပြည်နယ်၌ ကုန်ရထားနှစ်စင်း တိုက်မိပြီးနောက် တွေ့ရစဉ်။

သာစည်-ရွှေညောင် ဆီလုံးရထားတွဲချော် ဓာတ်ဆီများ ယိုဖိတ်

နေပြည်တော် ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး သာစည်ဘူတာမှထွက်ခွာလာသော အမှတ်(၈၀၃)အဆန် သာစည်-ရွှေညောင် ဆီလုံးရထားသည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲခန့်က သာစည်မြို့နယ် ပျဉ်ညောင်ဘူတာနှင့်ရေပူဘူတာကြား မိုင်တိုင်အမှတ် (၃၃၄/၁၅-၁၇)အရောက်တွင် တွဲအမှတ် TBPHTV 50513 မှာ လမ်းချော်ပြီး ၂၀ ဒီဂရီခန့်တိမ်းစောင်းကာ ယင်းရထားတွဲ၏ ဆီထုတ်ပေါက်(ရှပ်တိုင်) ကျိုးသွားသဖြင့် ဓာတ်ဆီဂါလန် ၃၈၀၀ ခန့် ယိုဖိတ်ခဲ့သည်။

ရထားတွဲချော်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရထားလမ်းပိုင်းအား ခေတ္တပိတ်ထားပြီး သာစည်မြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ဘီးချော်သည့် ရထားတွဲအား မတင်ခဲ့ရာ ဩဂုတ် ၁၈ ရက် နံနက် ၃ နာရီ ၅၅ မိနစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

မြွေမျိုးစုံ တရားမဝင်သယ်ဆောင်လာသူများအား အရေးယူ

နေပြည်တော် ဩဂုတ် ၁၈

အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ပလွေးအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၄ နာရီက သက်သေများနှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၀၁/၆)ရှိ နေပြည်တော်တိုးဂိတ်တွင် ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ရှမ်းပြည်နယ် မူဆယ်မြို့နေ မောင်ဇော် မောင်းနှင်လာသည့် ၆ယ/--- မတ်တူးအဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် မောင်ဇော်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ခုန်မုန်ရွာနေ အားချန်(၂၀)နှစ်နှင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာနေ တင်မာ (၅၁)နှစ်တို့အား တရားမဝင်သယ်ဆောင်လာသော မြွေပွေး၊ မြွေဟောက်၊ လင်းမြွေများထည့်ထားသည့် တစ်အိတ်လျှင် အလေးချိန် ငါးပိဿာခန့်စီပါ အဝတ်အိတ် ၂၂ အိတ်နှင့်အတူ**(အပေါ်ပုံ)** တွေ့ရှိရသောကြောင့် ၎င်းတို့သုံးဦးအား ပလွေးအမြန်လမ်းရဲစခန်းက တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်နေသူ မောင်ဇော်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကိုရဲ)**

လားရှိုးနှင့် မောင်တောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၈

ဩဂုတ် ၁၆ ရက်တွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နားဖကျေးရွာအဝင် လားရှိုး-မိုင်းယော်သွားကားလမ်းတွင် မိုင်းယော်ကျေးရွာမှ လားရှိုးမြို့ဘက်သို့ စိုင်းခမ်းလူ မောင်းနှင်လာသည့် TOYOTA Hilux Surf KZN 185 အားရှာဖွေရာ ယာဉ်ခေါင်မိုးပေါ်ရှိ ကတ်ခြံကိုင်း နှစ်ကိုင်းအတွင်းမှ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ စက်ခန်း IC Box အတွင်းမှ ခတ်ခူး ၁၁ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ လားရှိုးမြို့နယ်မြေ(၃) ရပ်ကွက်(၁၂) သိန်းနီလမ်းရှိ စိုင်းခမ်းလူ၏နေအိမ်အား ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းဗီရိုပေါ်မှ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ ပြား စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၇၄ ပြားနှင့် ဘိန်းဆီခဲ ၄၀ ဂရမ်ထပ်မံသိမ်းဆည်းရမိသဖြင့် စိုင်းခမ်းလူ(၃၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဩဂုတ် ၁၇ ရက်က နယ်ခြားလုံခြုံရေးတပ်ဖွဲ့ခွဲ(၁)မောင်တောမှ တပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ကြိမ်ချောင်း-တောင်ပြို(ဝဲ)ကားလမ်းမပေါ်တွင် ကြိမ်ချောင်းဘက်မှ တောင်ပြို(ဝဲ)ဘက်သို့ နော်ဂျူမူ အိစ္စလာမ် မောင်းနှင်ပြီး ဆော်ဒူလာမင် စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဆော်ဒူလာမင်၏ ပုဆိုးခါးကြားမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ သိမ်းဆည်းရမိသဖြင့် နော်ဂျူမူအိစ္စလာမ်(၁၈)နှစ်နှင့် ဆော်ဒူလာမင်(၁၉)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



တရားခံ စိုင်းခမ်းလူအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြေတူးနေစဉ် ကမ်းပါးယံပြိုကျ၍ နှစ်ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တွင်း ၃၀ ကျေးရွာရှိ ရွှေဝါတောင်ကုမ္ပဏီအင်းကမ်းပါးယံ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခန့်က ဖြုန်းမြေများတူးနေစဉ် မိုးရွာထားသည့်အရှိန်ဖြင့် ကမ်းပါးပြိုကျ၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း သတင်းအရ သပိတ်ကျင်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာနေ တင့်လွင်(၃၀)နှစ်နှင့် မမိုးရင်(၃၆)နှစ်တို့နှစ်ဦးအား ယာနားသွေးထွက်၊ ဦးခေါင်း/ပခုံးပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသည်။

စစ်ဆေးချက်အရ ရွှေဝါတောင်ကုမ္ပဏီအင်း အမြင့်ခြောက်ပေခန့်ရှိ ကမ်းပါးယံ၌ တင့်လွင်ပါငါးဦးတို့ ဖြုန်းတူးနေစဉ် ကမ်းပါးပြိုကျပြီး ဖြုန်းမြေကျောက်ခဲများပိမှုကြောင့် တင့်လွင်နှင့် မမိုးရင်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းသိရှိရ၍ သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ပျဉ်းမနားတွင် ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ် လုယက်မှုဖြစ်ပွား

ပျဉ်းမနား ဩဂုတ် ၁၈

ပျဉ်းမနားမြို့ ကင်ပွန်းတန်းကျေးရွာအနီးတွင် ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသမီးတစ်ဦးထံမှ နောက်မှနေ၍ ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်လုယူမှုဖြစ်စဉ် ဩဂုတ် ၁၅ ရက် ည ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ကင်ပွန်းတန်းကျေးရွာနေ ဆေးကုမ္ပဏီဝန်ထမ်း မပိုးအိကိုသည် ယင်းနေ့ည ၇ နာရီခွဲခန့်တွင် ပျဉ်းမနားမြို့ ပေါင်းလောင်း(၂) ရပ်ကွက်ရှိ သီရိသုခဆေးခန်းမှ ဆေးဖိုးငွေများ သွားရောက်တောင်းခံပြီး ကင်ပွန်းတန်းကျေးရွာသို့ ၃၆ ယ/--- စူပါကမ်ဘို ၁၂၅ အနက်ရောင်ဆိုင်ကယ်ဖြင့်ပြန်လာခဲ့ရာ မြို့ရှောင်လမ်းအတိုင်း ဘောဂသီရိကားဝင်းဘက်မှ သကြားစက်လမ်းဆုံဘက်သို့ မောင်းနှင်လာစဉ် ကင်ပွန်းတန်းကျေးရွာအနီးအရောက် နောက်မှလိုက်လာသော ဆိုင်ကယ်နှင့်လူမှ ဝဲဘက်ပခုံးတွင် လွယ်ထားသည့် သားရေအိတ်အား ဆွဲလုယူသွားသဖြင့် နောက်မှလိုက်၍ ပိုက်ဆံအိတ်အား ပြန်ပေးရန်အော်ဟစ်စဉ် ယင်းဆိုင်ကယ်နှင့် အမည်မသိသူသည် ဆိုင်ကယ်အား ပြန်လှည့်ပြီး ဘောဂသီရိကားဝင်းဘက်သို့ မောင်းပြေးရာ လမ်းယာဘက်ရှိ ကျောက်တိုင်အားတိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်သွားခဲ့ရာ သတိလစ်နေသည်ကို တွေ့ရှိရပြီး မပိုးအိကိုသည် ပိုက်ဆံအိတ်အား လိုက်လံရှာဖွေရာ မတွေ့ရှိရဘဲ ပျောက်ဆုံးနေသဖြင့် ပိုက်ဆံအိတ်အား လုယူထွက်ပြေးသူအား အရေးယူပေးပါရန် တိုင်ကြားခဲ့ရာ ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝ၅၄)**

စိတ်ကြွရူးသွပ်ဆေးသည်
သင့်ဦးနှောက်ကို
ပျက်စီးစေသည်သာမက
သင့်မိသားစုဘဝကိုပါ
ပျက်စီးစေသည်ကို သတိပြုပါ



နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပြည့်မီအောင် ကြိုးပမ်းလျက်ရှိသည့်ရေနံရှာဖွေရေးအဖွဲ့ များ

ကိုမျိုး(စွမ်းအင်)

ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (Myanmar Oil and Gas Enterprise - MOGE) သည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ထူထောင်ရာတွင် အသက်သွေးကြောတမျှအရေးပါလှသည့် စွမ်းအင်လိုအပ်ချက်အား ဖြည့်ဆည်းပေးရန်အလို့ငှာ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများကို မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ပိုင်းတွင်သာမက ကုန်းတွင်းပိုင်းတွင်လည်း အစဉ်ကြိုးစားရှာဖွေဆောင်ရွက်လျက်ရှိသော ဌာနတစ်ခုဖြစ်ပါသည်။

ထိုသို့ရှာဖွေရာတွင် ရေနံရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး၏ ဌာနခွဲတစ်ခုဖြစ်သော ကျွန်တော်တို့ ဘူမိရူပဗေဒဌာနမှ ဆိုက်စမစ် ရေနံရှာဖွေရေးအဖွဲ့များသည် မိုးတွင်းကာလတွင် မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးဆိုင်ရာ ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပြီး မိုးရာသီအလွန် ပွင့်လင်းရာသီတွင် မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဧပြီ ၃၀ ရက်တွင် ဆိုက်စမစ်အဖွဲ့နှစ်ဖွဲ့သည် လျာထားလိုင်းကီလိုမီတာ ပြည့်မီစွာ တိုင်းတာပြီးစီးခဲ့ပါသည်။

ဆိုက်စမစ်တိုင်းတာနည်းသည် ကမ္ဘာပေါ်တွင် ယခုလက်ရှိတိုင်းတာနေဆဲ အတွင်ကျယ်ဆုံး ခေတ်မီရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးနည်းပညာတစ်ရပ်ဖြစ်ပါသည်။ နှစ်ဖက်မြင်ဆိုက်စမစ်တိုင်းတာခြင်း (2D Seismic) မှသည် သုံးဖက်မြင်ဆိုက်စမစ်တိုင်းတာခြင်း (3D Seismic) အထိ အဆင့်ဆင့် တိုးတက်လာခဲ့ပါသည်။ ကျွန်တော်တို့ဆိုက်စမစ်အဖွဲ့အနေဖြင့် ယခုအချိန်တွင် နှစ်ဖက်မြင် ဆိုက်စမစ်တိုင်းတာခြင်း (2D Seismic) ကိုသာ လုပ်ဆောင်နိုင်ပါသေးသည်။

ဆိုက်စမစ်တိုင်းတာနည်းသည် ငလျင်အသေးစားလေးတစ်ခုကို ယမ်း(သို့မဟုတ်) မြေတုန်စက် (Vibrator) ဖြင့် ဖန်တီး၍ အောက်မြေလွှာကြောများကို ထိရိုက်ပြီး ပြန်လာသော အသံလှိုင်းများကို Geophone များဖြင့် ပြန်ဖမ်းယူကာ ကေဘယ်ကြိုးများမှတစ်ဆင့် Recording Truck ရှိ ကွန်ပျူတာမှ မှတ်တမ်းတင်သည့်နည်းဖြစ်ပါသည်။

လုပ်ဆောင်မှုအနေဖြင့် အကြမ်းဖျင်းရှင်းပြရလျှင် ဆိုက်စမစ်အဖွဲ့တွင် ပါဝင်သော မြေတိုင်းအဖွဲ့က ရှေ့ဦးစွာ လျာထားလိုင်းအတိုင်း အဖြောင့် ၂၅ မီတာခြားစီ ငုတ် ကလေးများရိုက်ရပါသည်။ ထို့နောက် တွင်းတူးအဖွဲ့က Shot holes များတူးပြီး တွင်းအောက်ခြေတွင် ယမ်းထည့်ပါသည်။ မြေတိုင်းအဖွဲ့မှ ရိုက်ထားသောလိုင်းတစ်လျှောက် ကေဘယ်နှင့်Geophone များ ခင်းပါသည်။ Geophone များကို ကေဘယ်ကြိုးနှင့် ချိတ်ဆက်ထားပါသည်။ Recording လုပ်ပုံလုပ်နည်းမှာ Shot များကို ဖောက်တော့မည်ဆိုလျှင် Recording Truck ရှိ ကွန်ပျူတာမှ အဆင်သင့်ဖွင့်ထားကာ အဝေးထိန်းစနစ်ဖြင့် ဖောက်ပါသည်။ Shot Point တစ်ခုမှ ထွက်ပေါ်လာသော အသံလှိုင်းများသည် အောက်မြေလွှာများဆီသို့ရောက်ရှိပြီး အလွှာအသီးသီးမှ ပြန်လာသောအသံလှိုင်းများကို မြေပြင်တွင် စိုက်ထားသော Geophone များမှ ဖမ်းယူကာကေဘယ်ကြိုးမှတစ်ဆင့် Recording Truck ရှိကွန်ပျူတာသို့ ပို့ဆောင်ပေးပါသည်။

အဆိုပါနည်းအတိုင်း Shot Point များကို ဆက်၍ ဖောက်ပါသည်။ ဖမ်းယူရရှိသော Shot Record များကို Tape ဖြင့်ထည့်ပြီး ရုံးချုပ်ရှိ အချက်အလက် တွက်ချက်ပုံဖော်သည့် ဌာနစိတ် (Data Processing Center) သို့ ပေးပို့ပါသည်။ Processing Center မှ Processing Software တွင် ပါဝင်သော Processing Sequences များအသုံးပြုကာ မလိုချင်သည့် Noise များကို ဖျောက်၍ ဆိုက်စမစ် Signals များကို ပို၍ထင်ရှားအောင် ပြုလုပ်ပြီး ဆိုက်စမစ်ကန့်လန့်ဖြတ်ပိုင်းပုံ (Seismic Section) ရအောင် အဆင့်ဆင့်တွက်ချက် ပုံဖော်ရပါသည်။

Data Processing Center မှတွက်ချက်ပုံဖော်ပြီးသော ဆိုက်စမစ်ကန့်လန့်ဖြတ်ပိုင်းပုံများကို Interpretation Workstation တွင်တင်ကာ အဓိပ္ပာယ်ဖော်ဆောင်ခြင်း ဆက်လက်လုပ်ဆောင်ရပါသည်။ သို့မှသာ မြေအောက်ရှိ မြေလွှာများ၏ တည်နေပုံအနေအထားများ၊ ပြတ်ရွေ့များ၊ လွှာတွန့်ခုံးများ၊ဂိုက်ခွာခုံများနှင့် ရေနံခိုအောင်းနိုင်မှု အခြေအနေများကို ခန့်မှန်းတွက်ချက်နိုင်ပြီး မြေအောက်မည်သည့်သဲကြောတွင် ရေနံခိုအောင်းနိုင်သည်၊ အနက်ပေမည်မျှတူးဖော်ရမည်၊ ရေနံခိုအောင်းနိုင်သော ကျောက်လွှာဟုတ် မဟုတ် စသည်တို့ကို သိနိုင်မည်ဖြစ်ပါသည်၊ အမှန်ဆုံးအဖြေရရှိရန် အချိန်အတိုင်းအတာတစ်ခုတော့ ယူရပါသည်။ ဤကား ဆိုက်စမစ်တိုင်းတာခြင်း၏ လုပ်ငန်းအကျဉ်းချုပ်ဖြစ်ပါသည်။

ကျွန်တော်ပါဝင်သော ရေနံရှာဖွေရေးဆိုက်စမစ်အဖွဲ့ (၁)သည်ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း



ဆိုက်စမစ်ကန့်လန့်ဖြတ်ပိုင်းပုံ။



ဆိုက်စမစ်တိုင်းတာခြင်းသရုပ်ဖော်ပုံ။

ရှိ မြင်းကကုန်း(တောင်)ဧရိယာတွင် ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို ၂၉-၁၂-၂၀၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လျာထားလိုင်းကီလိုမီတာ ၂၁၀ ဒသမ ၈၁ ကို ခန့်မှန်း ၃၀-၄-၂၀၁၄ ရက်တွင် ပြီးစီးနိုင်အောင် ကြိုးစားလုပ်ဆောင်ခဲ့ရာ ရည်မှန်းထားသည့်အတိုင်း ၃၀-၄-၂၀၁၄ ရက်တွင် စုစုပေါင်းရှော့ပွိုင့် ၄၃၆၂ (၁၆လိုင်း) အတွက် လိုင်းကီလိုမီတာ ၂၁၀ ဒသမ ၈၁ ကီလိုမီတာ တိုင်းတာပြီးစီးခဲ့သည့်အတွက် ဆိုက်စမစ်အဖွဲ့ (၁)၏ လုပ်ငန်းပြီးစီးမှုသည် ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ပါသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်တော်တို့အဖွဲ့(၁)သည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် ခေတ္တအခြေပြု ဆောင်ရွက်ခဲ့ပါသည်။ ဆိုက်စမစ်လိုင်းများတိုင်းတာရာတွင် ကျေးရွာများ၊ ကျေးရွာပိုင် လယ်ယာမြေများကို ဖြတ်သန်းရပါသဖြင့် သီးနှံလျော်ကြေးများလည်း ပေးချေရပါသည်။ သို့သော် ဆိုက်စမစ်အဖွဲ့ (၁)အနေဖြင့် အတတ်နိုင်ဆုံး ပျက်စီးမှုနည်းနိုင်သမျှ နည်းအောင် တိုင်းတာခဲ့သလို စိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးချိန်နှင့်လည်း တိုက်ဆိုင်နေပါသဖြင့် လိုင်းအမှတ် M14-MKG-09 ၏ အဖျားပိုင်း ပျဉ်ဘိုးကြီးကျေးရွာအုပ်စုနှင့် ယာယီအခြေစိုက်စခန်းတည်ရှိရာ စက်ဆန်းကျေးရွာအတွင်းမှ သီးနှံစိုက်ခင်း အနည်းငယ်မှလွဲ၍ ကျန်ရှိနေရာများတွင် ပျက်စီးမှုမရှိခဲ့ပါ။ ထိုသို့ မလွဲမရှောင်သာပျက်စီးခဲ့သော သီးနှံစိုက်ခင်းပိုင်ရှင်များအား (တစ်ဦးချင်းဆီသို့) ပေးလျော်ရမည့် သီးနှံလျော်ကြေးငွေစုစုပေါင်း ၂၄၇၅၉၀ ကျပ်ကိုလည်း အဖွဲ့တာဝန်ခံအရာရှိက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ကော်မတီအဖွဲ့ဖြင့် ယခုနှစ် ဧပြီ ၂၈ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အလားတူ ရေနံရှာဖွေရေးဆိုက်စမစ်အဖွဲ့ (၂) သည်လည်း ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မအူပင် (တောင်/အနောက်) ဧရိယာတွင် ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို ၂၉-၁၂-၂၀၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လျာထားလိုင်း ကီလိုမီတာ ၂၀၀ ဒသမ ၅၅ ကို ခန့်မှန်း ၃၀-၄-၂၀၁၄ ရက်တွင် ပြီးစီးနိုင်အောင်ကြိုးစားလုပ်ဆောင်ခဲ့ရာ ၂၈-၄-၂၀၁၄ ရက်တွင် စုစုပေါင်းရှော့ပွိုင့် ၃၉၉၀ (၁၉ လိုင်း) အတွက် လိုင်းကီလိုမီတာ ၂၀၀ ဒသမ ၅၅ ကီလိုမီတာတိုင်းတာပြီးစီးခဲ့သည့်အတွက် ဆိုက်စမစ်အဖွဲ့(၂)၏ လုပ်ငန်းပြီးစီးမှုသည် နှစ်ရက်စော၍ ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆိုက်စမစ်အဖွဲ့(၂)သည် မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ တွင် ခေတ္တအခြေပြု၍ ဆောင်ရွက်ခဲ့ပါသည်။ မအူပင် (တောင်/အနောက်) ဒေသတွင် တိုင်းတာခဲ့သော ဆိုက်စမစ်လိုင်း ၁၉ လိုင်းလုံးတွင် သီးနှံလျော်ကြေး အနည်းနှင့်အများ ပေးချေရန်ရှိလာပါသည်။ သို့ဖြစ်၍ အခြေစိုက်စခန်းမြေနေရာနှင့် ယာယီယမ်းတိုက်မြေနေရာအပါအဝင် သီးနှံလျော်ကြေးငွေများကို စာရင်းပြုစု၍ ပေးချေနိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

ဤသို့ ဆိုက်စမစ်အဖွဲ့ (၁) နှင့် (၂) တို့မှ မြင်းကကုန်း (တောင်)နှင့် မအူပင်(တောင်/အနောက်) ဧရိယာ နှစ်ခုတွင် တိုင်းတာပြီးစီး၍ ပေးပို့လိုက်သောဆိုက်စမစ်လိုင်း ၃၅ လိုင်း (ကီလိုမီတာ ၄၁၁ ဒသမ ၃၆)ရှိ Field Data များကို နေပြည်တော်ရုံးချုပ်ရှိ Data Processing Center မှ အဆင့်ဆင့်တွက်ချက်ကာ ဆိုက်စမစ်ကန့်လန့်ဖြတ်ပိုင်းပုံများ ရရှိသည်အထိ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဆိုက်စမစ်လိုင်း ၁၃ လိုင်း လုံးဝပြီးစီးခဲ့ပါသည်။ ထိုပြီးစီးသွားသော ဆိုက်စမစ်လိုင်းများကို Interpretation Workstation သို့ဆက်လက်ပေးပို့ကာ အလားအလာကောင်းသော prospect နေရာများတွေ့ရှိနိုင်ရန် အဓိပ္ပာယ်ဖော်ဆောင်ခြင်း (Interpretation) လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပါသည်။

ကျွန်တော်တို့ ကွင်းဆင်းရေနံရှာဖွေရေး ဆိုက်စမစ်အဖွဲ့များအနေဖြင့် ယခုလိုပွင့်လင်းရာသီတွင် လယ်ယာ၊ ချောင်း၊ မြောင်းပေါများလှသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ သဘာဝပတ်ဝန်းကျင်နှင့် တောင်သူလယ်သမားများ၏ လယ်ယာမြေများ ပျက်စီးနိုင်မှု အနည်းဆုံးဖြစ်အောင်၊ နိုင်ငံတော်အတွက် လိုအပ်နေသည့် စွမ်းအင်ကိုလည်း ရှာဖွေနိုင်အောင် အလားအလာကောင်းသော ရေနံမြေသစ်များ တွေ့ရှိနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ လျာထားလိုင်း ၃၅ လိုင်း (ကီလိုမီတာ ၄၁၁ ဒသမ ၃၆) ကို ယခုနှစ် ဧပြီ ၃၀ ရက်တွင် ၁၀၀ ရာခိုင်နှုန်းပြည့် အောင်မြင်စွာပြီးစီးခဲ့ပါသည်။

ဌာနအနေဖြင့် ကျန်ရှိနေသော သီးနှံလျော်ကြေးကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရပြီး ယခုမိုးရာသီတွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံဒေသ (RSF- 8) သို့ ကျွန်တော်တို့ ဆိုက်စမစ်အဖွဲ့နှစ်ဖွဲ့လုံး ပြောင်းရွှေ့၍ ရေနံရှာဖွေရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပါကြောင်း နိုင်ငံတော်အတွက် ကျွန်တော်တို့ဌာန၏ ဆောင်ရွက်နေမှုအခြေအနေကို သိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် ဥတ္တရသီရိမြို့နယ်ရှိ ဧက ၉၀၀ တောင်သူပညာပေးစိုက်ကွင်း၌ (၃၆)ကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးများ အဆင့် အစည်းအဝေးတက်ရောက်လာမည့် ဧည့်သည်ဝန်ကြီးများအား ကြိုဆိုသည့် မုခ်ဦးတည်ဆောက်ပြီးစီးမှုနှင့် မုခ်ဦးအဝင် ကွန်ကရစ်လမ်းမကြီး အဆင့်မြှင့်တင်တည်ဆောက်နေမှုများကို စစ်ဆေးသည်။

ဆက်လက်၍ မုခ်ဦးအနီးရှိ အော်ဂဲနစ်သဘော်စိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ဘူးစိုက်ခင်း၊ နာနတ်စိုက်ခင်း၊ ပြောင်းစိုက်ခင်း၊ စပ်မျိုးခရမ်းစိုက်ခင်း၊ ငရုတ်ရှည်စိုက်ခင်းနှင့်ဖရဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငွေချည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါဂွမ်းစိုက်ခင်းနှင့် တောင်သူပညာပေး ကြံစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ်ရှိ နဂါးမောက်စိုက်ခင်း(အပေါ်ပုံ)၊ကန်စွန်းဥနီစိုက်ခင်း၊ နေကြာနှင့် ပိန်းဥစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရေကူးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်အတူ ခရိုင်ပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရအသင်းအား တံခွန်စိုက်ဆုကို ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရအသင်းအား တံခွန်စိုက်ဆုကို ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုသိမ် ကန်သာယာရေကူးကန်၌ ကျင်းပသော ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ရေကူးပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မမေပြည့်စုံအောင်နှင့် မန္တလေးတိုင်းဒေသကြီးမှ လေမောင်သိန်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများအား ရန်ကုန်မြို့၌ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ သေနတ်ပစ်၊ ဟော်ကီ၊ စစ်တုရင်နှင့် အေရိုးဗစ်ပြိုင်ပွဲများ၊ စစ်ကိုင်းတိုင်းဒေသကြီး၌ စက်တင်ဘာ ၇ ရက်မှ ၁၂ ရက်အထိ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စက်ဘီးအားကစား နည်းပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/ ၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ဖော်ပြခြင်း ဖြစ်ပါသည်။

ပြည်ပသို့ဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ တာဝန်ဖြင့်စေလွှတ်ခြင်းနှင့် ပညာလေ့လာဆည်းပူးစေခြင်း

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း(၁၁)တွင် ပြည်ပသို့ ဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ တာဝန်ဖြင့်စေလွှတ်ခြင်းနှင့် ပညာလေ့လာဆည်းပူးစေခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၄၈ မှ နည်းဥပဒေ ၁၅၁ အထိသတ်မှတ်ပြဋ္ဌာန်းထားရှိရာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၁၄၈။ ဝန်ထမ်းတစ်ဦးကို ရာထူးအလျောက် တာဝန်များ ထမ်းဆောင်ရန်ဖြစ်စေ၊ အထူးတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်ဖြစ်စေ၊ ပညာလေ့လာဆည်းပူးရန်ဖြစ်စေ ပြည်ပသို့ စေလွှတ်နိုင်သည်။

နည်းဥပဒေ ၁၄၉။ ပြည်ပသို့တာဝန်ဖြင့် သွားရောက်သည့်ကာလနှင့် ပညာသင်ကြားသည့်ကာလကို သတ်မှတ်ရာတွင် ယင်းဝန်ထမ်း မြန်မာနိုင်ငံမှ ထွက်ခွာသည့်နေ့ရက်ကို ပြည်ပသို့ တာဝန်ဖြင့်သွားရောက်သည့်ကာလစသည်ဟု မှတ်ယူရမည်။ ယင်းဝန်ထမ်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်နေ့ရက်ကို ပြည်ပသို့ တာဝန်ဖြင့်သွားရောက်သည့်ကာလ ပြီးဆုံးသည်ဟုမှတ်ယူရမည်။

နည်းဥပဒေ ၁၅၀။ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ပညာဆက်လက်သင်ကြားရန်(သို့မဟုတ်)လုပ်ငန်းဆိုင်ရာ လေ့ကျင့်မှုများရယူရန် ရွေးချယ်စေလွှတ်ခြင်းခံရသော ဝန်ထမ်း၏ပညာသင်ကာလတစ်ခုလုံးကို အချိန်ပြည့်တာဝန်ထမ်းဆောင်နေသည့်ကာလအဖြစ် သတ်မှတ်ရမည်။ ထို့အပြင် ပညာသင်ကာလကို အကန့်အသတ်မထားဘဲ ထိုကာလတစ်လျှောက်လုံးတွင်(နှစ်တိုးအပါအဝင်) လစာအပြည့်ခွင့်ပြုရမည်။

နည်းဥပဒေ ၁၅၁။ ပြည်ပသို့တာဝန်ဖြင့်သွားရောက်နေသည့် ကာလအတွက် လစာကိုပြည်ပသို့မသွားရောက်မီက ခံစားရရှိနေသည့်နှုန်းအတိုင်း ပြည်တွင်း၌ ကျပ်ငွေဖြင့်ခံစားခွင့်ရှိသည်။ ပြည်ပ၌ရှိစဉ် ပြည်တွင်းတွင် ရာထူးတိုးမြှင့်ခံထားခြင်းခံရပါက ယင်းသို့တိုးမြှင့်ခံထားသည့် ရာထူးလစာကို တိုးမြှင့်ခန့်ထားသည့်နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်။

ခွင့်ကာလ၊ ကူးပြောင်းချိန်ကာလနှင့် ရုံးပိတ်ရက်များ ဆက်စပ်ခံစားခွင့်ပြုခြင်း

၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၁၃)တွင် ခွင့်ကာလ၊ ကူးပြောင်းချိန်ကာလနှင့် ရုံးပိတ်ရက်များ ဆက်စပ်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၅၈ မှ နည်းဥပဒေ ၁၅၉ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၁၅၈။ ခွင့်စတင်သည့်နေ့ရက်၏ ရှေ့၌ ရုံးပိတ်ရက်တစ်ဆက်တည်းရှိနေခဲ့လျှင် ယင်းခွင့်ခံစားသည့် ဝန်ထမ်းကို ရုံးပိတ်ရက်မစမီနေ့ရက်၏ မွန်းလွဲပိုင်းတွင် ရာထူးတည်ရာဒေသမှ ထွက်ခွာခွင့်ပြုနိုင်သည်။ ခွင့် သို့မဟုတ် ကူးပြောင်းချိန်ကုန်ဆုံးသည့် နေ့ရက်၏နောက်တွင် ရုံးပိတ်ရက်တစ်ဆက်တည်းရှိနေခဲ့လျှင် ထိုရုံးပိတ်ရက်ကုန်ဆုံးသည့်နေ့ရက်၏ နောက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်တာဝန်များကို ပြန်လည်ထမ်းဆောင်ခွင့်ပြုနိုင်သည်။ သို့ရာတွင်-

(က) ဝန်ထမ်းကိုပြောင်းရွှေ့ခြင်း သို့မဟုတ် အလုပ်သို့ဝင်ရောက်ခြင်းပြုရာ၌ ဌာနဆိုင်ရာ ငွေကြေးများကို လွှဲပြောင်းပေးရန် သို့မဟုတ် လက်ခံယူရန် လိုအပ်မှုမရှိသည့်ကိစ္စဖြစ်ရမည်။

(ခ) ဝန်ထမ်းသည် အလုပ်တာဝန်မှစော၍ထွက်ခွာခြင်းကြောင့် အခြားတစ်နေရာမှ ဝန်ထမ်းတစ်ဦးကို ယင်းထွက်ခွာသွားသူ ဝန်ထမ်း၏ တာဝန်များအား ထမ်းဆောင်ရန် စော၍ပြောင်းရွှေ့ရခြင်း မဖြစ်စေရ။

(ဂ) ဝန်ထမ်းသည် အလုပ်သို့ဝင်ရောက်မှုနောက်ကျခြင်းကြောင့် ယင်းဝန်ထမ်းမရှိသည့် ကာလအတွင်း ယင်းဝန်ထမ်း၏ တာဝန်များကို ဆောင်ရွက်ပေးနေရသည့်ဝန်ထမ်းအား အခြားတစ်နေရာသို့ပြောင်းရွှေ့ရန် နောက်ကျခြင်း မဖြစ်စေရ။

နည်းဥပဒေ ၁၅၉။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကဖြစ်စေ၊ ခွင့်ပေးပိုင်ခွင့်ရှိသူကဖြစ်စေ ရုံးပိတ်ရက်ကို ခွင့် သို့မဟုတ် ကူးပြောင်းချိန်နှင့် ဆက်စပ်ခံစားသည့်ကိစ္စများနှင့် စပ်လျဉ်း၍-

(က) ရုံးပိတ်ရက် သို့မဟုတ် ရုံးပိတ်ရက်များ၏နောက်နေ့ရက်မှစ၍ ခွင့်ယူလျှင် ခွင့်ကာလ၊ ခွင့်လစာနှင့် စရိတ်တို့ကို ယင်းခွင့်ယူသည့်နေ့ရက်မှစ၍ တွက်ချက်ရမည်။

(ခ) ခွင့် သို့မဟုတ် ကူးပြောင်းချိန်၏နောက်တွင် ရုံးပိတ်ရက် သို့မဟုတ် ရုံးပိတ်ရက်များ တစ်ဆက်တည်းရှိနေလျှင် ယင်းခွင့် သို့မဟုတ် ကူးပြောင်းချိန်သည် ရုံးပိတ်ရက် သို့မဟုတ် ရုံးပိတ်ရက်များ၏ရှေ့ရက်တွင် ကုန်ဆုံးသည်။ လစာ၊ စရိတ်တို့ကိုလည်း ယင်းရက်မှစ၍ ခွင့်ပြုရမည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ဥပဒေအတိုင်ပင်ခံကုမ္ပဏီ JTJB ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၈

စင်ကာပူနိုင်ငံအခြေစိုက် Joseph Tan Jude Benny LLP နှင့် ပူးပေါင်းဆောင်ရွက်မည့် JTJB Myanmar ဥပဒေအတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် တာဝန်ရှိသူများက ကုမ္ပဏီ ဆိုင်းဘုတ်အား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် JTJB Myanmar ဒါရိုက်တာ Mr. Dato' Jude Benny က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

JTJB Myanmar မှ ဥပဒေဆိုင်ရာ အကြံပေးလုပ်ငန်းများ သဘောတူစာချုပ် ချုပ်ဆိုခြင်း အစရှိသည်တို့ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ SMEs Development Department(Yangon) အမှတ် (၃၅ ဘီ၊ ၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်က Promoting Entrepreneurship and Innovative SMEs ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် SME လုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်ထွန်း လူထုဗဟိုပြုစီမံကိန်း ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းများပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **လူထုဗဟိုပြုစီမံကိန်းမှ**

ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် ပြည်သူဗဟိုပြုကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်မြေအနှံ့အပြားကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်ကောင်းများကိုလည်း ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။

ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသူများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘက်စုံစီမံကိန်းများကို အဆိုပါ မူဘောင်ပါလမ်းညွှန်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ပြီး ဖွံ့ဖြိုးရေးအသီးအပွင့်များကို လူထုလက်ထဲသို့ အမြန် ထည့်ပေးရန်လိုအပ်ပါကြောင်း၊ သမားရိုးကျချဉ်းကပ်မှု နည်းလမ်းများအစား နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်မှသာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှု ရေရှည်တည်တံ့ ခိုင်မြဲစေမည်ဟု ယုံကြည်သည့်အတွက် ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများရယူပြီး ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လူထုဗဟိုပြုစီမံကိန်းသည် လူထုကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲ အကဲဖြတ်ခြင်းဖြင့် ရရှိလာသည့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို တိုက်ရိုက်အကျိုးခံစားရစေမည့် ဖွံ့ဖြိုးရေးချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်း၏ အဓိက လက္ခဏာများမှာ လူထုကိုယ်တိုင် အကောင်အထည်ဖော်ပြီး ကိုယ်တိုင် အကျိုးခံစားရခြင်း၊ စီမံကိန်းရေးဆွဲချိန်ကစပြီး စောင့်ကြည့်အကဲဖြတ်သည့် အဆင့်များအထိ လူထု လူတန်းစားပေါင်းစုံ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခွင့်ရခြင်း၊ ဘဏ္ဍာငွေကို လူထုသို့ တိုက်ရိုက် ထောက်ပံ့ပေးပြီး လူထုကစီမံခန့်ခွဲခြင်း၊ ဒေသအစိုးရများနှင့် ဒေသခံ လူထုပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ဖော်ဆောင်ပေးပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ စီမံကိန်းစက်ဝန်းတစ်လျှောက် လူထုအားကူညီထောက်ပံ့ပေးခြင်း၊ စဉ်ဆက်မပြတ်လေ့လာသင်ယူရင်း စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်ကာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများဖွံ့ဖြိုးလာစေခြင်း၊ ကျား၊ မ တန်းတူညီမျှသောအလေ့အထ ဖွံ့ဖြိုးစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်စနစ် အဓိက ပါဝင်ခြင်းတို့ဖြစ်ပါကြောင်း။

စီမံကိန်းကျေးရွာ အုပ်စုတစ်ခုလျှင် ခန့်မှန်းကျပ်သန်း ၂၄၀ ကို သုံးနှစ် ဆက်တိုက်ထောက်ပံ့ပြီး ကျေးရွာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများ ပြည်သူများကိုယ်တိုင် ဆောင်ရွက်စေခဲ့သည့်အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာသကဲ့သို့ ကျေးလက်နေ ပြည်သူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို စုပေါင်းညှိနှိုင်း အဖြေရှာပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်များ ရရှိလာခဲ့ပါကြောင်း၊ အထူးသဖြင့် အများပိုင်ရန်ပုံငွေကို ရှင်းလင်းမြင်သာမှုရှိစွာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စီမံခန့်ခွဲတတ်သည့် အလေ့အကျင့်ကောင်းများသည် ကျေးလက်နေ ပြည်သူများကြား ကိန်းအောင်းလာခဲ့သည်မှာ စီမံကိန်း၏အဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များပင်ဖြစ်ပါကြောင်း။

ဗဟိုဦးစီးခန့်ခွဲမှုစနစ်ကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ ပြည်သူဗဟိုပြု စီမံခန့်ခွဲမှုစနစ်ကို စတင်ကျင့်သုံး ဆောင်ရွက်ခဲ့ရာတွင် အရာရာအဆင်ပြေမှုမရှိနိုင်ဘဲ အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများရင်ဆိုင် ကြုံတွေ့ရမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ချဉ်းကပ်မှုနည်းလမ်းတစ်ခုမှ အသွင်သဏ္ဌာန် အနှစ်သာရမတူညီသည့် အခြားတစ်ခုကို ပြောင်းလဲဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် စွမ်းဆောင်ရည်မပြည့်ဝမှု၊ အဆင်သင့်မဖြစ်မှု၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုများဖြစ်ပေါ်နိုင်ပါကြောင်း။

စိန်ခေါ်မှုတိုင်းတွင် အခွင့်အလမ်းများရှိသည်ဆိုသည့်ဆိုရိုးနှင့်အညီ မိမိတို့အနေဖြင့် စီမံကိန်းပထမနှစ် အကောင်အထည်ဖော်ရာတွင် ရရှိခဲ့သည့် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာဖော်ထုတ်ပြီး စီမံကိန်း ဒုတိယနှစ်တွင် ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူအားလုံး ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆင်းရဲနွမ်းပါးသည့် ကျေးလက် လူထုအနေဖြင့် လူထုဗဟိုပြုစနစ်ကို ကျင့်သုံးရယူသုံးစွဲနိုင်စေရန်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကိုမြှင့်တင်ပေးရန်၊ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်စေရန်ဆိုသည့် စီမံကိန်းရည်ရွယ်ချက်များအောင်မြင်ရေးကို ရှေးရှုပြီးမြေပြင်တွင် ဖြစ်ပေါ်နေသည့် ပကတိဖြစ်ရပ်မှန်အခြေအနေများ၊ အတွေ့အကြုံများ၊ ကျေးလက်နေ ပြည်သူများ၏ အသံနှင့် ခံစားချက်များကိုထင်ဟပ်အခြေခံပြီး အရှိကို အရှိတိုင်း ပွင့်ပွင့်လင်းလင်းဆွေးနွေး တိုင်ပင်အကြံပြုကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်က မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်အတွက် ကမ္ဘာ့ဘဏ်မှ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် နည်းပညာပံ့ပိုးကူညီမှုများဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဝန်ကြီးဌာနနှင့်အတူ ကျေးရွာလူထုက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းကာလသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ စုစုပေါင်း ခြောက်နှစ် လေးလကြာမြင့်မည်ဖြစ်ပါကြောင်း၊ စီမံကိန်း ပထမနှစ်တွင် မြို့နယ် သုံးမြို့နယ်၊ ဒုတိယနှစ်တွင် ပြည်ထောင်စုနယ်မြေအပါအဝင် မြို့နယ်ခြောက်မြို့နယ်နှင့် တတိယနှစ်တွင် မြို့နယ်ခြောက်မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် လူထုကကျေးရွာစီမံကိန်းကို ရေးဆွဲပြီး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ရွေးချယ်၍ လူထုကပင် အကောင်အထည်ဖော် ဆောင်ရွက်ကာ ကြီးကြပ်စစ်ဆေးပါကြောင်း၊ ရရှိလာသည့် အကျိုးကျေးဇူးများကိုလည်း လူထုကပင် ခံစားရပါကြောင်းဖြင့် ပြောကြားသည်။

ကမ္ဘာ့ဘဏ်မှ Global Practice Manager Ms.Susan Wong က ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများ၌ ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုအခြေအနေများနှင့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက လူထုအခြေပြုစီမံကိန်း ပထမဆုရရှိကြသည့် ကန့်ပက်လက်မြို့နယ် ဓာနန်းကျေးရွာအုပ်စုနှင့် ကျင်ဒွေးကျေးရွာအုပ်စု၊ နမ့်ဆန်မြို့နယ် အုမ်းစွမ်ကျေးရွာအုပ်စုနှင့် မွန်ဆိုင်းကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ် ဘဒ္ဒနဲကျေးရွာအုပ်စုနှင့် လင်မလိုကျေးရွာအုပ်စုတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာ့ဘဏ်မှ Global Practice Manager Ms. Susan Wong ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ကမ္ဘာ့ဘဏ်မှ Global Practice Manager Ms. Susan Wong နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က လူထုအခြေပြုစီမံကိန်း ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်များ၊ ဂုဏ်ပြုဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အဆိုပါခန်းမ၌ ပြသထားသည့် လူထုဗဟိုပြုစီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်သည့် လှုပ်ရှားမှု ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှခိုင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကန့်ပက်လက်မြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့မှ တာဝန်ရှိသူများက မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကမ္ဘာ့ဘဏ်မှ Technical Audit မစ္စတာ ဂါဗန်အိုကီးဖ်က နည်းပညာစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အုပ်စုငယ်များဖွဲ့၍ စီမံကိန်းစီမံခန့်ခွဲမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုတာဝန်ခံခြင်းနှင့် လူမှုဆက်ဆံရေး၊ လူမှုစစ်ဆေးခြင်း(ကျေးရွာ စီမံကိန်း၊ စီမံကိန်းလုပ်ငန်းခွဲဦးစားပေး အစီအစဉ်နှင့် ကျေးရွာအုပ်စုများ ဆုံးဖြတ်ချက်ချခြင်း)၊ ကျေးလက်အခြေခံ အဆောက်အအုံ(စီမံကိန်းလုပ်ငန်းခွဲပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကာအကွယ်များ)၊ စိစစ်အကဲဖြတ်ခြင်းနှင့်သတင်းအချက်များ စီမံခန့်ခွဲမှုစနစ်၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဝယ်ယူရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နောင်မွန်မြို့ ရပ်ဘော့ အထကကျောင်းခွဲဖွင့်လှစ်

နောင်မွန် ဩဂုတ် ၁၈

နောင်မွန်မြို့နယ် ရပ်ဘော့ကျေးရွာ အထကကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းဝင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်၊ မြို့နယ်ပညာရေးမှူးနှင့် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးတို့က အမှာစကားပြောကြားကြပြီး သိက္ခာတော်ရဆရာကြီး ဦးမယံလမ်ရမ်ဆားရ်က အထက်တန်းကျောင်းခွဲ ရရှိသည့်အတွက် ကောင်းချီးဆုတောင်းပေးသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နောင်မွန်မြို့နယ်၌ အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်းနှင့် မူလွန်ကျောင်း နှစ်ကျောင်းတိုးမြှင့်ပေးခြင်းကြောင့် ဒေသခံပြည်သူများက ၎င်းတို့၏ သားသမီးများ တန်းဆက်မပျက် အခြေခံပညာကို ဆည်းပူးခွင့်ရရှိကြ၍ ဝမ်းသာပီတိဖြစ်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

❖ **ရမည်းသင်းမှ**

စိုက်ပျိုးရေပေးဝေခဲ့ရာ မိုးစပါး ဧက ၂၅၀၀၊ နွေစပါး ဧက ၃၀၀ သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း လုပ်ငန်း ဆောင်ရွက်ပြီးပါက ကန်ပေါင်ထိပ် အကျယ် ၂၄ ပေ၊ ပျမ်းမျှရေအနက် ၁၀ ပေ၊ ရေလှောင်ပမာဏ ဧကပေ ၈၁၀၀ ရှိမည်ဖြစ်ပြီး ရေပိုလွှဲအမျိုးအစားသံကူကွန်ကရစ်၊ ရေတံခါးတပ် ရေပိုလွှဲအဖြစ် တည်ဆောက်မည်ဖြစ်ပြီး မိုးစပါး ၆၄၂၉ ဧက၊ နွေစပါး ဧက ၁၇၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

အဆိုပါဒေသသည် စိုက်ပျိုးရေးကို အခြေခံသော ဒေသတစ်ခုဖြစ်သော်လည်း မိုးရွာသွန်းမှုနည်းပါးသဖြင့် ဆည်/ကန်များကို အားထားစိုက်ပျိုးရသောကြောင့် ယခုလို နိုင်ငံတော်အစိုးရက သီးသန့်ရန်ပုံငွေမှ ကျိုးနီကန် သဲနုန်းများကို ပြန်လည်တူးဖော်ပေးသောကြောင့် ရမည်းသင်းတစ်မြို့နယ်လုံးရှိ ပြည်သူအပေါင်းက အထူးကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း၊ ယခုလို ဆောင်ရွက်ပေးခြင်းသည် ယင်းတို့မျိုးဆက်ကိုသာမက သားသမီး၊ မြေး၊ မြစ်ဆွေခုနစ်ဆက်ကိုပါ စောင့်ရှောက်ပေးရာရောက်ကြောင်း သိရှိရသည်။

ယင်းနေ့ နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ ကျောက်ဆည်ကန်သို့ သွားရောက်ကြည့်ရှုခဲ့ရာ ယခုလက်ရှိ ကန်ပေါင်ထိပ်အကျယ် ၁၀ ပေ၊ အများဆုံးရေအနက် ၈ ဒသမ ၃ ပေ၊ ရေလှောင်ပမာဏ ၃၁၁၅ ဧကပေ၊ ကန်ရေပြည့်ဧရိယာ ဧက ၇၆၀၊ သီးနှံစိုက်ပျိုးနိုင်မှု မိုးစပါး ၁၇၆၅ ဧက၊ နွေစပါး ဧက ၃၅၀ ဖြစ်ကြောင်း၊ ကျောက်ဆည်ကန်အတွင်းရှိ သဲနုန်းများကို ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ပါက ကန်ပေါင် ထိပ်အကျယ် ၂၄ ပေ၊ အများဆုံးရေအနက် ၁၅ ပေ၊ ရေလှောင်ပမာဏ ဧကပေ ၁၀၆၉၀ ဖြစ်အောင် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ပါက ၁၆ ဘီလီယံခန့်ကုန်ကျနိုင်ကြောင်း၊ ကန်ပြုပြင်ပြီးပါက မိုးစပါးစိုက်ဧက ၄၃၀၀ နှင့် နွေစပါးစိုက်ဧက ၉၀၀ ထိ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကျောက်ဆည်ကန်ကို ရှေးမြန်မာမင်းများက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၈၉၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက အနည်းငယ် ပြုပြင်မှုများသာရှိခဲ့ကြောင်း၊ ယခုချိန်ထိ နှစ်ပေါင်း ၁၂၅ နှစ်ကျော်ခန့် ကြာမြင့်ပြီဖြစ်သည်။ နိုင်ငံတော် အစိုးရအနေဖြင့် ကျောက်ဆည်ကန် ကို သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများက အထူးတောင့်တလျက်ရှိပြီး လုပ်ငန်းခွင်အဆင်ပြေချောမွေ့စေရေးအတွက် စောင့်ရှောက်ပေးမည် ဖြစ်ကြောင်း သိရသည်။

အလားတူ နိုင်ငံတော်အစိုးရ အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးရာတွင် ပဲခူးတိုင်း ဒေသကြီး သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တွင် တည်ရှိသော ၁၈၇၈ ခုနှစ်က တူးဖော်ခဲ့သည့် ပဲခူး-စစ်တောင်း တူးမြောင်းသည် တူးမြောင်းအလျား ၃၇ မိုင် ၇ ဖာလုံရှည်လျား၍ နှစ်ပေါင်း ၁၃၆ နှစ်ကြာမြင့်ပြီဖြစ်သဖြင့် နုန်းပို့ချမှုကြောင့် တိမ်ကောလာပြီး ရေသိုလှောင်နိုင်စွမ်း၊ ထိန်းထားနိုင်စွမ်းတို့ လျော့နည်းလာခြင်းတို့ကြောင့် မိုးရာသီရေပြည့်ရေလျှံမှု ကြုံတွေ့နေရမှုတို့မှ ကင်းဝေးစေရန် အတွက် နိုင်ငံတော်အစိုးရက သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၂၅၀၀၀ အကုန်ကျခံအဆင့်မြှင့်တင် ပြုပြင်ပေးခဲ့သောကြောင့် စိုက်ပျိုးရေ လုံလောက်စွာရရှိခြင်း၊ လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေချောမွေ့ခြင်းနှင့် ရေဘေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ယခုနှစ်မေလအတွင်း ပြီးစီးခဲ့သဖြင့် အကျိုးပြုဧရိယာ ၄၄၉၉၈ ဧကထိ စိုက်ပျိုးရေ ကောင်းစွာ ရရှိစိုက်ပျိုးနိုင်လျက်ရှိသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု လီမိတက်က ဆောက်လုပ်လှူဒါန်းသော ပျဉ်းမတောကျေးရွာအုပ်စုရှိ ကျေးရွာပြည်သူများ အသုံးပြုသည့် နဝင်းချောင်းကိုဖြတ်ကူးသော သံကူ ကွန်ကရစ်တံတားဖွင့်ပွဲသို့ တက်ရောက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တာဝန်ရှိသူများနှင့် အတူ တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့ ကျိုးနီကန် ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါ တံတားဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယခု ဖွင့်လှစ်သော နဝင်းချောင်းဖြတ်ကူး တံတားသည် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် တံတားတစ်ခုပင်ဖြစ်ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးသည် နိုင်ငံရေးတန်ဖိုးအရသော်လည်းကောင်း၊ စီးပွားရေး တန်ဖိုးအရ သော်လည်းကောင်း၊ လူမှုရေးတန်ဖိုးအရ သော်လည်းကောင်း လွန်စွာအကျိုးကျေးဇူးကြီးမားပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမှသာ နယ်မြေချင်း ထိစပ်ပြီး ယင်းဒေသများရှိ ပြည်သူများအချင်းချင်း ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ ထုတ်ကုန်များသည်လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ လူမှုရေးအရ ပညာရေး၊ ကျန်းမာရေး တိုးတက်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ရွှေတောင်ကြီး တံတားကို ငွေကျပ်သိန်းပေါင်း ၁၇၀၀ အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြင့် ရမည်းသင်းမြို့နယ်အတွင်းရှိ ဓမ္မပါလ၊ သာယာအေး၊ ပျဉ်းမတောနှင့် ကံရိုးကြီးကျေးရွာတို့မှ ဒေသထွက်ကုန်များကို အခက်အခဲမရှိ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❂ **တစ်နိုင်ငံလုံးမှ**

တက်ရောက်လာကြသည့် တိုင်းရင်းသား နိုင်ငံရေးပါတီ ၃၄ ဖွဲ့တို့က အကြံပြုချက်များမပေးမီ ယခုကဲ့သို့ ထောက်ခံခဲ့ကြခြင်းဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဦးအောင်မင်းက ဆွေးနွေးပွဲကျင်းပသည့် ယနေ့သည် နိုင်ငံတော်သမ္မတကြီး၏ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အင်အားစုအားလုံး ပါဝင်ဆောင်ရွက်ကြရန် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခဲ့သည့် သုံးနှစ်မြောက်နေ့နှင့် တိုက်ဆိုင်နေပါကြောင်း၊ အနာဂတ်တိုင်းပြည်တည်ဆောက်ရေးတွင် တိုင်းရင်းသားများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ကို နိုင်ငံတော်အကြီးအကဲများကလက်ခံ၍ ယခုကဲ့သို့လမ်းညွှန်မှုများပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် စာချုပ်ပါအချက်အလက် (Single Text) ၁၂၂ ချက်အနက်တွင် အချက် သုံး၊ လေးချက်သာကျန်ရှိခဲ့ပြီး ဆက်လက်ညှိနှိုင်းသွားရန် သဘောတူထားကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် လာမည့်အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ပြင်ဆင်ရေးအတွက် အရေးကြီးကြောင်း၊ အစည်းအဝေးကို တက်ရောက်လာကြသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်များနှင့် နိုင်ငံရေး ခေါင်းဆောင်များ၏ အမြင်သဘောထားများသည် တိုင်းပြည်အနာဂတ်အတွက် ကောင်းမွန်သည့် အခြေခံအုတ်မြစ်များအဖြစ် ခံယူထားပါ၍ တိုင်းပြည်အကျိုးကို ရှေးရှုကာ ရင်းရင်းနှီးနှီးအပြုသဘောဆောင် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက် လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောကြားရာတွင် လွှတ်တော်များအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးပါဝင်သည့် တိုင်းရင်းသား အရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာနှင့် ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် တန်းတူညီမျှရှိရေး၊ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်လျက်ရှိကြောင်း တိုင်းရင်းသားအရေးကိစ္စများနှင့် စပ်လျဉ်းပြီး ပြောကြားသည်။

ယင်းနောက် NCCT မှ ဒုတိယခေါင်းဆောင်များဖြစ်ကြသည့် ပဒိုစောကွယ်ထူးဝင်းနှင့် ဗိုလ်ချုပ်ဂွမ်မော်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးရရှိစေရန် နီးစပ်လာပြီဟုယုံကြည်မိကြောင်း၊ ထို့ပြင် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများသည် အရေးပါကြောင်းနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ရရှိသည့်ရလဒ်များဖြင့် အကောင်အထည်ဖော်တည်ဆောက်ရာတွင် ပါဝင်သင့်သည့်အချက်များအား အလွတ်သဘော အကြံပြုဆွေးနွေးခဲ့ကြသည်။

တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ဆွေးနွေးမှုအပြီးတွင် စောင့်ကြည့်လေ့လာသူအဖြစ် တက်ရောက်လာသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီယားက သမ္မတကြီး၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကုလသမဂ္ဂက စောင့်ကြည့်လေ့လာသူအနေဖြင့် ပါဝင်ခွင့်ရသည်မှာလည်း ထူးခြားလှကြောင်း၊ မကြာမီရက်များအတွင်းက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UNWP)တို့အကြား အပြုသဘောဆောင်ဆွေးနွေးနိုင်ခဲ့၍ ယခုလို နှစ်ဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များ ဆွေးနွေးနိုင်ခဲ့သည်ဟု ရှုမြင်မိပါကြောင်း၊ ကုလသမဂ္ဂက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ဆောင်မှုဖြစ်စဉ်များအား အနီးကပ်စောင့်ကြည့်နေပါကြောင်း၊ တိုးတက်လာသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ငြိမ်းချမ်းရေး ဖော်ဆောင်သူများ၏ ကြိုးစားမှုကြောင့်ဟု သုံးသပ်ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၆၀ လောက်ကတည်းက တည်ရှိနေခဲ့သော ပဋိပက္ခအား အဆုံးသတ်နိုင်ရန် အခြေခံအကျဆုံးသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးပင် ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပနိုင်ရန် အခက်အခဲများရှိမည်ဖြစ်သော်လည်း ပြည်သူများ၏အကျိုးစီးပွားကို ဦးတည်ဆွေးနွေးနေသည်ကို တွေ့ရကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ရှေ့လုပ်ငန်းများတွင် ကူညီထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအား NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် ကုလသမဂ္ဂမှ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး တိုင်းရင်းသားများ တန်းတူညီမျှမှုရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးနှင့် ဖက်ဒရယ်အရေးစသည့် အချက်များဆွေးနွေးခဲ့သည့်အပေါ် တိုင်းရင်းသား နိုင်ငံရေးပါတီများက ဝမ်းသာကြိုဆိုကြောင်း ယနေ့တွင် ပြုလုပ်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် တညီတညွတ်တည်း ထုတ်ဖော်ပြောကြားခဲ့သည်။

(သတင်းစဉ်)

❍ **ကျောဖုံးမှ**

(အောင်ဆန်းကွင်း)

ကမ္ဘောဇ - နှစ်ဂိုး

(ဇီကိုဗစ်)

Southern - ဂိုးမရှိ

ပွဲစဉ်(၁၈)အပြီးတွင် ရတနာပုံအသင်းက ၄၁ မှတ်ဖြင့် ပထမ၊ ရန်ကုန်အသင်းက ၃၇ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ၃၄ မှတ်ဖြင့် တတိယ၊ နေပြည်တော်အသင်းက ၃၂ မှတ်ဖြင့် စတုတ္ထနေရာတို့တွင် ရပ်တည်နေသည်။

အထက်မင်းလှမြို့နယ်တွင် ရေနံစိမ်း တရားမဝင် ရောင်းဝယ်လုပ်ကိုင်သူအား သက်ဆိုင်ရာမှ အရေးယူ

အထက်မင်းလှ ဩဂုတ် ၁၈

အထက်မင်းလှမြို့နယ် ရေနံလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးညွှန့်နှင့် မကွေးတိုင်းဒေသကြီး ရေနံလုပ်ငန်းရှင်များအသင်း၊ မြို့နယ်ရေနံလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခွဲက အထက်မင်းလှ မြို့နယ် ကုန်းကြီးကျေးရွာအနီး ငွေတောင်တန်းဆီခြံကုန်းအတွင်း လိုက်လံစစ်ဆေးခဲ့ရာ ကျော်ပိုင် (၃၂)နှစ် ကျွန်းတော်ရွာ မကွေးမြို့နယ်နေ သူ၏ခြံအတွင်းရှိ ပီပါ ၁၃ လုံးအတွင်းမှ ရေနံစိမ်း ၃၇၅ ဂါလန် (တန်ဖိုးငွေကျပ် ကိုးသိန်းခန့်)အား တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ လုပ်ငန်း လုပ်ကိုင်ခွင့်အထောက်အထား တစ်စုံ တစ်ရာမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ရေနံစိမ်းတရားမဝင် ရောင်းဝယ်လုပ်ကိုင်သူ ကျော်ပိုင်အား အရေးယူပေးရန် ဦးစိုးညွှန့်က တိုင်တန်းခဲ့သဖြင့် မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန် အလွန်ခက်ခဲသောရောဂါ ဖြစ်ပါသည်။
- ယခုအခါ အာဖရိက အနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria & Sierra Leone နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ ၉၀ ရာခိုင်နှုန်းအသက်ဆုံးရှုံးနိုင်ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သော နည်းလမ်းများ

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသော လူ(သို့မဟုတ်)တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။
- အဆိုပါသွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- **ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ H_7N_9 ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS CoV)တို့ကဲ့သို့ လေထဲမှတစ်ဆင့်ကူးစက်နိုင်သောရောဂါ မဟုတ်ပါ။**
- အီဘိုလာသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားအောင် ကာကွယ်ရန် အရေးကြီးပါသည်။**
- ရောဂါပိုးရှိသော လူနာနှင့်တိရစ္ဆာန်တို့၏ တံတွေး၊ သွေး၊ စသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိက ရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့် နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများ အထူးသဖြင့်(အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန်အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- **ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊**
- အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့် ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

အီဘိုလာရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှ ထွက်သော အရည်များရှိနိုင်သည့် (အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရန်း၊ နံရံစသည်တို့အား) ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။
ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုန်းချည့်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။
၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက **နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။**
၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့် နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာရောဂါ ကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပြန်ကြားရေးနှင့် ကာကွယ်ရေးအသင်းတို့ ဗိုလ်လုပွဲတက်

နေပြည်တော် ဩဂုတ် ၁၈

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် (၃)နှင့် (၄)တို့၌ ဆက်လက်ကျင်းပရာ ကွင်းအမှတ်(၃)တွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကွင်းအမှတ် (၄)၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျနေ၍ ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဂိုးကန်သွင်းရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး ဗိုလ်လုပွဲသို့ အသီးသီးတက်ရောက်သွားကြကြောင်း သိရသည်။

(သတင်းစဉ်)

ရတနာပုံလူငယ်နှင့် ဂျေလိဂ်လူငယ်တို့ သရေကျ

ရန်ကုန် ဩဂုတ် ၁၈

MNL လူငယ်ကလပ် ရတနာပုံလူငယ်အသင်းနှင့် ဂျေလိဂ်လူငယ်အသင်းတို့ ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာကွင်း၌ ခြေစမ်းကစားရာ တစ်ဂိုးစီ သရေကျသွားသည်။

ပထမပွဲတွင် ရှုံးပွဲကြုံတွေ့ထားသည့် ဂျေလိဂ်လူငယ်အသင်းမှာ ယခုပွဲတွင် ရလဒ်ကောင်းရရှိရေးအတွက် ကြိုးပမ်းခဲ့သည်။ ရတနာပုံလူငယ်အသင်းမှာလည်း ရလဒ်ကောင်းရရှိရေးအတွက် လူစုံထုတ်ကစားခဲ့သည်။ ဂျေလိဂ်လူငယ်အသင်းအတွက် ဦးဆောင်ဂိုးကို ၆ မိနစ်တွင် အိုဂီဝါရာက သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးကို ၆၄ မိနစ်တွင် အောင်ဟိန်းစိုးဦးက သွင်းယူပေးခဲ့သည်။

ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ မြန်မာယူ-၁၆ အသင်းနှင့် ဂျေလိဂ်လူငယ်အသင်းတို့ ခြေစမ်းကစားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၈-၂၀၁၄ (အင်္ဂါနေ့)

၅း၁၀ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅း၄၀ "ကြိုးငါးချောင်းကိုဖြတ်ကျော်သူ" တရားတော်[ဆရာတော်အရှင်ဥတ္တရ (ကျိုက်ဒေးယျံ)]
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု"(အပိုင်း-၄၃)
၁၀း၄၅ အနုပညာမိုးကောင်းကင်
၁၁း၀၅ သွားမယ်စားမယ် (YUDING Hot Pot)
၁၂း၄၀ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာ" သင်တန်း
၂း၀၀ MRTV-4 သတင်း
၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘုရားပေးသောဆု"(အပိုင်း-၁၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ"(အပိုင်း-၈၄)
၇း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘုရားပေးသောဆု"(အပိုင်း-၁၅)
၈း၁၀ ရသစုံညွန့်တမ်းများ
၈း၃၀ Miss Myanmar World 2014
၈း၃၅ ထူးအိမ်သင်ဂီတပွဲတော် လွမ်းခြင်းအားဖြင့် (၁၀)နှစ်တာ ကြိုတင်ပြင်ဆင်နေမှုများ(အပိုင်း-၁)
၁၁း၅၀ World of Knowledge (Prehistoric Predators: Terror Raptor)
၂း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်"(အပိုင်း-၅၁)
၃း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၄း၀၀ World of Knowledge (Prehistoric Predators: Terror Raptor)
၄း၄၅ The Golden Land



အမြန်အလိုရှိသည်

မြို့တွင်း/နယ်ဝေး ယာဉ်မောင်း ကျား(၃)ဦး
အခြေခံလစာ (၂ သိန်း)+အခြားခံစားခွင့်
Tel:09- 5002556, 01-557367

လူရည်ချွန်ကုသိုလ်ဖြစ်ဆေးကုခန်းဖွင့်၍ အထွေထွေရောဂါများကို အခမဲ့ကုသပေးမည်

ရန်ကုန် ဩဂုတ် ၁၈

လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့နှင့် အလှူရှင်များဖွဲ့စည်းတည်ထောင်ခဲ့သည့် လူရည်ချွန်ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက လှိုင်သာယာမြို့နယ် အောင်ဇေယျမြို့တော် ကျန်စစ်သားလမ်းနဝရတ်တိုက်ခန်း အောင်မြေသာယာဘုရားရှေ့၌ ကျင်းပသည်။

လူရည်ချွန်အဖွဲ့သည် နိုင်ငံရေးနှင့် ဘာသာရေးမန္တယ်သော အဖွဲ့အစည်းဖြစ်ပြီးငွေကြေးမတတ်နိုင်၍ ကျန်းမာရေး စောင့်ရှောက်မှုနှင့်အလှမ်းဝေးကွာလျက်ရှိသော ကလေးငယ်များ၊ လေလွင့်ကလေးငယ်များနှင့် မိဘမဲ့ကလေးငယ်များ အပါအဝင် ဆင်းရဲနွမ်းပါးသည့်ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ရန်ပုံငွေနှင့်အလှူငွေရရှိသည့်အပေါ်မူတည်၍ နောက်ထပ်လိုအပ်သောနေရာဒေသများတွင်လည်း ကုသိုလ်ဖြစ်ဆေးခန်းများ ဖွင့်လှစ်ရန်စီစဉ်သွားမည်ဖြစ်ကြောင်း လူရည်ချွန်ကုသိုလ်ဖြစ်ဆေးခန်းတာဝန်ခံဒေါက်တာ ဦးခင်မောင်ထွေးက ပြောကြားသည်။

လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းတွင် ဒေါက်တာဒေါ်ခင်သန်းအေး၊ ဒေါက်တာဒေါ်ယုယု၊ ဒေါက်တာခင်မောင်ထွေးနှင့် ဒေါက်တာမင်းလွင်တို့က အပတ်စဉ် (တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာ)နေ့တို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိအထွေထွေရောဂါများကို အခမဲ့ ကုသပေးသွားမည်ဖြစ်ပြီး ကလေးအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဒေါ်ကေသီထွန်း၊ အထွေထွေခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာဒေါ်တင်တင်မာနှင့်နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးအောင်ဇော်မျိုးတို့က အပတ်စဉ် (တနင်္ဂနွေနေ့တိုင်း) အခမဲ့ကုသပေးသွားမည်ဖြစ်သည်။

ထို့အပြင် အခြားကြားရက်များတွင်လည်း လူရည်ချွန်အခမဲ့ဆေးခန်းမှ မြန်မာတိုင်းရင်းဆေးများကို ကုသိုလ်ဖြစ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောင်ကျော်ဦး)

သင်ကြားမှုအစီအစဉ်များတိုးတက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ထိုး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် Bridges Across Borders Southeast Asia Community Legal Education တို့၏ အပြန်အလှန်နားလည်မှုစာချွန်လွှာရေးထိုးသည့် အခမ်းအနားကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်နှင့် BABSEA CLE မှ ဒါရိုက်တာ Mr.Bruce Avery Lasky တို့က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ဥပဒေပညာသင်ကြားမှုများ ပိုမိုအားကောင်းလာစေရေးအတွက် Clinical Legal Education သင်ကြားမှုအစီအစဉ်များနှင့် ပတ်သက်ပြီး တိုးတက်အောင် လုပ်ဆောင်ရန် ရည်ရွယ်၍ အပြန်အလှန်နားလည်မှု စာချွန်လွှာတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

(ကြေးမုံ)

စာတည်းထံပေးစာများ

လူနေသီးသန့်ဆိုင်ခန်းများမှ တရားမဝင်သံနှင့် စတီးလုပ်ငန်း ဖယ်ရှားပေးစေလို

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆) ရပ်ကွက် ပြည်ထောင်လမ်း စည်ပင်လူနေသီးသန့်ဆိုင်ခန်းများတွင် တရားမဝင် သံပန်း၊ သံတံခါးနှင့် စတီးအမိုးကိုင်း၊ စတီးတိုင်ကီများ ပြုလုပ်ရောင်းချလျက်ရှိရာ ထု ရိုက်သံများ၊ ဝရိန်ဆော်ခြင်းမှ အညော်နံ့များ၊ စတီးဖြတ်စက်မှ တုန်ခါမှုဒဏ် များသည် ပတ်ဝန်းကျင်ရှိ အဆောက်အအုံ၏ ကြံ့ခိုင်မှုကိုပါ ထိခိုက်နိုင်ပါသဖြင့် အဆိုပါလုပ်ငန်းကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စည်ပင်တိုက်ခန်းနေသူများ

ကျူးကျော်အဖီများ ဖယ်ရှားပေးပါ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် လမ်း ၁၃၀(လမ်းတို)နှင့် (၁၀၁) လမ်းကြားရှိ နောက်ဖေးလမ်းကြားကို လမ်းသူလမ်းသားများ စုပေါင်း၍ အမှိုက်များ ရှင်းခြင်း၊ မြောင်းနှုတ်ခမ်းများပြုပြင်ခြင်းနှင့် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကို ပြုလုပ်လျက်ရှိရာ အချို့အိမ်များမှ လမ်းကြားတွင်ကျူးကျော်အဖီများကို အခိုင်အမာပြုလုပ်ထားပါသဖြင့် လုပ်ငန်းများပြုလုပ်ရန် အခက်အခဲဖြစ်နေပါ၍ ၎င်းအဖီများကို သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မအူပင်လမ်းထိပ်နှင့် ကျွန်းတောကားလမ်းမပေါ်တွင် ၂၄ နာရီဖွင့်လှစ်ရောင်းချနေသော လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဆိုင်ဆိုသော်လည်း ဟင်းမျိုးစုံ ကြော်လှော်ရောင်းချနေခြင်း၊ ညဘက်အော်ဟစ်ဆူညံခြင်း၊ အမျိုးသမီးများ လမ်းမလျှောက်ရဲလောက်အောင် မကြားဝံ့မနာသာ နောက်ပြောင်ပြောဆိုခြင်းများကို ပြုလုပ်နေပါသောကြောင့် သက်ကြီးရွယ်အိုများနှင့် တိုက်ခန်းနေသူများ နေ့စဉ်နှင့်အမျှ စိတ်အနှောင့်အယှက်ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးရန်လေးစားစွာတင်ပြအပ်ပါသည်။**ရပ်ကွက်နေပြည်သူများ**

လမ်းအတွင်း လှည်းများပြုလုပ်ရာမှ ဆူညံသံများ

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဆိပ်ကမ်းသာယာ(၉)လမ်း ပုသိမ်မြေရပ်ကွက်တွင် ကြံရည်လှည်းများ၊ ချဉ်ပေါင်းရောင်းသည့် လှည်းများပြုလုပ်ရာတွင် ထုရိုက်သံများ၊ ရွှေပေါ်ထိုးသံများ၊ လွှဖြတ်သံများကို နေ့စဉ်နှင့်အမျှ ကြားနေရပါသဖြင့် လမ်းအတွင်းရှိ ကျောင်းသားကျောင်းသူများ စာကျက်၍မရခြင်း၊ သက်ကြီးရွယ်အိုများ အနားယူရန် စိတ်အနှောင့်အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

အကြော်နံ့မခံနိုင်ပါသဖြင့် ရှင်းလင်းပေးပါရန်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်းထောင့်ရှိတိုက်(၂၀၇)ဒေသန္တရဆေးခန်းအားအဖီဆွဲ၍ရောင်းချနေသော စားသောက်ဆိုင်များမှ ကြော်လှော်နေသော အညော်နံ့များကို တိုက်ပေါ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးများ၊ နာမကျန်းသူများက နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်နေပါသောကြောင့် အမြန်ဆုံး ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **တိုက်ခန်းနေသူများ**

ဆက်သွယ်ရေးလိုင်းပြတ်တောက်မှု ပြင်ဆင်ပြီးစီး

ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ် ထီးတန်းအိမ်ရာအတွင်းရှိ FISCA ၏ EPABX လိုင်းခွဲဖုန်းစနစ်ဆက်သွယ်မှုလိုင်းများ ပြတ်တောက်နေခြင်းအား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း တင်ပြချက်နှင့် ပတ်သက်၍ သတင်းစာမကြော်ငြာခင် ရက်သတ္တပတ်အတွင်း ကပင် လိုင်းကတ်များအား FISCA မှ စနစ်တကျ ကြိုတင်ပြင်ဆင်အသစ်လဲလှယ်တပ်ဆင်ပေးပြီးဖြစ်ကြောင်း၊ ယခုအခါ ထီးတန်းအိမ်ရာ ဆက်သွယ်မှုလိုင်းများ ကောင်းမွန်သွားပြီဖြစ်ကြောင်း ပြန်လည်ဖော်ပြအပ်ပါသည်။

ထီးတန်းအိမ်ရာမိသားစု



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိမြေကွက်အမှတ်(ပ-၁၀၀၈)အမည်ပေါက် ဦးခင်မောင်တင့်[၁၂/ဒဂန(နိုင်) ၀၀၄၂၇၇] (အဖ)အမည် ဦးတင်ညွန့်မှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားပါ၍ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက် အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ (၁၄)ရက်အတွင်း မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သင့်သွေးဖြင့်အသက်ကယ်ပါ

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ်(၁၃၀၁)၊ ဧရိယာပေ(၄၀×၆၀)ရှိ မြေအမျိုးအစား-ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်မှန်သမျှကို ပါမစ်အမည်ပေါက်သူ ဒေါ်ခင်ဦးကြည်[၁၂/မရက(နိုင်)၀၃၄၁၇၉]ကိုင်ဆောင်သူ ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်နီ[၁၂/လမန(နိုင်)၀၆၆၁၁၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းအိုင်မွန်[၁၀/မလမ(နိုင်)၁၂၄၂၄၅]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၅)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းဇာခြည်မြင့် **(LL.B,D.B.L,D.M.L)**
အထက်တန်းရှေ့နေ(စဉ်-၃၇၀၆၅)
တိုက်(၇)၊ အခန်း(၄၀၂)၊ ဇောတိကအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၅၈၃

အပူပုပ်များပြီး ခေါင်းကိုက်ဇက်ကြောထိုး၊
ညောင်းညာမအီမသာ
ခံစားနေရသူများအတွက်
ဗိုက်မရစ်ဗိုက်မနာ ဝမ်းသွားအားရစေတဲ့
စုစုအေးအောင်
ဝမ်းမှန်အကြောပြေဆေး



မြစ်ကြီးနားတက္ကသိုလ်၌ ရှမ်းတိုင်းရင်းသားမောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်ပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ ရှမ်းတိုင်းရင်းသား မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများအား နှုတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစိုင်းမြင့်ကျော်၊ ဘဏ္ဍာရေးဝန်ကြီးဦးညွန့်အောင်၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ပြုံးရီနှင့် တက္ကသိုလ်ပါမောက္ခချုပ်ကိုယ်စား ဆရာမကြီး ဒေါ်နုနုအေးတို့က ဆုံးမဩဝါဒစကား ပြောကြားကြပြီး တက္ကသိုလ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်စိုးစိုးဝင်း၊ ပထမနှစ်ကျောင်းသူ မအေလိမ္မာနှင့် တတိယနှစ်ကျောင်းသား မောင်ထွန်းအောင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီး၊ စက်မှုလက်မှုဝန်ကြီးနှင့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးတို့က စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် အလှူငွေများပေးအပ်ကြရာ ကော်မတီဥက္ကဋ္ဌက လက်ခံပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ရှမ်းတိုးနယားအက၊ ကိန္နရီ/ကိန္နရာအက၊ ရှမ်းရိုးရာအက အလှူများ၊ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှုများ၊ ရှမ်းသိုင်းအကများဖြင့်ကပြဖျော်ဖြေကြသည်။

(ပြည်နယ် ပြန်/ဆက်)

မြိုင်မြို့နယ် ကျေးရွာ ၁၂ ရွာ ရေရရှိရေးဆောင်ရွက်

မြိုင် ဩဂုတ် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မြိုင်မြို့နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဌာနလုပ်ငန်းအဖွဲ့အစည်းများမှ ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများမှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ အသိပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်မှုတွင် မြိုင်မြို့နယ်သည် မိုးနည်းရေရှားအပူပိုင်းဒေသဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ ရေလုံလောက်စွာရရှိရန် စက်ရေတွင်းများ၊ မြေသားရေကန်ပြုပြင်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ လေးလက်မ စက်ရေတွင်းများကို လက်ပံပင်ရွာ၊ ပေါက်ပင်ကိုင်း၊ တွင်းမ၊ ပေပင်တိုက်အုပ်စု၊ ချောင်းဦးတိုရွာ၊ ကန်ကံလေး၊ အလယ်စုရွာတို့တွင် လေးလက်မစက်ရေတွင်းများ တူးဖော်ပြီး မြေသားရေကန်များပြုပြင်ခြင်းကို ညောင်ပင်ဇောက်ရွာ၊ ကျောက်ဖူး၊ ဆယ်ပြားရွာတို့တွင် မြေသားကန်များ ကန်ပေါင်တင်ခြင်း၊ ရေဝင်ကောင်းရန်ပြုပြင်၍ တဲကြီးရွာတွင် ရေပိုက်လိုင်း လေးမိုင်သွယ်တန်းခြင်း၊ ဝက်ဖိုးရွာ ရေပိုက်လိုင်း ၁ ဒသမ ၅ မိုင် သွယ်တန်းခြင်းနှင့် ရွာသာအေးရွာတွင် တစ်မိုင်အရှည်ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများကို မြိုင်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

မော်လိုက်မြို့ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

မော်လိုက် ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အာဟာရတိုက်ကျွေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆန်းလွင်ဦးက အာဟာရအုပ်စု သုံးစုအကြောင်း ပြောကြားပြီးနောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၇၀ အား သံချဆေးကျွေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန် ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ အိမ်သုံးဆားတွင် အိုင်အိုဒင်းဆားသုံးစွဲမှုကို စစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။ **ကျော်ပွား(မော်လိုက်)**

ကျောင်းပေါင်းစုံဘောလုံးပြိုင်

ဇင်းကျိုက် ဩဂုတ် ၁၈

ဇင်းကျိုက်မြို့ ရေတံခွန်လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အကြို ကျောင်းပေါင်းစုံ သက်ကြီး၊ သက်လတ်၊ သက်ငယ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျောက်သဘော်ရေတံခွန်ဘောလုံးအားကစားကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းနိုင်က အမှာစကားပြောကြားပြီး မူလတန်းသက်ငယ်အုပ်စုမှ စရစ်ချောင်းအသင်းနှင့် ဥတ္တံတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

နေခြည်(ဇင်းကျိုက်)

ဘိုကလေးကျောင်းဈေးတန်းဆိုင်များ ရှောင်တခင် စစ်ဆေး ရက်လွန်ပလတ်စတစ်မုန့်ထုပ်များ တွေ့ရှိ၍ သိမ်းဆည်း ဖျက်ဆီး

ဘိုကလေး ဩဂုတ် ၁၈

ဘိုကလေးမြို့ အထက(၁)နှင့် အလက(၂) တို့ရှိ ကျောင်းဈေးတန်းဆိုင်များတွင် ရောင်းချသော အစားအစာမျိုးစုံတို့သည် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ မြို့နယ်တာဝန်ခံ ဦးခင်မောင်ဇော်၊ မြို့နယ်ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာသန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီက ရှောင်တခင်ကွင်းဆင်းစစ်ဆေးကြသည်။

ယင်းပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းဆိုင်များတွင် ခာတုဆိုးဆေးပါသော အစားအသောက်များ၊ ငရုတ်ဆီများ၊ ဆေးပြားပုံစံမုန့်များ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် နောက်ဆုံးသုံးစွဲရမည့်ရက်စွဲမပါသော အစားအစာများ၊ အရောင်လွန်ကဲစွာဆိုးထားသည့် ရေခဲထုပ်များ၊ ဂျယ်လီထုပ်များ၊ အမှတ်တံဆိပ် အာမခံချက်မပါသော အစားအစာများ၊ သက်တမ်းကုန်ဆုံးသော မုန့်ထုပ်များ၊ အမှည့်လွန်သစ်သီးများ မရောင်းချရေးနှင့် လက်လုပ်မုန့်များ၊ အသုပ်မျိုးစုံ တို့ကို ယင်မနားအောင် ဖုံးအုပ်ပြီး တစ်ခါသုံးလက်အိတ်များအသုံးပြုရောင်းချရေးများနှင့် ဈေးရောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေးများကိုပူးပေါင်းအဖွဲ့က အသိပညာပေးဆွေးနွေးကြသည်။အဆိုပါ ကျောင်းဈေးတန်းဆိုင်အချို့မှ ရက်လွန်လေဖောင်းပလတ်စတစ်မုန့်ထုပ် ၁၅ ထုပ်အား စစ်ဆေးတွေ့ရှိသဖြင့် ပူးပေါင်းအဖွဲ့က ချက်ချင်းသိမ်းဆည်းပြီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(၃၆၄)**

အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းစတင်လေ့ကျင့်

ရန်ကုန် ဩဂုတ် ၁၈

လာမည့် စက်တင်ဘာလအတွင်း မလေးရှားနိုင်ငံ ရှာအလမ်မြို့တွင် ကျင်းပမည့် ၂၀၁၄ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဖူဆယ် အသင်းမှာ ဩဂုတ်လ ဒုတိယပတ်မှစတင်ကာ လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းမှာ အပြီးသတ်ကစားသမားများ ရွေးချယ်ထားရခြင်းမရှိသေးသော်လည်း ပဏာမကစားသမား ၂၄ ဦးဖြင့်လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲနီးကပ်ချိန်မှသာ နောက်ဆုံးအဆင့်ကစားသမားစာရင်းကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းမှာ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး တစ်ဖက်အုပ်စုတွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တီမော၊ ဘရူနိုင်းအသင်းတို့ပါဝင်ကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းကို အီရန်လူမျိုးနည်းပြ ဆာအိကတာဝန်ယူလေ့ကျင့်ပေးနေပြီး ပြိုင်ပွဲအကြိုအဖြစ် တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ထားပြီးဖြစ်သည်။

[ရဲစွမ်း]

ရှာရယ်လ်အား ခေါ်ယူရန် အက်သလက်တီကို စောင့်ကြည့်

စပိန်လာလီဂါကလပ် အက်သလက်တီကိုအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ကိုအားဖြည့်ရန်အတွက် ချယ်လ်ဆီးအသင်း၏ ဂျာမနီတိုက်စစ်မှူး ရှာရယ်လ်အား စိတ်ဝင်စားနေကြောင်းသိရသည်။ ထို့ပြင် ပြီးခဲ့သည့်ရက်ပိုင်းက ရှာရယ်လ်မှာ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီချက်ရရှိထားခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သလို ချယ်လ်ဆီးနည်းပြမော်ရင်ဟိုမှာလည်း အသင်းမှကစားသမားအချို့ကို ရောင်းထုတ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အက်သလက်တီကိုအသင်းမှာ ယခုနှစ်ဘောလုံးရာသီ မစတင်မီကာလအတွင်း ကစားသမားသစ်များကိုခေါ်ယူအားဖြည့်ထားခဲ့ပြီး ၎င်းတို့အထဲတွင် ကမ္ဘာ့အဆင့်ကစားသမားများဖြစ်ကြသည့် ခရိုအေးရှားတိုက်စစ်မှူးမန်ဇူကစ်နှင့် ပြင်သစ်ကွင်းလယ်လူ ဂရစ်ဇ်မန်းတို့လည်းပါဝင်ခဲ့ကြသည်။

လက်ရှိအချိန်တွင် အက်သလက်တီကိုနည်းပြဖြစ်သူ ဒီယေဂိုဆီမွန်နီမှာ ကစားသမားသစ်များကို ထပ်မံခေါ်ယူရန်ဆန္ဒရှိနေပြီး အသင်းမှာလည်းအဓိကကစားသမားအချို့ကို လက်လွှတ်ဆုံးရှုံးထားခဲ့ခြင်းကြောင့် ယခုကဲ့သို့ ရှာရယ်လ်အားခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကိုအသင်းမှာပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါ အမှတ်ပေးချန်ပီယံဆုကိုရရှိခဲ့သော်လည်း ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဒီယေဂိုကော်စတာ၊ အက်ဒရီယန်၊ ဖိလစ်ပီလူးဝစ်၊ ဒေးဗစ်ဗီလာတို့ကိုလက်လွှတ်ခဲ့ရသလို အသင်း၏ အမာခံကစားသမားအချို့ကိုလည်း ထပ်မံလက်လွှတ်ရဖွယ်ရှိနေကြောင်း သိရသည်။

[ကိုရဲ]

ဒီမာရီယာအား ပေါင်သန်း ၁၀၀ ပေး၍ ခေါ်ယူရန်နှင့် နာနီအား စပို့တင်းလစ္စဘွန်းသို့ အငှားချရန် မန်ယူပြင်ဆင်

ယခုနွေရာသီအပြောင်းအရွှေ့မပိတ်သိမ်းမီ ကစားသမား ထပ်မံဖြည့်တင်းသည့်အနေဖြင့် ၎င်းတို့မျက်စိကျ လျက်ရှိသော ရီးယဲလ်မက်ဒရစ်အသင်းမှ အာဂျင်တီးနားကစားသမား ဒီမာရီယာအား ပေါင်သန်း ၁၀၀ ပေး၍ ခေါ်ယူရန် မန်ယူအသင်းပြင်ဆင်လျက်ရှိသည်။

နည်းပြ လူးဝစ်ဗန်ဟားလ်အနေဖြင့်လည်း ရီးယဲလ်မက်ဒရစ်ကစားသမား ဒီမာရီယာအား အိုးထရက်ဖို့ဒ် အရောက်ခေါ်ယူနိုင်ကြောင်း အသင်းအမှုဆောင်အရာရှိဖြစ်သူ အက်ဒ်ဝုဒ်ဝါ့ဒ်အား ပြောကြားခဲ့သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား ဒီမာရီယာအား ခေါ်ယူနိုင်မည်ဆိုပါက အဆိုပါကစားသမားအား တစ်ပတ် လုပ်ခလစာ ပေါင် ၂၀၀၀၀၀ ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် မန်ယူအသင်းသည် ဗဟိုနောက်တန်းကစားသမားတစ်ဦးနှင့် ကွင်းလယ်ကစားသမားတစ်ဦးတို့ကို ခေါ်ယူစာချုပ်ရန်လိုအပ်လျက်ရှိကြောင်းကိုလည်း နည်းပြ လူးဝစ်ဗန်ဟားလ်အနေဖြင့် သိရှိထားသည်ဟု ဆိုသည်။မန်ယူအသင်းသည် လူကီရှောနှင့် ဟာရီရာတို့ကို ခေါ်ယူထားသော်လည်း လက်ရှိတွင် အိုင်းယက်စ်ကစားသမား ဘလိုင်းနှင့် စပို့တင်းလစ္စဘွန်းကစားသမား မားကို့စ်ရိုဂျိုတို့ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ သို့ရာတွင် စပို့တင်းလစ္စဘွန်း အသင်းအနေဖြင့် မားကို့စ်ရိုဂျိုအား မန်ယူအသင်းနှင့် သဘောတူပြီးပါက ပေါ်တူဂီတောင်ပံကစားသမား နာနီအား အငှားစာချုပ်ဖြင့် ခေါ်ယူလိုကြောင်း သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ရိုဂျိုအား ပေါင် ၁၆ သန်းဖြင့် ကမ်းလှမ်းကာ နာနီကို စပို့တင်းလစ္စဘွန်းသို့ အငှားချရန်လည်း မန်ယူ အသင်းပြင်ဆင် လျက်ရှိကြောင်း သိရသည်။

[မူကြယ်]

ကစားသမားအများအပြားခေါ်ယူစာချုပ်ရန် ဟင်နရီကေးပစ်မှတ်ထားနေ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ နည်းပြ လူးဝစ်ဟင်နရီကေးသည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားခြောက်ဦးအထိ ခေါ်ယူထားသော်လည်း အသင်း၏ ကစားသမားအင်အား တောင့်တင်းမှုအတွက် နောက်ထပ်ကစားသမားသစ်များ ထပ်မံခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

လူးဝစ်ဟင်နရီကေးသည် နည်းပြ မာတီနို၏နေရာတွင် အစားထိုးခန့်အပ်ခဲ့သည့် နည်းပြဖြစ်ပြီး ဘာစီလိုနာအသင်းအား ၎င်းကိုင်တွယ်စဉ်ကာလအတွင်း အသင်းကိုပြန်လည်ဖွဲ့စည်းမှုတစ်ရပ် ပြုလုပ်သည့်အနေဖြင့် ကစားသမားသစ်များကို ခေါ်ယူလိုခြင်းဖြစ်ကြောင်းလည်း ဟင်နရီကေးက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်း၏ အားထားရသော တိုက်စစ်မှူးမက်ဆီအား ယခုနှစ်ဘောလုံးရာသီတွင် ကစားလိုသည့်နေရာတွင် လွတ်လွတ်လပ်လပ်ကစားခွင့်ပြုမည်ဖြစ်ကြောင်း၊ အသင်းသို့ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ် ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ မက်ဆီ၏ ပုံမှန်ပွဲထွက်ခွင့်ကို ထိခိုက်စေမည်မဟုတ်ကြောင်းနှင့် အသင်း၏ ကျောနံပါတ် ၁၀ ဝတ်ဆင်ထားသည့် ဘောလုံးမှော်ပညာရှင်မက်ဆီအား မည်သည့်ထိန်းချုပ်ကန့်သတ်မှုမျိုးကိုမဆိုပေးရန် ဆန္ဒမရှိကြောင်း ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးက ပြောကြားခဲ့သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်၊ ဘယ်လ်ဂျီယံ နောက်တန်းကစားသမား ဗာမေလန်၊ ချီလီဂိုးသမား ဘရာဗို၊ ပြင်သစ်နောက်ခံလူ မက်[illegible] ခရိုအေးရှားကွင်းလယ်ကစားသမား ဟာလီလိုဗစ်နှင့် ရာကီတစ်တိုးအား ခေါ်ယူထား[illegible] ကြောင်း သိရသည်။

[ငွေ[illegible]]

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ ...
... UMFCCI အသင်းချုပ်မှ ...

ပျောက်ဆုံးကြောင်းကြော်ငြာခြင်း

ကျွန်မ ဒေါ်မြမြဝင်း(ဘ)ဦးညွန့်(မိ)ဒေါ်ပုစုး[မှတ်ပုံတင်အမှတ်-၁၂/အစန(နိုင်)၀၆၂၂၀၀] အမည်ဖြင့် တင်သွင်းသော (သွင်းကုန်လိုင်စင်အမှတ်-ISP IDV8 14-15 29125,31-7-14, ID No.753252,Date 6.8.2014 ဖြင့် Reconditioned: Van, Brand Name: Mazda (Pamila), Model Year: 2009, Engine Power: 1200cc, Chasis No.VAV 12-501242 အား (၁၁-၈-၂၀၁၄)တွင် MITT ဆိပ်ကမ်းမှ ထုတ်ယူခဲ့သည်။ အဆိုပါဆိပ်ကမ်းမှ ထုတ်ပေးသော စာရွက်စာတမ်းမူရင်းပါ အိတ်ပိတ်(၁)စုံ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးအပ်ပေးပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ပါရန်-

ဖုန်း-၀၉-၄၂၅၃၂၇၀၁၄၊ ၀၉-၄၂၅၀၁၉၁၆၇

တစ်ဦးတည်း ဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ သာယာဝဲကျေးရွာအုပ်စု၊ သာယာဝဲကျေးရွာနေ ဦးကြိုင်၏သား ဦးအောင်ထွန်းရှိန်[၁၄/ကလန(နိုင်)၀၃၃၉၇၉]နှင့် ဦးအောင်စိန်မြိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ထွန်းရှိန်(ခ) ဦးအောင်စိန်မြိုင်

သွေးသည်အသက်

NEWSWEEK

အချိန်မနှောင်းခင် အသိတရားနဲ့ ယမကာဝဲဩဃသံသရာက ရန်းထွက်ပါစို့

ကိုလွင်(ဆွာ)

တစ်နေ့ ညနေပိုင်းကဖြစ်သည်။ ကွမ်းယာဆိုင်မှာ ကွမ်းဝယ်နေတုန်း အနီးတွင်ရှိသည့် အမျိုးသမီးတစ်စု ပြောစကားကြောင့် စိတ်ဝင်စားစွာရပ်ပြီး နားထောင်နေမိသည်။ "ငါ့ယောက်ျားတော့ အရက်ကြောင် ကြောင်နေပြီ။ ညကဟယ်. . . ရပ်ကွက်ထဲမှာရှိတဲ့ ယောက်ျားသားတွေကို သွားအကူအညီတောင်းပါတယ်။ သူတို့က ပိုဆိုးနေတယ်။ ထိန်းမနိုင်၊ သိမ်းမနိုင်တွေကို ဖြစ်နေကြတာ။ ယောက်ျားတွေတော်တော်များများ ၉၀ ရာခိုင်နှုန်းလောက်က အရက်သောက်ကြတာများတယ်"ဟု အစချီကာ သူ့ခံစားချက်ကို ချပြရင်ဖွင့်နေသည်။

မှန်တာတော့မှန်နေသည်။ အရက်မသောက်တတ်သော ယောက်ျားဆိုလို့ အတော့်ကိုရှားပါလာသည်။ ကျေးလက်များတွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။ အရက်သောက်စားတတ်သည့် ယောက်ျားတွေကြောင့် ဇနီးတွေမှာ နေ့စဉ်လိုလို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ကြရသည်။ အိမ်ထောင်မှုသာယာဖို့နေနေသာသာ စားဝတ်နေရေးအတွက် အတော့်ကို ကြိုးစားရုန်းကန်နေရကြောင်း အိမ်ထောင်ရှင်မတစ်ဦးက ပြောပြသည်။ "ကျွန်မနဲ့ရတုန်းက အရက်လုံးဝမသောက်တတ်ဘူး။ကလေးတစ်ယောက်ရမှ အပေါင်းအသင်းတွေနဲ့တွေ့ပြီး အရက်သောက်တတ်လာတယ်။ မသောက်ဖို့အတန်တန်ပြောပါတယ်။ မိဘတွေကလည်း ပြောတယ်။ မရဘူးသောက်တာပဲ။ ကြာတော့ ဘာဖြစ်တုန်းဆိုတော့ သူ့လုပ်စာစားဖို့နေနေသာသာ ကလေးငယ်လေးနဲ့ ဈေးရောင်းထွက်ရတာ ပိုလျှံတာလေးနဲ့ ဖြစ်အောင်စားရတယ်။ နောက်ကျတော့ ကျွန်မ ပင်ပင်ပန်းပန်းရှာလို့ရတဲ့ ချွေးနှဲစာကို တောက်လျှောက်တောင်းတယ်။ မရှိလို့မပေးနိုင်ရင် ရိုက်နှက်ဆဲဆိုပြီး အမျိုးမျိုးအနိုင်ကျင့်တာ ကြာတော့ မခံနိုင်တော့တဲ့အဆုံး လင်မယားချင်းကွဲကြတာ ခုဆို ကျွန်မသမီးလေးတောင် လေးတန်းရောက်နေပြီ" လို့ ပြောပြသည်။

ပြောမယ့်သာပြောနေသည်။ သူ့မျက်နှာတွင် ခံစားချက်က အထင်းသားပေါ်နေသည်ကို အကဲခတ်မိသည်။ လူကြီး၊ လူငယ်မရွေး အရက်သေစာသောက်စားမှုမှာ ကြောက်ခမန်းလိလိ များပြားလာသလို အရက်ဆိုင်၊ ဘီယာဆိုင်တွေကလည်း မြို့တိုင်းတွင်ဖွင့်လာသည်မှာ ကိုယ်တွေ့ပင်ဖြစ်ပြီး ယစ်မျိုးလိုင်စင်ဈေးတွေ အဆမတန်မြင့်တက်လိုက်သော်လည်း သိသာသော ပြောင်းလဲမှုကို ခုချိန်ထိမတွေ့ရသေးပေ။ အဓိကမှာ မိမိကိုယ်တိုင်ပင်ဖြစ်သည်။ အရက်ဆိုင်တွေ ဘယ်လောက်ပေါပေါ ကိုယ့်ကိုယ်ကို ထိန်းကျောင်းနိုင်လျှင် အကောင်းဆုံးဖြစ်ပြီး အရက်စွဲသူတွေ ပေါများလာသည့်အတွက် လူသားအရင်းအမြစ်စွမ်းပကား များစွာကျဆင်းနိုင်သလို မိဘအုပ်ထိန်းသူများ၊ အိမ်ထောင်ရှင်များအတွက်လည်း ကိုယ်စိတ်နှစ်ပါး ထိခိုက်နေကြရသည်မှာ မမြင်တွေ့ချင်အဆုံးပင်ဖြစ်သည်။ လယ်ယာလုပ်ငန်းခွင်တွင်လည်း အရက်ပါသည်။ အလှူပွဲ၊ မင်္ဂလာပွဲ၊ နာရေးပွဲ၊ ဘာပွဲ၊ ညာပွဲ အကုန် သူမပါရင်ပွဲမစည်ဖြစ်နေသည့်အတွက် နောက်ဆက်တွဲ ဆိုးကျိုးတွေကလည်း ထက်ကြပ်မကွာ ကပ်ပါလာတတ်စမြဲ။ အရက်မူးလာတော့ သွေးဆူပြီး အကောင်းကိုအဆိုးမြင် မိတ်ဆွေကိုပင် ရန်သူအသွင်မြင်တတ်ကာ မိမှန်းမသိ၊ ဖမှန်းမသိဖြစ်ကြရာက မမျှော်လင့်နိုင်သည့် မှုခင်းကြီးငယ်များပေါ်များလာခြင်း၏ အဓိကအရင်းအမြစ်ဖြစ်နေသည်။ အသက်ရှည်အနာမဲ့စွာ သက်တမ်းစေ့ နေထိုင်နိုင်ရေးကို မြော်တွေးကာ အချိန်မနှောင်းခင် အသိတရားလေးနဲ့ သတိထားဆင်ခြင်နိုင်ကြပါစေလို့. . . ။ ။

တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျက်စိဝေဒနာရှင်များအား အာဟာရအားဖြည့်အစားအစာများပေးအပ်လှူဒါန်း

တောင်ငူ ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စံထားဖြူနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုရီးယားနိုင်ငံ Lion Club အဖွဲ့မှ အခမဲ့မျက်စိခွဲစိတ်ကုသပေးခဲ့သော လူနာများကို သွားရောက်ကြည့်ရှုအားပေးကြပြီး လူနာများအား အာဟာရအားဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ အဖွဲ့သည် တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသများမှ ပြည်သူများအား ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ အခမဲ့မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဩဂုတ် ၁၂ ရက်ကလည်း တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင် ခြောက်မြို့နယ်မှ အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြိုင်ပွဲဝင်များ၊ စံပြမိခင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ အင်အား ၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၂၉)

အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ

ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ M.A, Ph.D ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည်

၁၈-၈-၂၀၁၄ ရက် မန္တလေးမြို့၊ ဦးမြတ်ကျော်-ဒေါ်ခင်စန်း၊ "သာသနာ့ရောင်ခြည်သက်န်းတိုက်"နှင့် ဒကာ၊ ဒကာမများ စုပေါင်းလှူဒါန်းသော အိမ်တော်ရာစေတီတော်ဓမ္မာရုံကြီး၌ တရားပွဲ။

- ✻ ၂၄-၈-၂၀၁၄ ရက် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့ တရားပွဲ။
- ✻ ၂၆-၈-၂၀၁၄ ရက် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ တရားပွဲ။
- ✻ ၁-၉-၂၀၁၄ ရက် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရွာတန်းရှည်ရွာ၊ ခေမာသီဝံ မဟာစည်သာသနာ့ရိပ်သာတရားပွဲ။
- ✻ ၈-၉-၂၀၁၄ ရက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ "စန်းမြသီတာ" မဟာစည်သာသနာ့ရိပ်သာတရားပွဲ။
- ✻ ၁၆-၉-၂၀၁၄ ရက် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားတရားပွဲ။
- ✻ ၂၃-၉-၂၀၁၄ ရက် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ မဟာစည်သာသနာ့ရိပ်သာတရားပွဲ၊
- ✻ ၁-၁၀-၂၀၁၄ ရက် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘန်ဘွေးကုန်းကျေးရွာတရားပွဲ။
- ✻ ၈-၁၀-၂၀၁၄ ရက် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ ဖြူးမဟာစည်သာသနာ့ရိပ်သာတရားပွဲ။

အထက်ပါ တရားပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်နိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉- ၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ဖြူးမဟာစည်သာသနာ့ရိပ်သာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ မင်းဓမ္မလမ်း၊ MCC ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာဦးအောင်စံပယ်ပန်းကုံး၊ သိဒ္ဓိတင်ပန်းကုံးများ ချီးမြှင့်ပေးပါသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာဦးလက်စွပ်ဆင်မြန်းပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင် ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး၊ မင်္ဂလာဦးဆွဲကြိုးဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီ၊ INDIA နိုင်ငံ Tirupathi Balaji ဘုရားကျောင်းတော်မှပေးပို့သော မင်္ဂလာသိဒ္ဓိတင်ခြုံလွှာကို ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ အမှတ်တရပန်းစည်းများ ပေးအပ်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Gautam Mukhopadhyay တို့အားလည်းကောင်း၊ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်မေလတ်အားလည်းကောင်း၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အမေရိကန်၊ တိုင်ပေနိုင်ငံတို့မှ ရောက်ရှိလာသော ဧည့်သည်တော်ကြီးများအားလည်းကောင်း၊ နယ်အသီးသီးမှကြွရောက်လာကြသော မိတ်ဆွေများအားလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အန္ဒရာဟိန္ဒူအဖွဲ့ချုပ်၊ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ဟိန္ဒူဆီမီးငါးထောင်ပူဇော်ရေးအဖွဲ့၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များ၊ မင်္ဂလာညစာစားပွဲတွင် အထမြောက်အောင်မြင်ရေး မင်္ဂလာဧည့်ခံပွဲ ဧည့်ခံကျွေးမွေးရေးကူညီဆောင်ရွက်ပေးကြပါသော အပေါင်းအပါမိတ်ဆွေများအားလုံးကိုလည်းကောင်း၊ ရှုထောင့်ပေါင်းစုံမှ ပါဝင်ကူညီအားဖြည့်ပေးကြသော ညီအစ်ကိုအပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူအပေါင်းတို့အား ဂါရဝတရားရှေ့ထား၍ နွေးထွေးလိုက်လှဲစွာ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မေတ္တာရပ်ခံတောင်းပန်လွှာ

အထက်ပါမင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မိမိကိုယ်ပိုင်အချိန်များပေးဆောင်ကာ သည်းထန်စွာ ရွာသွန်းသည့် မိုးထဲလေထဲကြားမှ စေတနာမေတ္တာကြီးမားစွာဖြင့် ကြွရောက်ချီးမြှင့်ပေးတော်မူလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အိန္ဒိယသံအမတ်ကြီးနှင့် သံရုံးသံတမန်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နှစ်ဖက်သော မိတ်သင်္ဂဟများနှင့် မင်္ဂလာဧည့်ပရိသတ်အပေါင်းတို့အား မိမိတို့ဘက်မှ ကြိုဆိုရေးနှင့် ဧည့်ခံကျွေးမွေးမှုအပိုင်းတို့တွင် တစ်စုံတစ်ရာလိုအပ်ချက်များရှိခဲ့ပါက မေတ္တာတရားရှေ့ထားပြီး ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ် ဦးညွတ်ကန်တော့လျက် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်

ဒေါက်တာစန်းမောင်(ခ) **K.Umesh Kumar** နှင့် မချိုချိုသိန်း (ခ) **Jaishree@Gahana**

MBBS (Ygn) **BBA (Osmania University) Hyderabad**

လယ်ယာများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ စနစ်တကျအသုံးပြုသင့်

မကွေး၊ ဩဂုတ် ၁၈

ကျေးလက်ဒေသများမှ စိုက်ပျိုးတောင်သူများအနေဖြင့် လယ်ယာမြေလုပ်ငန်းခွင်များတွင် စိုက်ပျိုးရေးသုံးဆေးပစ္စည်း၊ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများသုံးစွဲရာတွင် စိုက်ပျိုးရေးပညာရှင်ကြီးများ၏ လမ်းညွှန်သတိပေးမှုများနှင့်အညီ စနစ်တကျသုံးစွဲဆောင်ရွက်သင့်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ယင်းတို့ကို စနစ်တကျသုံးစွဲခြင်းမပြုလျှင် သီးနှံများတွင် လူကိုအန္တရာယ်ပေးနိုင်သော ဓာတုအဆိပ်အတောက်များ ပါဝင်စေနိုင်သည့်အပြင် လတ်တလောအသုံးပြုလျက်ရှိသော တောင်သူများကိုလည်း ချက်ချင်းလက်ငင်း အဆိပ်သင့်မှုများ ဖြစ်ပွားစေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၅ ရက်ထုတ် ရတနာပုံ သတင်းစာ (စာ-၄)တွင် 'ပဲတီစိမ်းစိုက်ခင်း ဆေးဖျန်းနေသူ အဆိပ်သင့်၍ သေဆုံးမှုဖြစ်ပွား' ဟူသောခေါင်းစဉ်ဖြင့် မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ မကျီးချိုကျေးရွာအုပ်စုမှ တောင်သူအမျိုးသမီးတစ်ဦးသည် 'နိုကာ' အမျိုးအစား ပိုးသတ်ဆေးနှစ်ဂါလန်ခန့်ပါသောဆေးဖျန်းပုံးကို ကျောပိုးလျက် ပဲတီစိမ်းစိုက်ခင်းထဲတွင်ဆေးဖျန်းနေစဉ် ပါးစပ်မှ အမြှုပ်များထွက်ကာ သတိလစ်လဲကျခဲ့ကြောင်း၊ ၎င်းကို လှည်းဖြင့်သယ်ဆောင်လာရာ မကျီးချိုရွာအရောက် သေဆုံးသွားသဖြင့် မြို့သစ်မြို့မရဲစခန်းတွင် သေမှုသေခင်းဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

အပတ်စဉ်၊ နေ့စဉ်ထုတ် သတင်းစာ၊ ဂျာနယ်များတွင်လည်း အလားတူသတင်းများကို စိတ်မကောင်းဖွယ် မကြာခဏဖတ်ရှုရလေ့ရှိသောကြောင့် သက်ဆိုင်ရာဌာနများကလည်း တောင်သူ နည်းပညာပေးဆွေးနွေးပွဲများကို ကျေးရွာများအထိ ကွင်းဆင်းကာ သီးနှံအလိုက် မြေဆီသုံးစွဲမှုနှင့် သီးနှံအလိုက် ရောဂါပိုးမွှားများအတွက်သုံးစွဲသင့်သော ပိုးသတ်ဆေးနှင့်မှိုရောဂါသတ်ဆေးများကို စနစ်တကျသုံးစွဲနည်းများကို ဟောပြောဆောင်ရွက်လျက်ရှိသော်လည်း တောင်သူများအနေဖြင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းများကို စနစ်တကျသုံးစွဲမှု နည်းပါးနေသေးကြောင်း မကွေးမြို့မှစိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

"ဒီနှစ်ဆိုရင် မကွေးတိုင်းမှာ မိုးဝင်တာလည်းနောက်ကျတယ်။ မိုးရွာသွန်းမှုကလည်း နည်းတယ်။ သီးနှံအထွက်နှုန်းနည်းနိုင်သလို အောင်မြင်နေတဲ့သီးနှံတွေကိုလည်း ပိုးမွှားကျရောက်ပြီး မပျက်စီးစေဖို့ ရွက်ဖျန်းပိုးသတ်ဆေးတွေ၊ မှိုရောဂါသတ်ဆေးတွေ သုံးကြတယ်။ သုံးတဲ့အခါမှာလည်း စနစ်တကျ အသုံးပြုမှုနည်းတဲ့အတွက် ဒီလိုဖြစ်ရပ်မျိုးတွေပေါ်ပေါက်ရတယ်။ အန္တရာယ်ကင်းစွာ ချင့်ချိန်ကိုင်တွယ် အသုံးပြုတတ်ဖို့ ပညာပေးအစီစဉ်တွေ ဆက်လက်ဆောင်ရွက်ရဦးမယ်။ ဒါမှ ကျေးဇူးရှင်တောင်သူဦးကြီးတွေ ဓာတုပိုးသတ်ဆေးတွေကြောင့် ဒီလို အသက်ဆုံးပါးရတယ်ဆိုတဲ့ သတင်းမျိုးတွေရှိတော့မှာမဟုတ်ဘူး" ဟု ၎င်းကပြောသည်။

ကျော်စွာ(မကွေး)

လက်ပံခြေပေါ် မြစ်ရေတင်တွင် တလင်းပျောက်စနစ်ကျင့်သုံး

ညောင်ဦး၊ ဩဂုတ် ၁၈

ညောင်ဦးမြို့နယ် လက်ပံခြေပေါ် မြစ်ရေတင်တွင် တလင်းပျောက်စနစ်ကျင့်သုံးပြီး သုံးသီးအမီစိုက်ပျိုးရန် စပါးရိတ်ခြွေစက်ကို အသုံးပြုလျက်ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်မြစ်ရေတင်တွင် နွေစပါးများကို မတ်လမှ စတင်စိုက်ပျိုးထားခဲ့ရာ ယခုအချိန်တွင် ရိုက်ခါစနစ်ကိုအသုံးမပြုဘဲ ရိတ်သိမ်းခြွေလှေ့စက်အား အသုံးပြုမှုများပြားလာကြောင်း သိရသည်။

ယခင်ကစပါးများကို အလုပ်သမားများနှင့် ရိတ်သိမ်းကြသော်လည်း အလုပ်သမားများနှင့် ရိတ်သိမ်းရာတွင် တစ်ဧကရိတ်ခ လုပ်အားခကို ကျွဲစရိတ် မွေးစရိတ်နှင့် ညှပ်ခံစရိတ်က တစ်ဧကကို တစ်သိန်းကျော်ကုန်ကျပြီး ယခုလို ရိတ်သိမ်းခြွေလှေ့စက်နှင့် ရိတ်ပါက တစ်ဧကကို ခြောက်သောင်းကုန်ကျသည်ဟု သိရှိရသည်။

"ကျွန်တော်တို့ရိတ်ခြွေစက်ကို ယခု နွေစပါးရိတ်သိမ်းချိန်မှ စတင်ပြီး ဝယ်ယူသုံးစွဲခဲ့ပါတယ်။ ဒီစက်ကို အသုံးပြုခြင်းအားဖြင့် လုပ်ငန်းတွင်ကျယ်အောင်လုပ်လို့ရတယ်။ မိုးမိမှာလည်းမစိုးရိမ်ရဘူး။ ရှေ့ကရိတ်ပြီးနောက်က စပါးအစေ့တမ်းထွက်တယ်။ တစ်နေ့ကုန်ကို သုံးဧကမှ လေးဧကအထိ ပြီးတယ်။ မိုးမိမှာလည်း မကြောက်ရပါဘူး။ တစ်ဧကကို ရိတ်ခြွေစက်ခက ခြောက်သောင်းကုန်ပါတယ်။ လယ်စိုက်တောင်သူတွေမှာ ဒီလိုစက်တွေပေါ်လာတဲ့အတွက် တော်တော် အဆင်ပြေပါတယ်" ဟု သရက်ကုန်းရွာ စပါးစိုက်တောင်သူ ဦးအောင်နေက ပြောသည်။

ယခုရိတ်သိမ်းနေသည့်နွေစပါးမှာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မနောသုခနှင့် ဆင်းသုခစပါးမျိုးကောင်းမျိုးသန့်ဖြစ်ပြီး ထိုသို့လက်ပံခြေပေါ်မြစ်ရေတင်တောင်သူများက နွေစပါးကို ရိတ်သိမ်းလျက်ရှိရာ အခက်အခဲများရှိကြောင်း သိရသည်။

"ကျွန်တော်တို့က အရင်တုန်းကဆိုရင် လူငှားရိတ်ရတာ မိုးမိမှာစိုးရတယ်။ နောက် မိုးစပါးစိုက်ဖို့ရန်အတွက် ထွန်ရေးပြင်ချင်၊ နွေစပါးက ရိတ်မပြီးသေးနဲ့ တောင်သူတွေ မိုးစပါးစိုက်တာ အတော်နောက်ကျတယ်။ လူလည်းပင်ပန်းတယ်။ နွားတွေလည်း ပင်ပန်းတယ်။ စပါးရိတ်ဖို့ အလုပ်သမားခေါ်ရတာလည်း အလုပ်သမားရှားတယ်။ ရိတ်ပြီးတော့ ရိုက်ခြွေနေတာလည်း အတော်ကြာတယ်။ အခုလို ရိတ်ခြွေစက်တွေပေါ်လာတော့ တောင်သူလယ်သမားတွေ စိတ်ချမ်းသာတယ်။ အခုလို ဩဂုတ်လကုန်၊ စက်တင်ဘာလဆန်းလောက် မိုးစပါးကို ခြွေပြီးစိုက်မယ်ဆိုရင် မိုးစပါးပြီးရင် ကုလားပဲစိုက်လို့ရတယ်။

ညောင်ဦးမြို့နယ်အတွင်း စပါးရိတ်သိမ်းခြွေစက်ဖြင့် စပါးရိတ်နေသည်ကိုတွေ့ရစဉ်။

"CP ပြောင်းဖူးလည်းစိုက်လို့ရတယ်။ အဲဒီလိုပြီးရင် နွေစပါးစိုက်လို့ရတယ်။ ပဲတီစိမ်းစိုက်လို့လည်းရသလို ဘာသီးနှံစိုက်စိုက် သုံးသီးစိုက်လို့ရတယ်။ မြစ်ရေတင် ရေကလည်း အဆင်ပြေမယ်ဆိုရင်ပေ့ါ။ တစ်နှစ်ကို တစ်သီးစား၊ နှစ်သီးစားဘဝကနေ သုံးသီးစားဘဝကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် တောင်သူတွေမှာ အဆင်ပြေလာနိုင် ဖွယ်ရှိပါတယ်"ဟု ရွာသစ်ကုန်းရွာမှ ဦးအောင်ရှင်းထံကပြောသည်။

ယခုနှစ်နွေစပါးများသည် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်းကိုးဆယ်နှင့်တစ်ရာကြား ထွက်ရှိပြီး ၂၀၁၃-၂၀၁၄ နွေစပါးစိုက်ပျိုးမှုနည်းပါး၍ စိုက်ဧကနည်းပါးသော်လည်း ယခင်နှစ်ကထက် ပိုထွက်ကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

လိပ်တက်ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

မိတ္ထီလာ၊ ဩဂုတ် ၁၈

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရေတွင်းကျေးရွာအုပ်စု လိပ်တက်ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအောင်မြင်ရေးအတွက် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

လိပ်တက်ကျေးရွာမြစိမ်းရောင်စီမံကိန်းတွင် အရင်းမပျောက်မတည်ချေးငွေရယူသူ ဒေသခံအိမ်ထောင်စုများ၏ စီမံကိန်းချေးငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အမှန်တကယ် လုပ်ကိုင်အောင်မြင်စေရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ ဟောပြောဆွေးနွေးခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်ဝင်းအတွင်းကျင်းပခဲ့သည်။

ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းအောင်နှင့် မြို့နယ်၊ ကျေးလက်ဦးစီးမှူး ဒေါ်ရီရီဝင်းတို့က စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် လိပ်တက်ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာဒေသခံများမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများမှ ပြန်လည်ဆွေးနွေးဖြေကြားသည်။

ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၁ ရွာတွင်ပါဝင်သည့်လိပ်တက်ကျေးရွာမှ အိမ်ထောင်စု ၁၀၃ စုအတွက် မြစိမ်းရောင်ချေးငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

အမ်းမြို့နယ်တောင်သူပညာပေးသင်တန်းဖွင့်

အမ်း ဩဂုတ် ၁၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အမ်းမြောက်အုပ်စု ဒိုင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော တောင်သူပညာပေးသင်တန်းအမှတ်စဉ် (၂/၂၀၁၄)ကို ဩဂုတ် ၉ ရက်က ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းနှင့် သင်တန်း ဆရာ ဆရာမများ၊ ကျောက်ဖြူခရိုင် ခရိုင်ဦးစီးမှူးနှင့် သင်တန်းဆရာ ဆရာမများ၊ အမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူရနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့် တောင်သူ စုစုပေါင်း ၈၆ ဦး တက်ရောက် ကြသည်။

သင်တန်းတွင် သင်တန်းသားသင်တန်းသူများကို ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် သင်တန်းဆရာ ဆရာမတို့ က ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းပညာများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

သန်းမောင်(အမ်း)





အမည်တစ်ဦးတည်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ဈေးသစ်ရပ်ကွက်၊ မရမ်းကုန်း (၂)လမ်းနေ (ဘ)ဦးမောင်မောင်လတ်၏သား [၁၂/တတန(နိုင်)၀၁၂၈၈၂] ကိုင်ဆောင်သူ လှသင်း(ခ)သန်းဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
လှသင်း(ခ)သန်းဇော်[၁၂/တတန(နိုင်)၀၁၂၈၈၂]

ပျောက်ဆုံးကြောင်း

ကျွန်ုပ် မိပကောင်းထော[၃/ဘအန(နိုင်)၂၃၉၆၃၇]၏ Psno.A-425504 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၂၈၁၃၉၆



ဖတ်စရာ

ကျေးဇူးတင်ပါတယ် အောင်ဘာလေ

à rcifkm;

စာရေးသူဟာ နှစ်ကျပ်တန်အောင်ဘာလေထီခေတ်ကစလို့ အဆင့်ဆင့် ပြောင်းလဲပြီး အခုကျပ် ၂၀၀ တန်ထီအထိ ကံစမ်းရတာလည်း ဝါသနာပါပါ။ မပေါက်ရင်လည်း ဒါနသဘောမို့ အပတ်စဉ်ပါပဲ ထီကံစမ်း(ထိုး)ခဲ့တာ။ ထီမထိုးရသေးတဲ့လဆို တစ်ခုခုလိုနေသလိုပါပဲ။

အက္ခရာကော ဂဏန်းခြောက်လုံးပါ တူဖို့ဆိုတာကလည်း တော်တော်ကိုကံကောင်းမှ ပေါက်နိုင်မှာပါ။ အဲဒီလိုထီထိုးနေရင်းနဲ့ပဲ အက္ခရာနဲ့ဂဏန်းသုံးလုံးတူ မင်္ဂလာစုံတွဲစနစ်ပေါ်လာပြီး နှစ်ကြိမ်ပေါက်ဖူးပါတော့တယ်။

၂၀၁၄ ခုနှစ် ဩဂုတ်လတစ်ရက်နေ့မှာ ဖွင့်လှစ်မည့် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းထီဖွင့်ပွဲမှာ ပုံစံသစ်ဆုမဲများနဲ့ ဆုမဲအရေအတွက်များပါ တိုးပေးမယ်လို့ ကြေညာချက်သိရပြီးတဲ့နောက် လတိုင်းထိုးနေကြတာထက်ကို ပိုထိုးဖြစ်ပါတယ် ၂၈၀ နှုန်း၊ ၃၀၀ နှုန်းတွေနဲ့ပါ။

မျှော်လင့်ထားတဲ့ ဩဂုတ်လ ၁ ရက် ထီဖွင့်ပွဲနေ့ရောက်လာပါပြီ။ အရင်လတွေဆို နေ့ခင်းပိုင်းမှာ 'သိန်းထီပေါက်စဉ်တွေရမယ်'၊ 'ထီပေါက်စဉ်မှန်တွေရမယ်'၊ ဆိုပြီး ရပ်ကွက်ထဲမှာ လှည့်အော်ရောင်းတဲ့ ထီပေါက်စဉ်သည်တွေ လာနေကျမို့ မျှော်နေပေမယ့် ထူးထူးခြားခြားပဲ မိုးချုပ်တဲ့ထိတစ်သည်မှပေါ်မလာပါ။ ထီကလည်း အရမ်းတိုက်ချင်နေမှ ထီပေါက်စဉ်ကဝယ်မရဖြစ်နေတယ်။ အိမ်မှုကိစ္စတွေနဲ့ အပြင်ထွက်မဝယ်ဖြစ်ခဲ့။

၄ ရက်နေ့မနက် သတင်းစာဖတ်တော့မှ သတင်းစာထဲမှာ အောင်ဘာလေသိန်းဆုဌာနခွဲရဲ့ (၃၀၇) ကြိမ်မြောက် ထီပေါက်စဉ် ပါလာတာတွေ့ရပြီး ထီတိုက်ဖြစ်ပါတော့တယ်။ ကျပ်နှစ်သိန်းဆုမှာ နောက်ဆုံးဂဏန်းတစ်လုံးပဲ လွဲပြီး ကံမကောင်းဖြစ်သွားပါတယ်။ ဒါပေမယ့် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲကိုတော့ အမှန်ပဲကျေးဇူးတင်ကြပါတယ်။ ဒီလိုမျိုး သတင်းစာထဲမှာ ထီပေါက်စဉ်ထည့်ပေးတာ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုပါပဲ။

မြန်မာပြည်အရပ်ရပ်က ထီပေါက်စဉ်မှန်ကို သိခွင့်ရ၊ ထီတိုက်ခွင့်ရကြမှာပါ။ ထီပေါက်စဉ်နဲ့အတူ ထီဆုငွေထုတ်ပေးမယ့်ရက်၊ ထီဆုငွေထုတ်မည့်သူများ ယူဆောင်လာရန်အချက်များနဲ့ နေ့ချင်းထုတ်ပေးမှာဖြစ်ကြောင်းများ ထည့်သွင်းဖော်ပြထားပါသေးတယ်။ ဒါတင်မက နောက်တစ်ကြိမ် (၃၀၈) ကြိမ်နဲ့ပတ်သက်တဲ့ အက္ခရာလုံးရေ ထီလက်မှတ်အရေအတွက်နဲ့ ဆုမဲအရေအတွက်များပါ ပွင့်လင်းမြင်သာစွာ ဖော်ပြထားတာမို့ အောင်ဘာလေသိန်းဆုဌာနခွဲကို ကျေးဇူးတင်မိပါတယ်။

ထပ်ခါထပ်ခါကျေးဇူးတင်ချင်ပါသေးတယ်။ ထီတစ်စောင် ၂၀၀ ကျပ်နဲ့ ထိုးခွင့်များရအောင် ဖန်တီးပေးကြပါ။ အခုရွှေ့လျား (Mobile) လုပ်ငန်းတွေ တွင်ကျယ်နေပါတယ်။ မြို့နယ်အလိုက်ဈေးတွေမှာ မြို့နယ်အခွန်ဦးစီးမှူးရုံးများက တစ်လလျှင် တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် လှည့်လည်ရောင်းချပေးနိုင်ရင်တော့ ထီဝါသနာပါသူ ကံစမ်းချင်သူ မိဘပြည်သူများ တော်တော်ပျော်ကြမှာပါ။ ကျေးဇူးတွေလည်း ထပ်ခါထပ်ခါတင်နေဦးမှာပါ။ ပြည်သူတွေထဲက ပြည်သူတွေရဲ့ဆန္ဒပါ။ ဒီလိုလှည့်လည်ရောင်းချပေးနိုင်ဖို့ဆိုတာ မဝေဖန်နိုင်ရင်လည်း မိဘပြည်သူတွေ ထီတစ်စောင် ၂၀၀ နဲ့ ထိုးခွင့်ရနိုင်မယ့် နည်းလမ်းလေးတွေစဉ်းစားပေးကြပါ။ ကျေးဇူးတွေ ထပ်ခါထပ်ခါတင်ချင်လို့ မျှော်လင့်ချက်ပါ။

မကွေးမြို့နယ်၊ ဝါဂွမ်းကျေးရွာတွင် ၂၄ နာရီ မီးလင်းရေး ထရန်စဖော်မာ နှင့် ကွန်ကရစ်မီးတိုင်များစိုက်ထူမှု ၅၀ ရာခိုင်နှုန်းကျော်ပြီးစီး

လျှပ်စစ်မီးလင်းရေးအတွက် ကွန်ကရစ်တိုင်များ စိုက်ထူထားရှိမှုကို တွေ့ရစဉ်။

မကွေး၊ ဩဂုတ် ၁၈

မကွေးမြို့နယ်၊ ဝါဂွမ်းကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအားဖြင့် ကျေးရွာလမ်းမများတွင် ကွန်ကရစ်တိုင် ၄၀ စိုက်ထူလျက်ရှိပြီး စုစုပေါင်းတိုင် ၅၇ လုံး စိုက်ထူမည် ဖြစ်ကြောင်း၊ လျှပ်စစ်မီးလိုင်းကို မကွေး-နတ်မောက်လမ်းမှ ရွာထိပ်အရောက် ပေ ၁၈၁၀ ခန့်ဖြင့် သွယ်တန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားကြိုးများသွယ်တန်းပြီးပါက အိမ်ခြေ ၂၈၄ အိမ်နှင့် လူဦးရေ ၉၀၀ ခန့်နေထိုင်သည့် ဝါဂွမ်းကျေးရွာတစ်ရွာလုံး ၂၄ နာရီလျှပ်စစ်မီးလင်းတော့မည် ဖြစ်သည်။

"လျှပ်စစ်မီးကြိုးသွယ်တန်းဖို့အတွက်လည်း သက်ဆိုင်ရာက မကြာခင် ဆောင်ရွက်ပေးတော့မှာပါ။ကျွန်တော်တို့ကျေးရွာကလေး မီးလင်းနိုင်ဖို့အတွက် ၃၂ ဦးပါဝင်တဲ့ ကျေးရွာမီးလင်းရေးကော်မတီဖွဲ့ပြီး ၂၀၁၄ ခုနှစ် မေလပိုင်းကနေစတင်ပြီး တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ပါတယ်။ မီးလင်းရေးအတွက် ကိုယ်ထူကိုယ်ထပိုင်းအနေနဲ့ အလှူရှင်တွေကလည်း မတည်ငွေကျပ်သိန်း ၃၀၀ ခန့် ပါဝင်လှူဒါန်းခဲ့ကြပါတယ်။ ကေဗွီ ၂၀၀ ထရန်စဖော်မာလည်း ဝယ်ယူတည်ဆောက်ပြီး မီးလိုင်းကြိုးသွယ်တန်းပြီးတာနဲ့ လျှပ်စစ်မီးရရှိပြီး ကျေးရွာဒေသခံတွေရဲ့ လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်"ဟု ဝါဂွမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးက ပြောသည်။

ထို့ပြင် မကွေးမြို့မှ ဝါဂွမ်းကျေးရွာသို့တိုက်ရိုက်ဆက်သွယ်သည့် မူလရွာအဝင်လမ်းမှာ မိုးရွာလျှင်သွားရေးလာရေး ခက်ခဲကြမ်းတမ်းသဖြင့် မကွေး-နတ်မောက်လမ်းမကြီးမှ ဝါဂွမ်းကျေးရွာဆက်သွယ်မည့် ကျေးရွာဖွံ့ဖြိုးရေးလမ်းမကြီးကိုလည်း ဖောက်လုပ်ရန် နိုင်ငံတော်သို့ အဆင့်ဆင့်တင်ပြထားကြောင်းရွာဝင်လမ်းမကြီး အမြန်ဆုံးဖောက်လုပ်အောင်မြင်ရန် ဒေသခံကျေးရွာသားများက မျှော်လင့်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

ကျော်စွာ(မကွေး)

မကွေးမြို့နယ် ဗိုလ်ကုန်းစာသင်ကျောင်းတွင် ခြင်ဆေးပက်ဖျန်းခြင်းဆောင်ရွက်

မကွေး၊ ဩဂုတ် ၁၈

မကွေးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ဒု-ဦးစီးမှူး ဦးကျော်စိုးမင်း ဦးဆောင်၍ ကျောင်းအတွင်း ခြင်များခိုအောင်းနေနိုင်သည့် စာသင်ဆောင်များ၊ ရုံးခန်းများနှင့် ချုံနွယ်မြက်များထူထပ်သည့် နေရာများသို့ ခြင်ဆေးများ စနစ်တကျ ဖျန်းပက်ဆောင်ရွက်ပေးခဲ့သည်။ယင်းသို့ဆောင်ရွက်ခြင်းသည် မိုးရာသီတွင် ကလေးများ၌အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှင့်နောက်ဆက်တွဲရောဂါများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကလေးတွေ ကျောင်းသွားတဲ့အခါ ကျောင်းမှာခြင်ကိုက်မခံရအောင် ခြင်ဆေးခွေထည့်ပေးရတဲ့ဒုက္ခကနေ ကင်းဝေးသွားတာပေါ့။ အရင်က ခြင်ဆေးခွေနံ့ရှူရှိုက်နေရလို့ ကလေးရဲ့ကျန်းမာရေးထိခိုက်မှာ စိုးရိမ်ရသလို အသုံးမပြုပြန်ရင်လည်း သွေးလွန်တုပ်ကွေးဖြစ်မှာ စိုးရိမ်ရတဲ့ကိစ္စတွေ အဆင်ပြေသွားပါပြီ"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မကွေးမြို့၊ မြို့ဟောင်းရပ်ကွက်၊ အမှတ်(၁) ဗိုလ်ကုန်းမူလတန်းကျောင်းသည် အနီးဝန်းကျင်ရပ်ကွက်များမှ ကလေးသူငယ်များ၏ ပညာရေးအတွက် အဓိကအားထားရသော စာသင်ကျောင်းဖြစ်ပြီး စာသင်ကျောင်းအင်္ဂါရပ်များနှင့်လည်း အထူးပြည့်စုံသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စာရိတ္တမြှင့်တင်ရေးတို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျော်စွာ(မကွေး)

မော်လူးအခြေခံအထက်တန်းကျောင်းတွင် ကျန်းမာရေး စစ်ဆေးမှုနှင့်ဗီတာမင်ဆေးဝါးများတိုက်ကျွေး

မော်လူး၊ ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူး အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်တွင် ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကာ ဗီတာမင်ဆေးဝါးများနှင့် လိုအပ်သောဆေးဝါးများကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မော်လူးအခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၅၀၀ ခန့်ရှိသည့်အနက် အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူ ၅၇၆ ဦးတို့ကို အဆိုပါ မော်လူးတိုက်နယ် ဆရာဝန်ဒေါက်တာ လာမာမီးက အမှိုက်ကင်းစင်တို့ကျောင်းတစ်ခွင်၊ ခြင်ကျားကင်းစင်တို့ကျောင်းတစ်ခွင်၊ မူးယစ်ကင်းစင်တို့ကျောင်းတစ်ခွင် ခေါင်းစဉ်များဖြင့် လည်းကောင်း၊ ကျန်းမာရေးကြီးကြပ်(၁) ဦးကြည်ကိုကိုက ဝမ်းပျက် ဝမ်းလျှောဖြစ်ပွားမှု ရောဂါအကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ယင်လုံအိမ်သာ စနစ်တကျသုံးစွဲပုံအကြောင်း တို့ကို အသီးသီး ပညာပေးဟောပြော ခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ကာ ဗီတာမင်ဆေးဝါးများနှင့် လိုအပ်သောဆေးဝါးများ တိုက်ကျွေးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းတင့်နှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နီတိုး

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အနာဂတ်အရည်အသွေးမြင့်ဝန်ဆောင်မှု ကျွမ်းကျင်သူမျိုးဆက်သစ် ပေါ်ထွက်ရေးရည်ရွယ်ကာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့်

Hospitality and Catering Training Academy တွင်

ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါသင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အထောက်အကူဖြင့် Hospitality and Catering Training Academy သင်တန်းကျောင်းတွင် Certificate in Hotels Operation နှင့် Certificate in Culinary Art သင်တန်းများကို အောက်တိုဘာလအတွင်း စတင်ဖွင့်လှစ်ပါမည်။

၂။ အဆိုပါသင်တန်းများကို ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူပညာရှင်များမှ ASEAN Competency သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးပါမည်။

၃။ သင်တန်းကျင်းပမည့် နေရာနှင့်နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေရာ ။ ။ အမှတ်-N-61၊ မကျီးကန်ကျေးရွာ၊ Hospitality and Catering Training Academyသင်တန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

သင်တန်းကာလ ။ ။ ၆ လ+၂လ လုပ်ငန်းခွင်အလုပ်သင်

သင်တန်းအချိန် ။ ။ နံနက် ၉နာရီမှ ညနေ ၄နာရီ (တနင်္လာနေ့မှ သောကြာနေ့အထိ)။

၄။ သင်တန်းလျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက်-

(က) တက္ကသိုလ်ဝင်တန်း(၁၀)တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူများ

(ခ) အသက်(၁၈)နှစ်မှ (၂၅)အတွင်းဖြစ်ရမည်။

(ဂ) ကျန်းမာရေး ပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(ဃ) သင်တန်းကာလ(စာတွေ့ လက်တွေ့)များအား သင်ယူနိုင်ပြီး သင်တန်းစည်းကမ်းကို လိုက်နာသူ၊ သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

(င) သင်တန်းလျှောက်လွှာတွင် လျှောက်ထားသူကိုယ်တိုင် လက်ရေးဖြင့် ဖြည့်သွင်းရေးသားရပါမည်။

၅။ သင်တန်းလျှောက်လွှာများကို (၁၈-၉-၂၀၁၄)ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး HCTA မှ ကျင်းပပြုလုပ်မည့် သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။

၆။ အခမဲ့သင်တန်းဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

(က) အမှတ်- N-61၊ မကျီးကန်ကျေးရွာ၊ Hospitality and Catering Training Academy သင်တန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ အခန်းအမှတ်(၀၀၄၊ ၀၀၆)၊ အင်းယားကန်ဟိုတယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၂၅၀၈၀၇၀၅၅၊ ၀၉-၂၅၁၀၃၄၅၆၆

မြင်းမူတွင် ရေဆိုး၊ ရေညစ်နှင့် မိလ္လာကန်သန့် ဇီဝသဘာဝဆေး ပက်ဖျန်း

မြင်းမူ၊ ဩဂုတ် ၁၈

ဆေးရုံ၊ ကျောင်း၊ ဈေးနှင့် မိသားစုနေအိမ်များတွင် အနံ့ဆိုးနှင့် ရေဆိုး၊ ရေညစ်များမှ ကူးစက်ရောဂါ မဖြစ်ပွားစေရေး၊ ခြင်အန္တရာယ်မှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး၊ မိလ္လာကန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရေးနှင့် မိလ္လာကန်ကြွင်းစနစ် ပြည့်စုံကောင်းမွန်ရေးတို့ကို ရည်ရွယ်၍ မြင်းမူမြို့နယ်အတွင်းရှိ ဆေးရုံ၊ ကျောင်း၊ ဈေး၊ ရပ်ကွက်များနှင့် ကျေးရွာများရှိ မိသားစုနေအိမ်များအထိ ဩဂုတ် ၁၆ ရက်က စတင်၍ ရေဆိုး၊ ရေညစ်နှင့် မိလ္လာကန်သန့် ဇီဝသဘာဝဆေးများ (Bio King 100% Power Production) အခမဲ့ ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

"ဇီဝသဘာဝဆေး တစ်ထုပ်ကို ရေဂါလန် ၈၀၀ နဲ့ ရောစပ်အသုံးပြုနိုင်ပါတယ်။ ဒီဆေးက ရေထုညစ်ညမ်းမှုကို ကာကွယ်ပေးသလို ရေရဲ့ PH Level နဲ့ Water Colour ကိုလည်း ထိန်းသိမ်းပေးနိုင်ပါတယ်။ ရေဆိုးမှ ရေကောင်းအဖြစ် ပြောင်းလဲပေးနိုင်တဲ့အတွက် ခြင်ပေါက်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဆေးတစ်ကြိမ် ဖျန်းပြီးရင် သုံးလအထိ ဆေးအာနိသင် ရှိပါတယ်။ ဆေးဖျန်းပေးခြင်းနဲ့အတူ ဆေးအသုံးပြုပုံများကိုလည်း ရှင်းပြပေးသွားမှာဖြစ်ပါတယ်"ဟု Bio King 100% Power Production အဖွဲ့ခေါင်းဆောင် ဦးရန်အောင်က ပြောသည်။

အဆိုပါ ရေဆိုး၊ ရေညစ်နှင့် မိလ္လာကန်သန့် ဇီဝသဘာဝဆေးသည် ဓာတုပစ္စည်း လုံးဝမပါသော ကုန်ကြမ်းများနှင့် ထိုင်ဝမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ အဆင့်မြင့်နည်းပညာဖြင့် အကျိုးပြုမှုများ၊ သဘာဝတွင်းထွက်ပစ္စည်းများနှင့် အပင်၏ ကြိတ်ဖတ်များ၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို အခြေခံအသုံးပြုကာ ခေတ်မီစက်ကိရိယာများဖြင့် တီထွင်ထုတ်လုပ်ထားကြောင်းသိရသည်။ ဆေးဖျန်းခြင်းလုပ်ငန်းကို ခြောက်လတစ်ကြိမ် အခမဲ့ လာရောက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖိုးခါး

ညောင်ဦးခရိုင်၊ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် အင်တာနက် အခမဲ့အသုံးပြုနိုင်

ညောင်ဦး၊ ဩဂုတ် ၁၈

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ အသိပညာဗဟုသုတများ ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အင်တာနက်အခမဲ့အသုံးပြုနိုင်ရန် ဝိုင်ဖိုင်အင်တာနက်အား နံနက် ၇ နာရီမှ ည ၉ နာရီအထိ နေ့စဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်းသိရသည်။

ထို့အပြင် ပြည်သူများ သုတ၊ ရသနှင့် ပညာရပ်စာပေများအား အင်တာနက်ချိတ်ဆက်အသုံးပြုစရာမလိုဘဲ စာအုပ်ပေါင်းခြောက်ထောင်ကျော်အား ဝိုင်ဖိုင်စနစ်ချိတ်ဆက်၍ ဒေါင်းလုပ်ဆွဲကာ ဖတ်ရှုနိုင်ရန် Public Digital Library Service စက်တပ်ဆင်ထားခြင်းကြောင့် ပြည်သူများ Andriod Mobile ဖုန်းများ၊ Tablet များ၊ Laptop ကွန်ပျူတာများဖြင့် အလွယ်တကူဒေါင်းလုပ်ဆွဲ၍ PDF Reader Software ဖြင့် ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

တိမ်ကောပျောက်ကွယ်လုနီးပါးရှိသော ပန်းလှိုင်မြစ်အား ပြန်လည်တူးဖော်မည်

ရန်ကုန်၊ ဩဂုတ် ၁၈

တိမ်ကော ပျောက်ကွယ်လုနီးပါရှိသော ပန်းလှိုင်မြစ်အား ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းနှင့်အတူ ပိုလျှံရေပြွန်ထုတ်မည့်ချောင်းငယ်များကိုလည်း ပြန်လည်တူးဖော်သွားမည်ဖြစ်သည်။ ရေထိန်းတံခါးဟောင်းများ ပြန်လည်ပြုပြင်မည့်အပြင် လိုအပ်သောနေရာများတွင် ရေထိန်းတံခါးအသစ်များနှင့် ကွန်ကရစ်တံတားများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေပေါ်မြေတူးစက်အပါအဝင် မြေတူးစက် ၂၅ စီး၊ မြေထိုးစက် ၂၅ စီး၊ မြေသယ်ယာဉ် ၁၂၅ စီးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် မိုးတွင်းကာလဖြစ်သဖြင့် ဆောင်ရွက်နိုင်သည့်အပိုင်းများဖြစ်သော တွံတေးမြို့နယ် ကသပေါင်းကျေးရွာအနီး၊ ထန်းတပင်မြို့နယ် လမူကျေးရွာအနီး၊ ရန်ကုန်တိုင်း နည်းပညာတက္ကသိုလ်အနီးနှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့တွင် စက်ယန္တရားမျိုးစုံ အစီးပေါင်း ၄၁ စီးဖြင့် ဆောင်ရွက်နေပြီ ဖြစ်သည်။ တူးဖော်မည့် ပန်းလှိုင်မြစ်အကျယ်မှာ မြစ်ကြမ်းခင်းပေ ၆၀ နှင့် အနက်မှာ ၁၅ ပေမှ ၂၀ ပေအကြား၊ အလျား ၃၄ မိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ရေချိုသွင်းပြီး ရေဝင်ထိန်းမည့် ရေတံခါးကြီးများကိုလည်း မြစ်နှင့်သင့်လျော်သောနေရာတို့တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းလှိုင်မြစ်ကြီး တူးဖော်ပြီးစီးပါက ညောင်တုန်းကျွန်း တံတားတဓံဧရိယာတွင် မိုးတွင်းကာလတွင်ဖြစ်ပေါ်သည့် ရေးကြီးရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ဝမှ နုန်းပါဝင်သည့်ရေများ ဝင်ရောက်မှုမရှိနိုင်ခြင်း၊ နုန်းပို့ချမှု သက်သာပြီး အရွဲ့ကွင်းမှ မိုးတွင်ကာလ ရေထုတ်နုတ်ရန် တည်ဆောက်ထားသည့် ခတ္တိယရေတံခါး၊ မြဂဲရေတံခါးတို့မှ ပုံမှန်ရေထုတ်နိုင်ပြီး မိုးတွင်းရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်၍ အရွဲ့ကွင်းတွင် မိုးစပါးဧက ၃၀၀၀ နှင့် နွေစပါးဧက ၃၃၄၂ ဧက စုစုပေါင်း ၆၃၄၂ ဧကကို အပြည့်အဝ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

၎င်းအပြင် တွံတေးနှင့် ထန်းတပင်မြို့နယ်အတွင်း ဧရိယာဧက ၁၀၁၁၂၈ ကို ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ပြီး၊ ပန်းလှိုင်မြစ်ရေကို တူးမြောင်းဖောက်လုပ်သွယ်ယူကာ ခတ္တိယ၊ မြောင်းတလုပ်တာအဖြစ် မြောင်းမြစ်မြောင်းမှတစ်ဆင့် သွယ်ယူသွားပါက တွံတေး၊ လှိုင်သာယာကားလမ်းဘေးရှိ ပဒန်ရေကျော်အထိ ရေသွင်းယူနိုင်မည်ဖြစ်သည်။

တူးဖော်ထားသော မြောင်းမြစ်မြောင်းများမှတစ်ဆင့် ရွှေမယင်းဒေသတွင် ဧက ၇၀၀၀ ခန့် ရေသွင်း၍ နွေစပါးစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ပန်းလှိုင်မြစ်ကို တူးဖော်ခြင်းဖြင့် ရေကြီး ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် နွေးစပါးကိုလည်း အပြည့်အဝစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဘယ်တုန်းကမှ မမျှော်လင့်ထားတဲ့ကိစ္စပါ။ ပန်းလှိုင်မြစ်ကြီး တိမ်ကောနေလို့ မိုးစပါး နွေစပါးတွေ ရေကြီးနစ်မြုပ်လို့ စပါးကောင်း မရခဲ့ပါဘူး။ အခုလို မမျှော်လင့်ဘဲနဲ့ ပန်းလှိုင်မြစ်ကြီးရဲ့ တိမ်ကောနေမှုကို တူးဖော်ပေးနေပြီး ကျေးရွာတွေကို တာဖြစ်၊ မြောင်းဖြစ် ရေချိုသွယ်ပေးတော့မယ်လို့ ကြားရလို့ ဝမ်းသာပါတယ်"ဟု မြောင်တလုတ်ကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ လယ်သမားကြီး ဦးတင်စိုးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းသည့် ပန်းလှိုင်မြစ်သည် ညောင်တုန်းမြို့အနီး ဧရာဝတီမြစ်မှ စတင်ခွဲထွက်ပြီး မယ်ဇလီကျေးရွာအနီးတွင် ပန်းလှိုင်နှင့် ကုက္ကိုဝမြစ်အဖြစ် မြစ်နှစ်ဆင်း စတင်ခွဲထွက် စီးဆင်းသွားသည်။ ပန်းလှိုင်မြစ်သည် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီးတွင် လှိုင်မြစ်သို့စီးဆင်းသည်။ ရှေးယခင်က တွံတေးတူးမြောင်းမတူးခင် ပန်းလှိုင်မြစ်တစ်လျှောက် နှစ်ထပ်သင်္ဘောများ သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကြောင်း သိရသည်။ မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများသည် စိုက်ပျိုးရေး ကောင်းမွန်ခြင်းနှင့် ငါးသယံဇာတများပေါများခြင်း စသည်တို့ကြောင့် စီးပွားရေးအဆင်ပြေကာ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေး စသည်တို့ပါ အဆင်ပြေခဲ့ကြောင်း သိရသည်။

ပန်းလှိုင်မြစ်ကြီးသည် ယခုအခါတိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေပြီ မြစ်ကမ်းဝဲယာတစ်လျှောက်တွင် ကျူပင်များနှင့်ကိုင်းပင်များ ထူထပ်ပေါက်ရောက်ပိတ်ဆို့နေခြင်း၊ ရေစီးကြောင်းကိုပိတ်၍ ရေလုပ်သားများမှ ကျားပိုက်များပြုလုပ်ပြီး ငါးဖမ်းခြင်း၊ လှိုင်မြစ်မှတက်လာပြီး ဒီရေဖြင့်ပါလာသော သဲနုန်းများ ရေပြန်အကျတွင် ပြန်လည်စီးဆင်းမှု မရှိတော့ဘဲ အနည်ထိုင်ကျန်နေခဲ့၍ မြစ်ကြောင်းကွယ်ပျောက်ခဲ့ရသည်။

မျိုးလှိုင်(တွံတေး)

ACCOUNT CARE

SKILFUL ACCOUNTANT COURSE

Gracious Vacation Co., Ltd

(L.L.B.)

ဆုမြတ်မွန်

Small & Medium လုပ်ငန်းများအတွက် စာရင်းလချုပ်၊ နှစ်ချုပ်ရေးဆွဲခြင်း။

Ph:09-8636712, 254306738

အမှတ်-၂၆၈(၄-လွှာ)၊ အနော်ရထာလမ်း (၂၈လမ်းနှင့်ရွှေဘုံသာလမ်းကြား)၊ အမှတ်(၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် အိမ်ခန်းနှင့်စပ်လျဉ်း၍ သတိပေးကြေညာချက်

အထက်ပါအိမ်ခန်းမှာ အိမ်ရှင်အသိအမှတ်ပြုအိမ်ငှား (ဒေါ်ဖာတူးမူတူး)အမည်ပေါက်အပျောက်အိမ်ခန်းဖြစ်ပါသည်။ ခင်ပွန်း ဟာဂျီ A မွှသွလ်လစ်ဖ် (ခ)ဦးမြင့်သိန်းနှင့်သားသမီး (၁၀)ဦး (ကျား ၄+မ ၆)သက်ရှိထင်ရှားကျန်ရစ်ပါသည်။ ဖခင်ကြီးမှာ အသက်(၈၇)နှစ်၊ နှလုံး၊ဦးနှောက်ကျုံ့ခါးရိုးနှင့်ဒူးဆစ်၊ ဆီး/ကျောက်ကပ်ဝေဒနာများ ပြင်းထန်စွာခံစားရပြီး သတိအာရုံချို့ယွင်းသူဖြစ်ပါသည်။ အချင်းဖြစ်အခန်းအပါအဝင် အဆောက်အအုံဟောင်းဖြိုဖျက်ဆောက်လုပ်စဉ်က သားတစ်ဦးဖြစ်သူ (ယခုကြေညာသူ) ဦးကျော်ဝင်းက အခန်းအတွက် ကျသင့်ဆောက်လုပ်စရိတ်နှင့် ကုန်ကျစရိတ်များ ပေးပို့ပေးသွင်းစေခဲ့သော စာရင်းမှတ်တမ်း၊ လက်မှတ်ထိုးဝန်ခံချက်များ ရှိပါသည်။ အဆိုပါအခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်သူများသည် အစ္စလာမ်တရားဓမ္မသတ်(သားယောကျာ်းလေးနှစ်ဆ၊ သမီးမိန်းကလေးတစ်ဆ)အရ ခွဲဝေခံစားခွင့်ရှိသကဲ့သို့ ဆောက်လုပ်စရိတ်ထည့်ဝင်ကျခံရသူ၏ ဥပဒေအခွင့်အရေးများလည်းရှိပါသည်။ မလိုလားအပ်သော အငြင်းပွားမှု၊ အရှုပ်အရှင်းများမပေါ်ပေါက်စေရန် ယခုကန့်ကွက်သူနှစ်ဦးပါဝင်၊ သိရှိသဘောတူ လက်မှတ်ရေးထိုးခြင်းမပါရှိဘဲ အခန်းနှင့်အကျိုးခံစားခွင့်များအား ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်၊လှူဒါန်း။ တစ်နည်းနည်းစီမံခန့်ခွဲမှု လုံးဝ(လုံးဝ) မပြုကြပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ မလွှဲမရှောင်သာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

၁။ဦးကျော်ဝင်း(ခ)မိုဟာမက်မိုင်ဒင်[၁၂/ပဘတ(နိုင်)၀၁၃၇၈၁]နှင့်
၂။ဦးမောင်မောင်(ခ)အာဟူဟာမစ်[၁၂/ပဘတ(နိုင်)၀၀၁၈၉၅] (သား၂ဦး)၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)	ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)
B.A(Law), LL.B, D.B.L, D.M.L	LL.B, D.B.L, D.M.L, D.I.L
Ph:09-5108521	Ph:09-5015316

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၀/၁၂၊ အခန်း-၂၀၁၊ ၃၅-လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်။

ကျန်းမာရေးဆောင်းပါး

သားအိမ်ကင်ဆာရောဂါကို မခွဲမစိတ်ရဘဲ ပျောက်စေတဲ့ ကန်းဇော်ဆီ

à ayjufyjuf

ကန်းဇော်ပင်ဆိုတာ

နှစ်တစ်ရာကျော် ရှင်သန်နိုင်သော အပင်ကြီးမျိုးဖြစ်ပြီး၊ အင်္ဂလိပ်လို Mahua of Southern India (သို့မဟုတ်) Mahua Tree လို့ခေါ်ကြပြီး၊ မြန်မာလို ကန်းဇော်ပင်လို့ အမည်ရပါတယ်။ ကန်းဇော်သီး(အစေ့)ဟာ ကြမ်းပိုးအနံ့နှင့်ခပ်ဆင်ဆင်တူတာကြောင့် အချို့အရပ်ဒေသများမှာ သစ်ကြမ်းပိုးပင် ဟူ၍လည်းကောင်း၊ အချို့ဒေသများမှာ တောင်မင်းဂွတ်ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုကြပါတယ်။ ပင်စည်အသားမှာ နီညိုရောင် သစ်မာသားအမျိုးအစားဖြစ်၍ အပင်တစ်ပင်ကို အိမ်တစ်လုံး ခန့်ဆောက်လုပ်နိုင်ပါတယ်။ ပင်စည်အပိုင်းအစများကို ဘုရားဆင်းတုတော်အဖြစ် ထုလုပ်ကိုးကွယ်လေ့ရှိကြ၏။ ကန်းဇော်သီး(အစေ့)ထဲမှာ ကြက်သွေးရောင်မကျတကျ (လိမ္မော်ရင့်ရင့်) ရောင်ခြယ် ၄ ဒသမ ၈ ရာခိုင်နှုန်းမှ ၆ ဒသမ သုည ရာခိုင်နှုန်းအထိ ပါရှိတာကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ လိမ္မော်ရင့်ရောင်ဆိုးဆေးအဖြစ် သိုးမွှေးနှင့် ချည်ထည်များမှာ အသုံးပြုနေကြပါတယ်။ ထို့ပြင် အိန္ဒိယရိုးရာ ဘာသာရေးအခမ်းအနားများတွင်လည်း အသီးကို လေထဲမြှောက်၍ ပူဇော်ပသလေ့ရှိကြပါတယ်။

ပေါက်ရောက်ရာဒေသ

ကန်းဇော်ပင်ကို ရေမြေတောတောင် ထူထပ်ရာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြတဲ့ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယ နှင့် မလေးရှားနိုင်ငံတွေမှာ တွေ့ရှိရပါတယ်။(အိန္ဒိယတွင် အပင်တစ်ပင်လျှင် ကန်းဇော်ဆီ ပျမ်းမျှတန်ချိန် ၁၈၀၀၀၀ ထွက်ရှိနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဒေသအများအပြားတွင် စိုက်ပျိုးကြကြောင်းနှင့် မည်သည့် မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်ကြောင်း စိုက်ပျိုးရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ www.svlele.commahuae.htm မှာ ဖော်ပြထားတာကို လေ့လာမှတ်သားရပါတယ်။)

ကန်းဇော်ပင်နှင့် မြန်မာနိုင်ငံ

မြန်မာပြည်မှာတော့ မြေနိမ့်ချိုင့်ဝှမ်းများနှင့် ရွှံ့နွံပေါ၍ ရေရရှိသောဒေသဖြစ်တဲ့ တနင်္သာရီတိုင်း၊ မြိတ်ခရိုင်တို့မှာ သဘာဝအလျောက် ကျယ်ကျယ်ပြန့်ပြန့်ပေါက်ရောက်လေ့ရှိပါတယ်။ ထားဝယ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသတွေမှာ ပေါက်ရောက်တဲ့ ကန်းဇော်ပင်များဟာ ကုန်းပေါ်တွင်သာ ပေါက်ကြ၍ ကုန်းကန်းဇော် အမျိုးအစားဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်နှင့် ဘုတ်ပြင်းမြို့နယ် အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင်ပေါက်ရောက်သော ကန်းဇော်ပင်များမှာ ရေစပ်စပ်တွင်ပေါက်ကြ၍ ရေကန်းဇော် အမျိုးအစားဖြစ်ပါတယ်။ ကုန်းကန်းဇော်နှင့် ရေကန်းဇော်ပင်တို့ရဲ့ အရွက်၊ အပွင့်၊ အသီး ပုံသဏ္ဌာန်များမှာ ရေမြေအနေအထားအရ ခြားနားမှုရှိနေသော်လည်း ၎င်းတို့မှ ထွက်ရှိလာတဲ့ အဆီ၊ အနံ့နှင့် ဆေးဖက်ဝင် အကျိုးအာနိသင်များကတော့ အတူတူပဲဖြစ်ကြပါတယ်။

ကန်းဇော်ဆီ ထုတ်ယူပုံအဆင့်ဆင့်

ဦးစွာ ကန်းဇော်အစေ့ခွံကို လက်ထောင်းဆုံဖြင့်ထောင်း၍ ရလာတဲ့အခွံအမှုန့်တွေကို မူလကခွာထားပြီးသော အစေ့များဖြင့်ရောနှောကာ ပေါင်းအိုးတွင်ထည့်ပေးပါ။ ထို့နောက် ရေမပြည့်တပြည့် ဖြည့်ထားတဲ့ ဒန်အိုးကို မီးဖိုပေါ်တင်၍ စောစောက ကန်းဇော်အမှုန့်များ ထည့်ထားတဲ့ပေါင်းအိုးကို ၎င်းဒန်အိုးအပေါ်မှထပ်၍ တင်ပေးပါ။ ပေါင်းအိုးအဖုံးလုံစေရန်အတွက် ပေါင်းအိုးဝမှာ ငှက်ပျောဖက် အစိမ်းခံ၍ ထိုအပေါ်မှပန်းကန်ပြားဖြင့် အုပ်ပေးရပါမယ်။ နာရီဝက်ခန့်ကြာတဲ့အခါမှာတော့ ပေါင်းအိုးအဖုံးကိုဖွင့်ပြီး ဝါးချွန်ငယ်ဖြင့် ပေါင်းအိုးအဝကနေ ထိုးဖွပေးရမှာဖြစ်ပါတယ်။ ဤနည်းအတိုင်း ၁၅မိနစ်ကြာ တစ်ကြိမ်နှုန်းဖြင့် လေးကြိမ်လောက် ထိုးဖွပြီးနောက်မှာတော့ ကန်းဇော်မှုန့်တွေ ကျက်သလောက်ရှိလာပါပြီ။ ထိုအမှုန့်တွေကို လက်ချောင်းနဲ့ ပွတ်ဖျစ်ကြည့်လို့ ဆီထွက်လာရင် ကန်းဇော်မှုန့် တွေကျက်နေပြီမို့ အဆီညှစ်ယူနိုင်ပါပြီ။

ပေါင်းအိုးထဲက ကန်းဇော်မှုန့်တွေကို ကရွတ်(ခေါ်)ဝါးနီးဖြင့် ရက်လုပ်ထားတဲ့ အိတ်ထဲသို့ သုံးပုံနှစ်ပုံခန့် ထည့်ပြီး ဆီညှစ်ယူရပါမယ်။ ထွက်လာတဲ့ကန်းဇော်ဆီများကို ဇလုံတစ်ခုမှာခံယူပြီး၊ နေပူပူမှာ တစ်ရက်လှန်းတဲ့အခါ ရေတွေအငွေ့ပျံသွားတာကြောင့် ကန်းဇော်ဆီစစ်စစ်ကို ရရှိနိုင်မှာဖြစ်ပါတယ်။ ကန်းဇော်ဆီတွေကို ဖန်ပုလင်းထဲထည့်၍ ရင်ကန်းအဆို့ဖြင့် ပိတ်ဆို့ထားရပါမယ်။ ကန်းဇော်ဆီတွေက ပုလင်းထဲမှာ တဖြည်းဖြည်း အနည်ထိုင်လာပြီး ငါးဆယ်ကျပ်သားဝင် ပုလင်းတစ်လုံးလျှင် တစ်လက်မမျှ အနည်ရရှိတတ်ပါတယ်။ ၎င်းအနည်များကို ကန်းဇော်ချေးလို့ခေါ်ပါတယ်။ ကန်းဇော်ဆီ၏ အရောင်မှာ ဆီအုန်းဆီကြမ်း အရောင်နှင့် ခပ်ဆင်ဆင်တူပါတယ်။ ကန်းဇော်ဆီစစ်စစ်ကို နှစ်ကာလရှည်ကြာစွာထားသော်လည်း မူလအရောင်အဆင်း၊ အနံ့၊ အရသာနှင့် ဆေးဖက်ဝင်အာနိသင်များ (လုံးဝ)မပြောင်းလဲနိုင်ပါဘူး။ (လက်ထောင်းဆုံဖြင့် အမှုန့်ထောင်းယူထားတဲ့ ကန်းဇော်ဆီဟာ အမှုန့်ကြိတ်စက်ဖြင့် ထုတ်လုပ်ရယူတဲ့ ကန်းဇော်ဆီထက် ဆေးစွမ်းအာနိသင် ပိုမိုထက်မြက်ပါတယ်)

ကန်းဇော်ဆီနှင့် ကျန်းမာရေးအစွမ်း

(၁) ကန်းဇော်ဆီနှင့် ကန်းဇော်စေ့မှ ထုတ်သော Watery Extracts များကို ကြွက်ဖြူများနှင့် အဆိပ်ရှိမရှိ စမ်းသပ်တိုက်ကျွေးရာမှာ၊ ကြွက်ဖြူများ သေဆုံးခြင်းမရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ တနင်္သာရီတိုင်းမှာ အမျိုးသမီးတစ်ယောက် သားအိမ်ကင်ဆာဖြစ်၍ ခွဲခါနီးမှာ ကင်ဆာပြန့်နေလို့ မခွဲရဘဲ ပြန်ပိတ်ခဲ့ရပေမယ့် ကန်းဇော်ဆီကို သုံးကြည့်ရာ ရောဂါပါပျောက်ပြီး ကလေးလည်း ပြန်မွေးလို့ရသွားတဲ့ သာဓကရှိကြောင်း၊ ထို့ကြောင့် ကန်းဇော်စေ့နှင့် ကန်းဇော်ဆီ စစ်စစ်ကိုသာရရှိခဲ့လျှင် မီးယပ်ရောဂါ အမျိုးမျိုး၊ သားအိမ်ကင်ဆာနဲ့ ရင်သားကင်ဆာတွေအတွက် စိတ်ချလက်ချသောက်သုံးနိုင်ပါကြောင်း မြိတ်ခရိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အကြံပြုထားပါတယ်။

(၂) ဆီပုလင်းအောက်ခြေမှာ ထိုင်နေတဲ့ အနည်အနှစ်(ကန်းဇော်ချေး)များကို အပူလောင်ခြင်း၊ နားအူခြင်း၊ နားအတွင်း အနာဖြစ်ခြင်း၊ နာတာရှည်လူနာများ အိပ်ရာအပူလောင်နာဖြစ်ပေါ်၍ အရေပြားနီမြန်းခြင်း၊ ပြည်စု/ပြည်တည်၊ အနာဟောင်း/အနာဆွေး၊ အနာစိမ်း၊ သွေးစုနာ(အိုင်းနာများ)၊ အပူလောင်မီးလောင်ဒဏ်ရာများ၊ အကြိတ်အဖုအမျိုးမျိုးအပြင် အနာပချုပ်၊ အသားတွင်းသွေးပုပ်၊ ပြည်ပုပ်အနာများကို တစ်နေ့သုံးကြိမ်အထိ အနာပတ်လည်မှာ လိမ်းပေးပြီးနောက် ဂွမ်း၊ ပတ်တီးစများဖြင့် စည်းအုံပေးခြင်းဖြင့် ပူစပ်နာကျင်ခြင်း(လုံးဝ)မရှိဘဲ ပြည်ပေါက်ကာ အမာရွတ်မကျန်တော့ဘဲ သက်သာပျောက်ကင်းစေပါတယ်။

(၃) အသီးရဲ့အရသာမှာ ချို၊ ဆိမ့်၊ ခါးနေတာကြောင့် အချို့နိုင်ငံများတွင် အရေပြားကောင်းစေသော ဆေးအရက်(ဝိုင်)အဖြစ် ဖော်စပ် သောက်သုံးကြပါတယ်။

(၄) အဆစ်အမြစ်ကိုက်ခဲခြင်း၊ အဆစ်ရောင်နှင့် ကိုယ်လက်ညောင်းညာခြင်းများအတွက် ကန်းဇော်ဆီဖြင့် တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်ထိ မှန်မှန်လိမ်းပေးပါ။

(၅) လေထိုးလေအောင့်၊ ဗိုက်နာဗိုက်အောင့်ရောဂါအတွက် ကန်းဇော်ဆီနှင့် ပျားရည်ဆတူရော၍ နံက်၊ ည တစ်နေ့ နှစ်ကြိမ်ကျ လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ သောက်ပေးပါ။

(၆) နှလုံး၊ သည်းခြေအားနည်းခြင်း၊ နာတာရှည် အဆုတ်ရောဂါ၊ အဆုတ်ပွန်ရောင်ရမ်းခြင်း၊ ပန်းနာရင်ကျပ်၊ အစာမကြေပျို့အန်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ ဝမ်းကိုက်ခြင်းများအတွက် တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်ထိ ဟင်းစားဇွန်း တစ်ဇွန်းစာ သောက်သုံးပါ။

(၇) ချောင်းဆိုးသွေးပါရောဂါအတွက် နံနက်စောစောပိုင်းမှာ ကန်းဇော်ဆီနှင့် ထမင်းပူပူရောနယ်ပြီး စားပေးပါ။

(၈) ဝမ်းဗိုက်အတွင်းရှိ အူများနှင့် အစာအိမ်တို့မှာ ဖြစ်တတ်တဲ့ အနာရောဂါများ၊ ပန်းနာရင်ကျပ်၊ ဂရင်ဂျီနာ၊ လိပ်ခေါင်း၊ ဒူလာ၊ စအိုနာ၊ ဖျားနာရောဂါတို့အတွက် ကန်းဇော်ဆီ လိမ်းပေးခြင်း(သို့မဟုတ်)သောက်ပေးခြင်းတို့ဖြင့် ရောဂါပျောက်ကင်းစေပါတယ်။

(၉) ထိခိုက်၊ ပွန်းပဲ့၊ ရှနာနှင့်ခွဲစိတ်ကုသဒဏ်ရာများ၊ အပူလောင်ခြင်း၊ အင်ပြင်၊ အသားအရည်ခန်းခြောက်၊ လေဖြတ်ခြင်းနဲ့ ထုံကျင်ကိုက်ခဲသည့် ရောဂါများအတွက် ကန်းဇော်ဆီကို လိမ်းဆေးအဖြစ်အသုံးပြုနိုင်ပါတယ်။

မှတ်ချက်

ဆီထွက်သီးနှံတစ်မျိုးဖြစ်သော ကန်းဇော်သီးနှင့် ကန်းဇော်ဆီများဟာ အလွန်ဆေးဖက်ဝင်တာကြောင့် ပြည်တွင်းမှာ သုံးစွဲ သူပိုမိုများပြားလာတဲ့အပြင်၊ ကိုရီးယားနိုင်ငံမှလည်း လာရောက်ဝယ်ယူခြင်းကြောင့် ကန်းဇော်စေ့နှင့် ကန်းဇော်ဆီများ ဈေးကောင်းလျက်ရှိနေပါကြောင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်မှ ဒေသခံတစ်ဦးက ဆိုပါတယ်။ ထိုကဲ့သို့သုံးစွဲမှု များပြားလာခြင်းနှင့်အတူ ဈေးကွက်အတွင်း ကန်းဇော်ဆီအရောအနှောတွေ၊ အတုတွေများပြားလာခြင်း (သို့မဟုတ်) ကြိတ်ဖတ်(ခေါ်) ကန်းဇော်ချေးအနှစ်တွေကို ပြန်ပေါင်းပြီး အဆီထုတ်လုပ်ခြင်းကြောင့် အာနိသင်ပျက်ပြယ်လာသဖြင့် သတိပြုဝယ်ယူသင့်ပါကြောင်း မြိတ်ခရိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ သတိပေးထားပါတယ်။



ခြံရောင်းမည်

ရွှေပြည်သာ ၈/၁၁(ထောင့်ကွက်)၊ (၆၀×၆၀)ပေ၊ သာဓုကန်စက်မှုဇုန်လမ်း၊ သိန်း-၁၂၀၀ ဖုန်း-၀၁-၂၄၆၀၈၆

ငှားရန်ရှိသည်

ဘဏ်(သို့မဟုတ်)ကုမ္ပဏီရုံးချုပ်ဖွင့်ရန် သင့်လျော်သော မန္တလေးမြို့၊ ၈၅လမ်းနှင့် လမ်း ၃၀ထောင့်ရှိ RC(၄)ထပ် အဆောက်အအုံနှင့် ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ ကျွဲဆည်ကန် ၁၁လမ်းထောင့်ရှိ မြေကွက်ကျယ်ငှားမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၁၇၉၁၁၊ ၀၉-၅၁၀၃၅၀၈၊ ၀၂-၈၆၂၆၀

စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေး ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

မြင်းခြံ၊ ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး ၊ မြင်းခြံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက်နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရာတွင် အချက်အလက်များကို အရှိကိုအရှိအတိုင်းထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာဌာနများအနေဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်မြမြစန်းက စာရင်းအင်းအချက်အလက်များ ကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ သိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အချက်အလက်များကောက်ယူစုဆောင်းရေးလုပ်ငန်းတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်း ၁၁ ခု၊ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ညွှန်းကိန်းခြောက်ခု၊ မြေရေယာနှင့် လူဦးရေညွှန်းကိန်းငါးခု၊ စီးပွားရေးဆိုင်ရာညွှန်ကိန်းသုံးခု၊ ပညာရေးဆိုင်ရာညွှန်းကိန်း ၁၀ ခု၊ ကျန်းမာရေးဆိုင်ရာညွှန်းကိန်း ၁၃ ခု၊ ကျေးလက်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်းသုံးခု၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်းသုံးခု၊ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်းနှစ်ခု၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်းငါးခု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးညွှန်းကိန်းငါးခု၊ အလုပ်သမားဆိုင်ရာညွှန်းကိန်းလေးခု စုစုပေါင်းညွှန်းကိန်း ၇၀ ပါဝင်ပြီး အဆိုပါစာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးကို သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

အစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ၊ ခရိုင်/မြို့နယ် စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ဝက်လက်၌ ဓာတ်မြေဩဇာနှင့် ရွှေစိုက်ပျိုးရေးဆေးများ နည်းပညာပေး ဟောပြော

ဝက်လက်၊ ဩဂုတ် ၁၈

Golden Key Co.Ltd. မှ မြင်းကျားဓာတ်မြေဩဇာနှင့် ရွှေစိုက်ပျိုးရေးဆေးများ နည်းပညာပေး ကြော်ငြာရောင်းချပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ဝက်လက်မြို့ NEW HALL ခန်းမ၌ကျင်းပရာ Golden Key Co.Ltd. မှ မန်နေဂျာဦးဇော်ဇော်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားဒေါက်တာမြင့်သောင်း၊ မြန်မာနိုင်ငံဆန်စပါးသုတေသနပါမောက္ခ အငြိမ်းစား ဦးချစ်ကိုကိုတို့က ဒေသခံတောင်သူများအား စိုက်ပျိုးရေးအသိပညာပေး ဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ ဝက်လက်မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြည်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေး ပန္နက်တင်

မြောင်းမြ၊ ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု သွားလာရေးအဆင်ပြေ ကောင်းမွန်လာခြင်းကြောင့် မော်တော်ယာဉ်များ ပိုမိုများပြားလာပြီး မြို့များတွင် အဝေးပြေးယာဉ်ရပ်နားစခန်းများ လိုအပ်လာနေပြီဖြစ်သဖြင့် မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းကို လဝန်းသစ္စာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်းတွင်လူနေ ဆိုင်ခန်းများနှင့် ပွဲရုံတန်းများအပါအဝင် ဈေးဆိုင်ခန်းများ၊ အဝေးပြေးကားဂိတ်များ၊ ကားဝပ်ရှော့၊ အများသုံးသန့်စင်ခန်းများ၊ ခရီးသည်နားနေဆောင်၊ စားသောက်ဆိုင်ခန်းနှင့် မီးသတ်ရေကန်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်မှုကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းအောင်နှင့် လဝန်းသစ္စာကုမ္ပဏီမှ တာဝန်ရှိသူတို့က အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်မှုအတွက် ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီက ပန္နက်တင်ပေးကြပြီး ယာဉ်ရပ်နားစခန်းတည်ဆောက်မည့် မြေနေရာ မူလပိုင်ရှင်များဖြစ်သော ဦးအက်စ်ဂိုးဒင်းအပါအဝင် ခြောက်ဦးအတွက် နစ်နာကြေးလျော်ကြေးငွေ ကျပ်သိန်း ၂၁၄၄၆၀၀၀ ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း စီးပွားရေးအောင်မြင်ဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်များရရှိကာ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် အဝေးပြေးယာဉ်ရပ်နားစခန်းကို ငွေကျပ်သန်းပေါင်း ၃၀၀၀ ရင်းနှီးမြှုပ်နှံကာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(ပြန်/ဆက်)**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာ အုပ်စုတွင် မိုးစပါး ထွန်တုံးပိတ်ပွဲ ကျင်းပ

နေပြည်တော်၊ ဩဂုတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း အဆင့်မြင့်လယ်ယာများဖော်ထုတ်၍ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေပြီး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဆောင်ရွက်လျက်ရှိရာ မိုးစပါးကို အချိန်မီ ထွန်တုံးပိတ်စိုက်ပျိုးနိုင်မှ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် တဲကြီးကုန်းကျေးရွာအုပ်စု အဆင့်မြင့်လယ်ယာ ၃၄၆ စိုက်ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါထွန်းတုံးပိတ်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ဒက္ခိဏ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက အလျင်လိုကျေးရွာနေ တောင်သူ ဦးဝင်းအောင်၏ အဆင့်မြင့်လယ်ယာတွင် ကောက်စိုက်နေမှုများကို ကြည့်ရှု၍ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် အလျင်လိုကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့ရှိ စပါးအခြောက်ခံစက်များသို့ သွားရောက်၍ အခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံနေမှုကို ကြည့်ရှုခဲ့ကြသည်။

၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် ဇမ္ဗူသီရိမြို့နယ်အနေဖြင့် စိုက်ဧက ၁၂၇၆ ဧက လျာထားဆောင်ရွက်ခဲ့ရာ ၁၃၀၂ ဧက စိုက်ပျိုးခဲ့သဖြင့် ရာခိုင်နှုန်းအနေဖြင့် ၁၀၂ ဒသမ ၀၄ ရာခိုင်နှုန်းကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **ရွှေကုက္ကို**





နိုင်ငံသားစိစစ်ရေးကတ်များ စဉ်ဆက်မပြတ် ဆောင်ရွက်

ချောက်၊ ဩဂုတ် ၁၈

မကွေးတိုင်းဒေသကြီးအတွင်း မိုးပွင့်အဆင့်(၆)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ စဉ်ဆက်မပြတ် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ချောက်မြို့နယ်၊ ဝွေးပင်ကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူဒေသခံ ၁၅၀ ဦးအား ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အခမဲ့ နေ့ချင်းပြီးစနစ်ဖြင့် ပြည်သူတစ်ဦးချင်း လက်ဝယ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ်ဦးစီးဌာနမှူး ဦးရန်အောင်မြင့်၊ ဒု-ဦးစီးမှူးဦးဇော်ရာနှင့် တာဝန်ရှိသူများက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား ဆောင်ရွက်ပေးပြီး မြို့နယ်ကျေးရွာများအတွင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **ဧယျာတု(မကွေး)**

ရိုးကြီးချောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့် ချုံနွယ်ပင်များ ရှင်းလင်း

ရန်ကုန်၊ ဩဂုတ် ၁၈

ရန်ကုန်၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ကြို့ကုန်းဘူတာအနီး၊ ဗဟိုလမ်းဘေးရှိ ရိုးကြီးချောင်းဘေး ဝဲ၊ ယာနှင့် ချောင်းအတွင်းရှိ အမှိုက်နှင့် မြက်ပင်များရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းစဉ်များကို ဩဂုတ် ၁၆ ရက် နံနက် ၇ နာရီက မြောက်ပိုင်းခရိုင်၊ စည်ပင်သာယာရေးကော်မတီခရိုင်၊ အုပ်ချုပ်ရေးမှူးဦးလှထွေး၏ စီစဉ်ကြီးကြပ်မှုဖြင့် မြောက်ပိုင်းခရိုင်အတွင်းရှိ လမ်းတံတားအဖွဲ့၊ အားကစားကွင်းနှင့် ပန်းဉယျာဉ်အဖွဲ့၊ သန့်ရှင်းရေးအဖွဲ့ဝန်ထမ်းများမှ စုပေါင်း၍ ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ရှင်းလင်းဆောင်ရွက်ရာတွင် မြောက်ပိုင်းခရိုင်၊ အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အတွင်းရှိမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကာ သန့်ရှင်းရေးဝန်ထမ်း ၁၂၀ ကျော်တို့မှ ရိုးကြီးချောင်း ဝဲ၊ ယာ ရှိချုံနွယ်ပိတ်ပေါင်းများနှင့် ချောင်းအတွင်းရှိ အမှိုက်များကို ရှင်းလင်းဖယ်ရှားခဲ့ကြကြောင်းသိရသည်။ **တင်မြင့် (အင်းစိန်)**

ပုလဲသွယ်စပ်မျိုးစပါး GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ပညာပေးလက်တွေ့စိုက်ပျိုးပြသ

မြဝတီ၊ ဩဂုတ် ၁၈

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်အတွင်း မိုးစပါး တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိရေး၊ မိုးစပါး GAP သိပ္ပံစိုက်နည်းစနစ်အား တောင်သူများ လက်ခံကျင့်သုံးလာစေရေး ရည်ရွယ်၍ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါး GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ပညာပေးလက်တွေ့စိုက်ပျိုးပြသခြင်းကို မဲကနယ်ကျေးရွာ ကွင်းအမှတ် ၅၅ အေ တောင်သူဦးနံ့တစ်၏ လယ်မြေတွင် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လက်တွေ့သရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာခြောက်ရွာမှ တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် တောင်သူများအား ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးဒေါ်သန်းရီက ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးခင်းမှ ပျိုးပင်များကို ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသပြီး သိပ္ပံနည်းကျ စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း ပိုမိုထွက်ရှိလာ၍ တောင်သူဝင်ငွေတိုးလာပြီး ဒေသဝမ်းစာ ဖူလုံလာမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်၏ တစ်ချက်ချင်းစီအလိုက် အကျိုးထိရောက်မှုကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် သိရှိလိုက်နာရန် ပညာပေးလက်ကမ်းစာစောင်များ တောင်သူများအား ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ စိုက်ပျိုးပွဲတွင် ကျေးရွာများမှ တောင်သူများ၊ ကောက်စိုက်သမများက လက်ဆ တစ်ပင်၊ နှစ်ပင်၊ ပျိုးပင်အတိမ်အနက် တစ်လက်မခွဲထက် မနက်အောင် လက်တွေ့စိုက်ပျိုးကြကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

စာကြည့်တိုက် ရေရှည်တည်တံ့စေရေး အသိပညာပေး

ကျွန်းစု၊ ဩဂုတ် ၁၈

ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ လင်မလိုကျေးရွာတွင် နိုင်ငံတော်မတည်ငွေ ၁၀ သိန်းနှင့် ပြည်သူများပူးပေါင်း ဆောက်လုပ်ထားသော စာရိတ္တမဏ္ဍိုင်စာကြည့်တိုက်ရှိ စာကြည့်တိုက်ကော်မတီဝင်များနှင့် လင်မလိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိကျောင်းသား၊ ကျောင်းသူများအား မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီခွဲက စာကြည့်တိုက် ရေရှည်တည်တံ့စေရေးနှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဌေးက စာရိတ္တမဏ္ဍိုင်စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံရာတွင် နိုင်ငံတော်မတည်ငွေ ၁၀ သိန်းဖြင့် ပြည်သူများပူးပေါင်းကာဆောက်လုပ်ထားသော အဆိုပါ စာကြည့်တိုက်အားကြည့်ခြင်းဖြင့် ပြည်သူများ၏ အားကို အားရမိကြောင်း၊ ဆက်လက်၍ စာကြည့်တိုက်အား ရေရှည်တည်တံ့သွားရန်နှင့် စာဖတ်ပရိသတ်များ တိုးပွားစေရေး၊ စာကြည့်တိုက်အသင်းဝင်များ တိုးပွားစေရေး စည်းရုံးပေးသွားရန်နှင့် ပြည်သူများစာဖတ်ချင်စိတ်ရှိအောင် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် ပရိဘောဂများ၊ စာအုပ်၊ စာစောင်များ တိုးပွားစေရေး စည်းရုံးဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်း ပြောကြားခဲ့ပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပေးခဲ့သည်။

ထို့နောက် လင်မလိုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောရာ ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါခိုင်က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများအား အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်ကြရန်နှင့် ရိုးသားကြိုးစားပြီး အခွင့်အရေးများကို မိမိရရ အသုံးချတတ်ရန်ကိုလည်းကောင်း၊ လောက၌ အရေးကြီးဆုံး အရာကိုကလေးများအား ပုံပြင်များဖြင့်ဥပမာပေးကာ ရည်မှန်းချက်ထား၊ အမြဲကြိုးစား၊ မိမိဘဝကိုမြှင့်တင်သွားဆိုသော ဆောင်ပုဒ်ရွက်ဆိုစေကာ အနာဂတ်အတွက် သားသမီးများအား အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်စေလိုကြောင်း ပညာပေးပြောကြားခဲ့သည်။

ယင်းနောက် ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းပုံများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးဖျက်ဆီးထားသော မှတ်တမ်းပုံများကို နံရံကပ်ပြသ၍ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရန်နိုင်ထွန်း(ကျွန်းစု ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အချုပ်သားများအားတွေ့ဆုံမေးမြန်း

သာယာဝတီ၊ ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက သာယာဝတီခရိုင်အတွင်းရှိ တရားသူကြီးများနှင့် တွေ့ဆုံပြီး အမှုများမှန်မှန်နှင့်မြန်မြန်ဖြစ်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် တွေ့ဆုံမှာကြားခဲ့သည်။

ထို့နောက်သာယာဝတီခရိုင်နှင့် မြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ပန္နက်ရိုက်ပေးပြီး တရားသူကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါလျက် သာယာဝတီမြို့မရဲစခန်း အချုပ်ခန်းရှိအချုပ်သားများ နေရာထိုင်ခင်း သန့်ပြန့်မှုရှိမရှိ၊ ကျန်းမာရေးပြည့်စုံမှုရှိမရှိ၊ အစာအာဟာရမျှတမှု ရှိ မရှိ၊ အမျိုးသမီးအချုပ်ကျသူများ လုံခြုံမှုရှိမရှိ၊ ညှဉ်းပန်းမှု ရှိ မရှိကို အချုပ်သား/သူများအား တွေ့ဆုံမေးမြန်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



ကြော်ငြာ

ခရီးသွား Sep 5, Sep 8 Oct 3, Oct 7

Ph:09 5136466, 09 8636466, 09 43167666, 09 73036666

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Ph :09 73036666,09 51364466,09 86364466,09 43167666,09 33337762

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V CITY OF MUMBAI V.10 သင်္ဘောသည် ၂၀-၈-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

စာအုပ်စာပေလှူမိတ်ဆွေ

ကန့်ကွက်နိုင်ပါသည်

လားရှိုးမြို့နယ်၊ ရပ်ကွက်(၉) နယ်မြေ(၂) ကွင်းအမှတ်(၃/၄) ကျောက်မီးသွေးကုန်းရပ် ဦးပိုင်အမှတ်-၃၄/ယ မြေဧရိယာ(၀.၀၃၀) မြေကွက်နှင့် နေအိမ်အဆောက်အအုံကို ပိုင်ရှင်ဦးစိုးထွန်း-ဒေါ်လှလှဝင်းတို့ထံမှ ၂၀-၁-၂၀၁၄ရက်တွင် ဒေါ်နန်းခမ်းသီက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည်သူရှိပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်နန်းခမ်းသီ

FMI City
ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း

(ပထမအကြိမ်) ဝါတွင်းကာလ ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City (ပဒေသာပင်မြို့တော်) အတွင်းရှိ ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်းနှင့် (ပထမအကြိမ်) သတိပဋ္ဌာန်ဝိပဿနာ (၁၅) ရက်အထူးတရားစခန်းပွဲကို (၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်မှ တော်သလင်းလဆန်း ၁၅ ရက်အထိ) ၂၅-၈-၂၀၁၄ မှ ၈-၉-၂၀၁၄ ရက်အထိ

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု
ချမ်းမြေ့ဆရာတော်ကြီး၏ တပည့်များဖြစ်ကြသော

FMI City ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း ပဓာနနာယကဆရာတော်

ချမ်းမြေ့-အရှင်အဂ္ဂဝံသ(ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ၊ ဝိနယဓိုရ)

ချမ်းမြေ့-အရှင်ဝါသဝ (ကမ္မဋ္ဌာနာစရိယ၊ သာသနဓဇဓမ္မာစရိယ)

သာသန တက္ကသိုလ ဓမ္မာစရိယ B.A,(Buddhism) ဝိနယဓိုရ- အရှင်မြတ်တို့က သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်းရန်နှင့် **တစ်နေ့တာဆွမ်း** လှူဒါန်းလိုသူများသည် အကျိုးဆောင်အဖွဲ့ **ဖုန်း - ၀၁-၆၈၇၆၃၀၊ ၀၉-၅၀၆၀၅၆၉** သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

[illegible]	[illegible]	မြေ	[illegible] 4.5L
[illegible]	(63x93)	1RC	17000L
[illegible]	(53x70)	မြေ	14500L
[illegible]	[illegible]	2RC	13500L
[illegible]	[illegible]	မြေ	9400L
[illegible]	(60x60)	2RC	7000L
[illegible]	(80x80)	မြေ	7000L
[illegible] (III)	(60x80)	2RC	6000L
[illegible]	(40x60)	2RC	6000L
[illegible]	(60x60)	မြေ	6000L
[illegible]	(25x90)	မြေ	5600L
[illegible]	(55x65)	မြေ	5000L
[illegible]	(32x90)	မြေ	4600L
[illegible]	[illegible]	မြေ	4400L
[illegible]	(40x60)	မြေ	3800L
[illegible]	(36x90)	မြေ	3700L
[illegible]	(40x40)	မြေ	3500L
[illegible]	(30x80)	မြေ	2800L
[illegible]	(40x60)	မြေ	2600L
[illegible]	(20x60)	မြေ	1350L
[illegible]	(40x60)	1RC	950L

☎ - 510 600, 510 950, 510 940, 511726, 500 643
- 09 517 3690, 09 518 5534, 09 5040 160

ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာရှင်များကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကျင်းပပြုလုပ်မည်ဖြစ်၍ စိတ်ပါဝင်စားသောဓာတ်မှန်ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာရှင်များ တက်ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ	- International Business Centre (IBC) ခန်းမ
ကျင်းပမည့်နေ့	- ၆-၉-၂၀၁၄ရက်
ကျင်းပမည့်အချိန်	- နံနက် ၉နာရီမှ ညနေ ၅နာရီ
ဟောပြောမည့်ခေါင်းစဉ်	- Magnetic Resonance Imaging
Speaker	- Consultant Radiologists
	- Lecturers of UMT
	- MRI Technologist
	- Application Specialist and Medical Imaging Engineers
Sponsors	- Meditech (SIEMENS Health Care)and Bayer Health Care

စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင်ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်းတွင် စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၂ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်မှ "Trade for Human Development" ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပဋ္ဌမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်းနှင့်ဖုန်း(၀၁-၂၅၀၈၇၁၊ ၃၇၁၂၀၄)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သမိုင်းဝင်ကား
ပါဂံ(၁၀ မျိုးသောက်)

နိုင်းခုန်စေခုင် ကုမ္ပဏီမှ
ဝယ်/ငှားဆင့်စသော(အိမ်၊ခြံ၊မြေ)များ

Ph:01-8604440, 8604441, 8604442
09 73056651,0931341090, 09 31238181,0973029696
E.mail : saikhungnoung1995@gmail.com

For Business Owners, Directors, Managers, Officers
International Business English (Executive English)

Professor Dr Nyan Lin

Tel : 09-7303 9846, 09-4312 9905, 01-230 1846

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၁၁၄)၊ ပါမစ်မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန်သတိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ နယ်မြေ(၆) ဌေးကြယ်လမ်း၊ အမှတ်(၉၄)နေ ဦးကျော်တိုး၂/မထလ (နိုင်)၁၆၁၅၅၁၂၏လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်တိုးမှ အထက်ဖော်ပြပါ ပေ(၄၀x၆၀) အကျယ်ရှိ မြေကွက်အား ၁၁-၄-၁၉၉၈ခုနှစ်ကတည်းက ပါမစ်အမည်ပေါက် ဦးသိန်းမြင့် (ဝီဘီအီး-၀၄၂၉၇၇)ထံမှ ရောင်းဖိုးငွေ အကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ကြည်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၀၅၂)
ဖုန်း-၀၉-၄၃၁၁၀၄၄၁၊ ၀၉-၄၃၈၀၀၃၆၈

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရွှေဟိုး(မအူပင်)
အသက်(၇၉)နှစ်

ဦးစိုးဝင်း-ဒေါ်မိုးမိုး၊ ဦးဇော်ဝင်း(USA)-ဒေါ်ခင်ဆွေလတ်(USA)၊ ဦးလှဝင်း-ဒေါ်ဝါဝါဦး၊ ဦးဇော်မင်းဦး(USA)-ဒေါ်ခင်ခင်ရီ(USA)၊ ဦးဇော်လင်းဦး-ဒေါ်ခင်ယင်းမာတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးရွှေဟိုးသည် ၁၄-၈-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၇၀)(၂-က)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းသား/ကျောင်းသူဟောင်းများ
အလက(၁)၊ (ယမုံနာကျောင်း)၊ မအူပင်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှသန်း(ဒလ)
အသက်(၈၄)နှစ်
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

ဦးဝင်းကို(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း/ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ဘဏ္ဍာရေးဝန်ကြီးရုံး)-ဒေါ်သက်သက်လှ(ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ဖခင် ဦးလှသန်း(ဒလ) (၈၄)နှစ်သည် ၁၆-၈-၂၀၁၄ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှသန်း(ဒလ)
အသက်(၈၄)နှစ်

နေပြည်တော်၊ တိုက်(၁၂)၊ အခန်း(၁၃)၊ ခရေအိမ်ရာနေ ဦးဝင်းကို (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း/ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ဘဏ္ဍာရေးဝန်ကြီးရုံး)-ဒေါ်သက်သက်လှ(ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်) တို့၏ဖခင် ဦးလှသန်း အသက်(၈၄)နှစ်သည် ၁၆-၈-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
အကောက်ခွန်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အကြိုင်
အသက်(၈၅)နှစ်

ပါမောက္ခဒေါက်တာ ဇော်သန်းထွန်း-ဒေါ်ကြည်ကြည်ညွန့်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်အကြိုင် အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာအောင်-ဒေါ်ခင်အေးသာ မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်
အသက်(၄၂)နှစ်

ဒေါ်သန်းမြင့် (ဒုမန်နေးဂျင်းဒါရိုက်တာ၊ Shwe Tun Co.,Ltd)၏ ချစ်လှစွာသော ခင်ပွန်း ဦးဝင်းလှိုင်သည် ၁၅-၈-၂၀၁၄ (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေးဌာန
Shwe Tun Co.,Ltd

အထူးဝမ်းနည်းကြေကွဲခြင်း
(သဲအင်းယောဂီ) ဗိုလ်မှူးသာဒိုး(ငြိမ်း)
ဒု-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အကျဉ်းဦးစီးဌာန
(နာယက၊ ရန်ကုန်တစ်မြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့)
အသက်(၈၇)နှစ်

ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ကြီး၏ နာယက ဒေါ်ဖြူဖြူ၏ခင်ပွန်း နာယကကြီးဗိုလ်မှူးသာဒိုး(ငြိမ်း)သည် ၁၆-၈-၂၀၁၄ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့
မိုးကောင်း၊ ရန်ကင်းမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း
ဦးလင်း(ခ)ဦးလင်ကောင်ချူး (၇၇)နှစ်
ဥက္ကဋ္ဌ၊ လင်စီကွမ်း၊ လင်မျိုးနွယ်စု
တရုတ်လူမှုရေးအသင်း(လသာမြို့နယ်)

ဦးလင်း(ခ)ဦးလင်ကောင်ချူး(၇၇)နှစ်သည် ၁၆-၈-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လင်စီကွမ်းအလုပ်အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ကြည်ကြည် (၈၆)နှစ်
တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ပထဝီဝင်ဌာန-ရန်ကုန်တက္ကသိုလ်
မြန်မာ့ပထဝီဝင်အသင်းနာယက

လေးစားချစ်ခင်ရပါသော (မြန်မာ့ပထဝီဝင်အသင်း၏နာယက) ဆရာမကြီး ဒေါ်တင်ကြည်ကြည်(၈၆)နှစ် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ပထဝီဝင်ဌာန-ရန်ကုန်တက္ကသိုလ်)သည် ၁၅-၈-၂၀၁၄(သောကြာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။ **မြန်မာ့ပထဝီအသင်း(G.A.M)**


B.Econ (Eco)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်(ခ)Mr.C.D PRAKASH
အသက်(၆၆)နှစ်
(Super Coffee Mix-ဖခင်ကြီး)

ဟိန္ဒူဓမ္မသာလာ (လူမှုရေးအသင်း) (၁၄)လမ်း၊ ရန်ကုန်မြို့၏ မတည် အလှူရှင်ကြီး၊ ဥက္ကဋ္ဌဟောင်း၊ နာယကအဖွဲ့ဝင်သည် ၁၇-၈-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဟိန္ဒူဓမ္မသာလာဖြစ်မြောက်ရေး ဦးစီးဆောင်ရွက်ခဲ့ပြီး အစဉ်အမြဲ ပံ့ပိုးကူညီခဲ့သော နာယကကြီး ဘဝတစ်ပါးပြောင်းသွား၍ ဓမ္မသာလာအဖွဲ့မှ ပြုပြုသမျှ ကုသိုလ်ကောင်းမှုများအားလုံး ကိုအမျှပေးဝေပြီး ရပ်စေကြောင်းနှင့် အမျှရ၍ အေးချမ်းသောဘုံဘဝသို့ ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များအားလုံး
ဟိန္ဒူဓမ္မသာလာ(၁၄)လမ်း၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်(ခ)Mr.C.D PRAKASH
အသက်(၆၆)နှစ်

ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊သာသနာ့ဒါယကာကြီး၊ အများအကျိုးအတွက် အမြဲမပြတ် ကူညီပေးကမ်းလှူဒါန်းသော သဒ္ဓါရှင်ပုဂ္ဂိုလ်ကြီး၊ ဘဝတစ်ပါးသို့ပြောင်းသွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အေးချမ်းသောဘုံဘဝသို့ရောက်ရှိပြီး သာဓုခေါ် ဆိုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဦးထွန်းအောင် မိသားစု
(BAHADUR SHUKLA Family)
M.D Sin Phyu Kyun Co., Ltd.

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ရှမ်းစုကျေးရွာနေ မခင်ဥမ္မာသန်း [၁၂/ သခန(နိုင်) ၁၀၁၈၈၀]၏ ဖခင် ဦးချစ်အုံးနှင့် ဦးခင်အေး [၁၂/သခန(နိုင်)၀၁၅၇၉၈]သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးချစ်အုံး(ခ)ဦးခင်အေး**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဦးခင်မောင်ရီ (၅၂)နှစ်
(ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးချုပ်)
(တွဲဖက်သယ်န်းကျွန်းမြို့နယ်)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ဝေးလမ်း၊ အမှတ်(၆)နေ (ဦးတင်မြိုင်)-ဒေါ်အမာရီတို့၏သား၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ ဦးအုတ်ကြည်-ဒေါ်ညွန့်ရီတို့၏သားသမက်၊ ဒေါ်မြင့်မြင့်သိန်း (စာရင်းစစ်မှူး၊ မြဝတီခရိုင်စာရင်းစစ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုပြည့်ဖြိုးလွင်၊ မထူးသဥ္ဇာလွင်တို့၏မွေးသဖခင်ကျေးဇူးရှင် ဦးခင်မောင်ရီ အသက်(၅၂)နှစ်သည် ၁၇-၈-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

EMPA 9th Batch မှ
ဆရာကြီး/ဆရာမကြီးများနှင့် ချစ်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှမြိုင်
အသက်(၈၁)နှစ်
(အထက-၆၊မန္တလေး-ငြိမ်း)

ဆရာဒေါက်တာဇီဝ(ခ)ဒေါက်တာညီညီနိုင်(ထူးပြည့်သုခကုမ္ပဏီလီမိတက်)၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်လှမြိုင်သည် ၈-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဇေယျာနန်းကုမ္ပဏီလီမိတက်
ထူးပြည့်သုခကုမ္ပဏီလီမိတက်
(MDနှင့် ဒါရိုက်တာများ)

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်အေးနု(ပုသိမ်)
အသက်(၇၁)နှစ်
ကျောင်းအုပ်ကြီး(ငြိမ်း)

ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ကထိက ဒေါ်ဇင်ဇင်နိုင်၏မိခင် ဒေါ်ခင်အေးနု(ပုသိမ်) အသက်(၇၁)နှစ်သည် ၁၆-၈-၂၀၁၄(စနေနေ့) ညနေ ၆း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခဌာနမှူး ဒေါ်ဖြူဖြူအိနှင့်တကွ
EMPA-11 Batch မှ အတန်းသူ အတန်းသားများ



အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်
အသက်(၄၂)နှစ်

ညီလေးလိုခင်မင်ရတဲ့ ဦးဝင်းလှိုင်သည် ၁၅-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးဆွေ-ဒေါ်မိမိသက်
စိန်ဟင်းအရောင်းဆိုင်(လယ်ယာသုံးပစ္စည်း)
ပဲခူးမြို့။

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သီတာလွင်(ခ)ဒေါ်ကြူကြူ
(B.Com) YGN
အသက်(၅၇)နှစ်

ခိုင်ကျော်အထက်တန်းအဆင့် ကိုယ်ပိုင်ကျောင်း ဒသမတန်း(A)မှ မောင်လွင်နိုင်ထူး၏မိခင် ဒေါ်သီတာလွင်(ခ)ဒေါ်ကြူကြူသည် ၁၅-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်ကြီးနှင့်ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊
ခိုင်ကျော်အထက်တန်းအဆင့်ကိုယ်ပိုင်ကျောင်း၊လှိုင်မြို့နယ်၊ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ကျောင်းဒါယကာ

ဦးချန်ဒရာဒေးပရာကပ်(ရှ်)(ခ)C.D.Prakash(ခ)
ဦးမောင်မောင်

ဥက္ကဌ(ရွှေစူပါလိုက်ကုမ္ပဏီ)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊အမှတ်(၇၁၅)၊ဒုတိယထပ်နေဦးဇော်ဝင်း(အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေစူပါလိုက်ကုမ္ပဏီ)၏ဖခင်ဖြစ်သူ ဘုရား၊ သိမ်၊ကျောင်းဒါယကာ ဦးချန်ဒရာဒေးပရာကပ်(ရှ်)(ခ) **C.D.Prakash** (ခ)ဦးမောင်မောင် အသက်(၆၆)နှစ်သည် ၁၇-၈-၂၀၁၄ ရက်နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန်းစင်မိသားစု
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်(ခ)Mr.C.D PRAKASH

အသက်(၆၆)နှစ်

ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊သာသနာ့ဒါယကာကြီး၊ အများအကျိုးအတွက် အမြဲမပြတ် ကူညီပေးကမ်းလှူဒါန်းသော သဒ္ဓါရှင်ပုဂ္ဂိုလ်ကြီး ဘဝတစ်ပါးသို့ ပြောင်းသွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝင်းစတားမျက်မှန်ဆိုင်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလွင် အသက်(၅၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီး ဌာနမှူး ဦးဝင်းလွင်သည် ၁၈-၈-၂၀၁၄ ရက် ၁၁း၅၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ
စစ်ကိုင်းတိုင်းဒေသကြီး
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ဦးလှမင်း(ကျောက်မျက်-ငြိမ်း)

အသက်(၇၇)နှစ်

ခေတ္တ-ဘန်ကောက်မြို့

ရန်ကုန်မြို့နေ (ဦးနေလင်း-ဒေါ်မြကြည်) တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဒေါ်တင်နွဲ့)၏ခင်ပွန်း၊ ဒေါ်သူဇာနွယ် (ဘန်ကောက်မြို့)၊ ဒေါ်အိအိသွယ်-Phillip Dwyer (သြစတြေးလျ)၊ ဒေါ်ဖြိုးဇာခြည်လင်း (Emiradte, Dubai)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မြေး Jewel သာယာသောင်း၊ ရဲသီဟ Maytee၊ ဇော်သူအောင် Teeruth တို့၏ချစ်လှစွာသော ဘိုးဘိုးကြီး၊ဦးမြအောင်-(ဒေါ်ခင်အုံးမြင့်)၊ ဦးအောင်လင်း - ဒေါ်တင်အေးဝင်း၊ ဦးညွန့်လှိုင်-ဒေါ်တင်တင်လှတို့၏ ညီ/မောင်၊ ဒေါ်ဝိသုဒ္ဓါစာရီ၊ ဦးတင်ထွန်း-ဒေါ်မိမိအောင်၊ ဒေါက်တာတင်မောင်အေး-ဒေါ်မူမူအေး(USA)၊ ဦးကျော်ကျော်နေလင်း-ဒေါ်မြတ်သာဂီ (USA) တို့၏ အစ်ကိုသည် ၁၅-၈-၂၀၁၄ရက် ဒေသစံတော်ချိန် ည၁၁း၅၂နာရီတွင် ဘန်ကောက်ဆေးရုံကြီး၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ဘန်ကောက်မြို့ Ramk hamhaeng လမ်း၊ Sala 5 Thep lilai ဘုန်းတော်ကြီးကျောင်းတွင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ကျောက်တန်းမြို့၊ ဓမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာတွင် ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဝင်းလွင်(မုံရွာ)

အသက်(၅၀)

ဦးစီးအရာရှိ (လဝက)

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်မေတ္တာရပ်ကွက်နေ (ဦးဘရီ-ဒေါ်လှမူ) တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အလယ်လမ်း၊ အမှတ်(၈)နေ ဦးရွှေစံ-(ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ ဒေါ်ခင်နှင်းလွင်၏ ခင်ပွန်း၊ မနှင်းဝတ်ရည်၊ မောင်မြတ်မင်းဟန် တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ အင်းတော်မြို့နေ ဦးရွှေ-ဒေါ်ခင်စိန် (မူ/အုပ်၊ ငြိမ်း)၊ ဒေါ်ဂွန်းရွှေ၊ ဦးသာမြတ်ထွန်း၊ ဒေါ်ဝင်းစိန်(မူ/အုပ်-ဆည်ရွာ)၊ ဦးဝင်းထိန်-ဒေါ်ညိုညို၊ ဦးဝင်းရှိန်၊ (ဒေါ်ဖြူအေး)(ပွဲ့ငွင့်-ဆီဆိုင်-အင်းတော်)တို့၏ ညီ/မောင်၊ ဦးဗိုလ်သန်း(ကောလင်း-သစ်ထုတ်လုပ်ရေး)-ဒေါ်ချို၊ ဦးမောင်မောင်-ဒေါ်ဆွေဆွေ(စက်/ဆီ ရောင်းဝယ်ရေး) အင်းတော်တို့၏ အစ်ကို၊ ဦးဝင်းလွင်သည် ၁၈-၈-၂၀၁၄ ရက် နံနက် ၁၁း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၈၊ အလယ်လမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဓမ္မာရုံ၊ဇရပ်ဒါယကာကြီး

ဦးမျိုးမြင့်

အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ်(၁၆၄)နေ (ဦးဒိဿ-ဒေါ်တင်) တို့၏ သား၊ (ဦးအောင်သန်း)-ဒေါ်တင်တင်တို့၏သားသမက်၊ ဦးမြ-ဒေါ်ရီ တို့၏တူ၊ ဦးသန်းထွန်း-ဒေါ်ဝင်းကြည် တို့၏ညီ/မောင်၊ ဦးဖေမြင့်-ဒေါ်စိုးတင့်၊ ဦးမြင့်ကြည်-ဒေါ်ချိုချိုဝင်း၊ ဦးစိုးမြင့်-(ဒေါ်သန်းလှိုင်)၊ ဦးတင်မြင့်-ဒေါ်အေးအေးငွေ၊ (ဦးဝင်းချို)-ဒေါ်ကျင်ကျင်စိန်၊ ဦးခင်မောင်ချို-ဒေါ်သန်းသန်းကြည်၊ ဦးဝင်းညွန့်-ဒေါ်ထားထားနွယ်၊ ဦးသိန်းနိုင်-ဒေါ်မြသီတာတို့၏ အစ်ကို၊ ကိုတင့်လင်း-မသူဇာလွင်၊ ဗိုလ်ကြီးတေဇာလင်း (နေပြည်တော်)-မနီလာသိန်း၊ ကိုဇေယျာလင်း- မခင်ခင်ဟန်တို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်စိန်စိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၈-၂၀၁၄(တနင်္ဂနွေနေ့) ည၇း၃၀နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၄ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါက်တာနီလာကျော်

ကထိက၊ ဓာတုဗေဒဌာန၊
ရန်ကုန်တက္ကသိုလ်
အထက(၃)၊ဗိုလ်တထောင်
ကျောင်းသူဟောင်း

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ (၅)ရပ်ကွက်၊ မြသဇင်လမ်း၊အမှတ်(၅)နေ (ဦးဖိုးခက်-ဒေါ်စောမြင့်)၊ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏မြေး၊ (ဦးကျော်ထွန်း)-ဒေါ်ခင်ဆွေ (လ/ပြ၊အထက(၄)ပုဇွန်တောင် -ငြိမ်း)တို့၏ ချစ်လှစွာသောသမီး၊ [ဦးနေဝင်း (ခ)ဖိုးထောင်]၊ ဒေါက်တာထွန်းဇော်၊ ဒေါ်ယဉ်ယဉ်မေ၊ (ဦးစမော)-ဒေါ်ကံရှိ(ဦးသာထူးအောင်)-ဒေါ်နန်းခင်မာဆွေ၊ (ဦးခင်မောင်လတ်)-ဒေါ်မေယု(ရန်ကုန် နာ/ကု)တို့၏ တူမ၊ ဒေါ်သီတာကျော်(Zezawa Health care)၏ညီမ၊ ဦးဇေယျာကျော်(အုပ်ချုပ်ရေးမှူး၊(၅) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်) ၏အစ်မသည် ၁၈-၈-၂၀၁၄ (တနင်္လာနေ့) နံနက်၇နာရီတွင် ဆာကူရာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်မြပို

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ်(၈၆)နေ(ဦးဖိုးစိန်-ဒေါ်ငွေအောင်)တို့၏ သမီး၊ (ဦးချစ်အုန်း-ဒေါ်ရွှေချစ်)တို့၏ သမီးချွေးမ၊ (ဦးသောင်းစိန်)(စီမံ/စီးပွားအဆင့်(၃)ကုန်သွယ်ရေး(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းမောင်(ရ/သုံးဦးစီးဌာန(ငြိမ်း)-ဒေါ်စန်းကြည်(လ/ထ)ညွှန်မှူး(ငြိမ်း)ရ/သုံးဦးစီးဌာန)၊ ဦးအေးကျော် (ထွန်းဖောင်ဒေးရှင်းဘဏ် နေပြည်တော်)-ဒေါ်စန်းစန်းရီ(မစဘရုံးချုပ်နေပြည်တော်)၊ဦးဝင်းမောင်မောင်-ဒေါ်ဝင်းဝင်းမြင့်(တွဲဖက်ပါမောက္ခသချ်ာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊)ဒေါ်ချိုနွယ်မြင့်(SAT-TTC ကမာရွတ်)၊ ဦးတိုးလှိုင်(ခေတ္တ-စင်ကာပူ)-ဒေါ်သက်သက်အောင်(ခေတ္တစင်ကာပူ)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ ဦးမင်းလွင်ဦး(True Trust Trend Co.,Ltd.)-ဒေါ်နှင်းစန္ဒာအေး၊ ဦးဇေယျာလင်း-ဒေါ်ညိုညိုဆန်း၊ ဦးသူရမောင်(CB Bank ရုံးချုပ်)၊ မောင်မျိုးမောင်မောင်၊ မမေမွန်အေး၊ မောင်ပြည့်ဖြိုးဟန်တို့၏ အဘွား၊မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၈-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ၁၁နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ဟွိုင်ပ်ရိန်(ခ)ဒေါ်ရိန်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၀)လမ်း၊ အမှတ်(၁၄၈) ပထမထပ်(ဝဲ)နေ (ဦးလီနိမ်ပင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ထွန်း)-ဒေါ်သန်းသန်းရီ (တော်ဝင်နန်းကုန် မျိုးစုံဖြန့်ချိရေး အဆင့်မြင့်မင်္ဂလာဈေး)၊ ဦးအေးကျော်-ဒေါ်သန်းသန်းဝင်း (ထိန်ထိန်လင်း အပ်ချုပ်ဆိုင်၊ကျောက်မြောင်းဈေး)၊ ဒေါ်သန်းသန်းလှ၊ ဦးဇော်ဝင်း-ဒေါ်ဝင်းဝင်းမော်၊ ဦးသိန်းဝင်း-ဒေါ်သီတာစိန်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၇-၈-၂၀၁၄ (တနင်္ဂနွေနေ့) ည ၁၁း၀၂ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမ ရပ်ကွက်ဗဟိုလမ်း၊အမှတ်(၂၇)၊ပထမထပ်(ဝဲ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၄(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းလှ (၇၇)နှစ်

အဲယားမန္တလေး
လေယာဉ်စစ်ဆေးရေးအရာရှိချုပ်ကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း(ငြိမ်း)
စစ်ကွင်းအသင်း

စစ်ကွင်းမြို့နေ (ဦးသူငယ်- ဒေါ်ညို) တို့၏သား၊ လှိုင်သာယာနေ ဒေါ်ကျင်ယုံ၏ မောင်၊ (မတင်လှ)၊ မသန်းဝင်း၊ မဝင်းငွေးတို့၏အစ်ကို၊ (ဦးစိန်ကြီး-ဒေါ်တင်မေ)တို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊(၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၄) မြေညီနေ ဒေါ်မာမာစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ မယွန်းရွှေရည်ထွန်း [အထက(၂)၊ ကမာရွတ်]တို့၏ ဖခင် ဦးထွန်းလှသည် ၁၈-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမောင်မြင့် အသက်(၇၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မရမ်းစု၊ သဇင်လမ်း၊ အမှတ်(၉၀၅)နေ ဦးဖိုးလှ-ဒေါ်စိန် တို့၏ သား၊ ဒေါ်မြင့်မြင့်မေ၏ခင်ပွန်း၊ ဦးမျိုးဦး၊ ဦးခင်ဇော်-ဒေါ်သင်းသင်းခိုင်၊ ဦးဇော်မင်းဦး-ဒေါ်အေးအေးသိန်း၊ ဦးဆန်းဦး-ဒေါ်ဖြူဖြူ၊ ဦးယဉ်ထွေး-ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးစည်းစိမ်ထိုက်-ဒေါ်ငွေငွေဝင်း၊ ဦးရဲထွဋ်လှိုင်-ဒေါ်ဥမ္မာမြင့်၊ ဦးဟန်ဦး-ဒေါ်ထိုက်စုဟန်၊ ဦးဇော်ထိုက်အောင်-ဒေါ်အိတုံတို့၏ဖခင်၊ မြေး ၂၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးမောင်မြင့်သည် ၁၇-၈-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဦးချန်ဒရာဒေးပရာကပ်(ရှ်)C.D.Prakash(ခ)ဦးမောင်မောင်

အသက်(၆၆)နှစ်

ဥက္ကဌ-ရွှေစူပါလိုက်ကုမ္ပဏီလီမိတက်

၁၇-၈-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဦးချန်ဒရာဒေးပရာကပ်(ရှ်) C.D. Prakash(ခ)ဦးမောင်မောင် နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများ၊ ဈာပနကိစ္စ အဝဝတွင် ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ လွမ်းသူ့ပန်းခွေများပေးပို့ခဲ့သည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ ဝမ်းနည်းကြောင်းကြော်ငြာထည့်ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ဈာပနမတိုင်မီနှင့် ဈာပနအပြီးတွင် လူကိုယ်တိုင်၊ တယ်လီဖုန်း၊ ကြေးနန်း၊ Email တို့မှတစ်ဆင့် ဝမ်းနည်းကြောင်း ပြောကြား၍ နှစ်သိမ့်အားပေးခဲ့သော ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းလှ

မြန်မာ့လေကြောင်း (ငြိမ်း)
အင်ဂျင်နီယာမှူးကြီး
အဲယားမန္တလေး (ငြိမ်း)

အသက်(၇၇)နှစ်

စစ်ကွင်းမြို့နေ (ဦးသူငယ်-ဒေါ်ညို) တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်အေး (Golden Flower Co.,Ltd)-ဒေါ်မြတ်သန်းလှ (Golden Flower Co.,Ltd)၊ ဦးသောင်းဝင်းနိုင် (မအူပင်တက္ကသိုလ်) - ဒေါ်ယဉ်သန်းလှ (အထက၊၄-အင်းစိန်)၊ ဦးတင်ထွန်း (မြန်မာ့ရှေ့ဆောင်ဘဏ်)-ဒေါ်သင်းသင်းလှ (ဗဟိုဘဏ်)၊ ဒေါ်ခင်ထွေးလှ (Golden Flower Co.,Ltd) တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၀-၈-၂၀၁၄(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်းဒါယကာကြီး

ဦးအုန်းသန်း အသက်(၆၀)

အုန်းသန်းကားဘော်ဒီ ဆေးမှုတ်လုပ်ငန်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(၁)၊ အခန်း(၄၀၁)၊ လေးလွှာနေ ဦးလှရွှေ-ဒေါ်အေးကြည်၊ (ဦးချစ်စိန်-ဒေါ် အေးဟန်)တို့၏သား၊ ဦးမြသန်း-(ဒေါ်ခင်ပု)တို့၏ သားသမက်၊ ကိုတင်စိုးအောင် (MAZDA-Carshow-room)-မနှင်းနှင်းလွင်၊ (ကိုဇေယျာစိုး-မရီရီသန်း)၊ ကိုသက်အောင်-မမွန်ပပအောင်၊ မကြူကြူဆွေ(အထက-၃၊ တာမွေ)၊ မထက်ထက်နေဇင်ဝင်းတို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ခင်သန်းကြူ(မကြူ)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၇-၈-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄(အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်နှင့် ဘေလီဂတ်စ်ဆိုင်ရှေ့ အလုပ်ရုံမှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်မျိုး (၄၆)နှစ်

မြို့နယ်သမဝါယမဦးစီးဌာန
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၄၁၀/က)၊ (၁၉)ရပ်ကွက်၊ ခိုင်သဇင်(၁)လမ်းနေ ဦးမြဟန်-ဒေါ်ခင်အေးမြင့်တို့၏ချစ်လှစွာသော သား၊ (ဦးတင်စိုး)-ဒေါ်ချိုမြအေး၊ ဦးဇော်သိန်း-ဒေါ်ချိုမာအောင်၊ (ဦးပြည်ကျော်)တို့၏မောင်/ညီငယ်၊ (ဦးခင်အောင်)-ဒေါ်ခင်ဌေး၊ (ဦးခင်ကျော်)-ဒေါ်ညွန့်ညွန့်ရီ၊ ဦးသက်ထွေး-ဒေါ်အေးသန်း၊ ဒေါ်ခင်မြသွေး၊ ဒေါ်ခင်မြထွေး၊ ဦးအောင်ကိုး-ဒေါ်နီနီဝင်း၊ ဦးနိုင်ဦး-ဒေါ်ခင်လတ်တို့၏တူ၊ မောင်ပြည့်စုံအောင်၊ မောင်ကောင်းစံလင်း(Y.T.T.C Grade 8) တို့၏ချစ်လှစွာသောဦးလေးသည် ၁၇-၈-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်) ကျန်ရစ်သူမိသားစု

ဒေါ်စမ်းမေ (၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၉၃)၊ သုံးလွှာ၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်နေ ဦးချစ်စိန်၏ဇနီး၊ ဒေါက်တာညွန့်စိန်-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်သန်းသန်းနု-(ဦးနေဝင်း)၊ (ဦးညွန့်ခင်)၊ (ဦးမောင်ချို)-ဒေါ်အိန်ဘိ(ခ)ဒေါ်ရင်မေ၊ ဦးညွန့်ရွှေ(ခ)ဦးလေးလေး၊ ဒေါ်မိမိ၊ ဦးသိန်းအေး-ဒေါ်မူမူဇင်၊ ဦးညွန့်မင်း၊ ဦးမွန်ဆန်း-ဒေါ်တင်တင်မြင့်၊ ဒေါ်တင့်တင့်ယဉ်(ဦးညွန့်ဘို)၊ဒေါ်တင်နွယ်အောင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားဒေါ်စမ်းမေသည် ၁၇-၈-၂၀၁၄ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စောသာဖြူ (၇၉)နှစ်

(မြောက်ဦး/ပန်းမြောင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ် (၉၁၀/ခ)နေ (ဦးစံရွှေဘော်-ဒေါ်စံဝင်းဖြူ) တို့၏ သမီး၊ (ဦးမောင်စောသိန်း)၏ ဇနီး၊ (ဦးမောင်ကျော်အောင်)၏ ညီမ၊ (ဦးမောင်စောဖြူ)၊ ဦးကျော်သိန်း-ဒေါ်ထွေးဖြူတို့၏ အစ်မ၊ (ဦးမောင်မြဦး)၊ ဦးတင်ထွန်း-ဒေါ်စောရွှေမွန်၊ ဦးထွန်းထွန်း-ဒေါ်ချိုချိုဝင်း၊ (ဦးမောင်မောင်သိန်း)-ဒေါ်အေးသိန်းချေ၊ ဦးကျော်ရွှေသန်း-ဒေါ်စောသိန်းဖြူ၊ ဦးဇော်ဝင်းထွဋ်-ဒေါ်စောရွှေမေတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘောင်ရှင်သည် ၁၈-၈-၂၀၁၄(တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄ ရက် မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး (၇၈)နှစ်

ကော့ကဒွတ်(တောင်စွန်း)

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊(၈)ရပ်ကွက်၊ယုဇနလမ်း၊အမှတ်(၁၅)၊ ခြောက်လွှာနေ (ဦးဘိုးဆိုင်-ဒေါ်မိုးညွန့်)တို့၏ သမီး၊ (ဦးဖိုးသူတော်-ဒေါ်စိန်)တို့၏သမီးချွေးမ၊ (ဦးစံသိန်း)၏ ဇနီး၊ ဦးသိန်းငွေး-ဒေါ်အိအိခင်၊ဦးဇော်မြင့်(စင်ကာပူသံရုံး)-ဒေါ်ခင်ငွေးဝင်း၊ ဒေါ်ခင်မြဝင်း (အထက-၂၊ ဗိုလ်တထောင်)၊ ဒေါက်တာခင်မျိုးဝင်း (ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ် သမိုင်းဌာန) တို့၏မိခင်၊ မောင်တင်ထက်နောင် (နည်းပညာတက္ကသိုလ်သန်လျင်)၊ မအေးမြသဥ္ဇာခိုင် (အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်)တို့၏အဘွားသည်၁၇-၈-၂၀၁၄(တနင်္ဂနွေနေ့) ည ၇း၃၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပုဇွန်တောင်မြို့နယ်၊ နှင်းပန်းလမ်း၊ အမှတ်(၈) နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်ကြည်(မြန်အောင်) အသက်(၉၀)

မင်းကန်မဟာစည်ယောဂီ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ မဏ္ဍိုင်လမ်း၊ အမှတ်(၅၉)နေ (ဦးကျောက်-ဒေါ်ကျင်မွှေး)တို့၏ သမီး၊ (ဦးထွန်းအောင်လင်း)၏ ဇနီး၊ (ဦးညွန့်ဝေ)-ဒေါ်မြင့်မြင့်၊ ဦးမိုးဟိန်း-ဒေါ်သန်းနု၊ ဦးအောင်မြင့်-ဒေါ်ညွန့်ကြည်၊ ဦးသိန်းဇော်ဦး-ဒေါ်ညွန့်တင်၊ ဦးသော်ဇင်-ဒေါ်ခင်စန်းဝင်းတို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၈-၂၀၁၄(တနင်္လာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းဖေ (၇၆)နှစ်

မိုး/ဇလ(ငြိမ်း)

ထားဝယ်မြို့နေ (ဦးလှဖေ-ဒေါ်သင်းရွှေ)တို့၏သား၊ ဘားအံမြို့နေ (ဦးသိန်းရင်-ဒေါ်စိန်မေ)တို့၏သားသမက်၊ (ဦးစောရင်ထွန်းရွှေ-ဒေါ်မစိန်)၊ (ဦးမန်းထွန်းကြိုင်-ဒေါ်ကြည်းရွှေ)တို့၏ညီ/မောင်၊ ဦးအုန်းစိန်-ဒေါ်အေးရွှေ၊ ဒေါပုံနေ ဦးအောင်ကျော်-ဒေါ်ကြည်တင်တို့၏အစ်ကို၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂/၁၂)နေ ဒေါ်သန်းကြည်(သူနာပြုဆရာမကြီး-ငြိမ်း၊ စိတ်ကျန်းမာရေးဆေးရုံ)၏ ခင်ပွန်း၊ ဒေါ်သင်းနွဲ့အေး(နည်းပြ-ရန်ကုန်အရှေ့ပိုင်း သူနာပြုသင်တန်းကျောင်း၊ ဗိုလ်တထောင်)၊ ဦးသီဟအောင်(ဂိတ်မှူးခွဲ(၂)မထသ)၊ ဒေါ်အေးမာလာ (လျှပ်စစ်အဆင့်(၁) YESB တိုင်းရုံး၊ အလုံ)တို့၏ ဖခင် ဦးသိန်းဖေသည် ၁၆-၈-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၄ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၄(သောကြာနေ့) နံနက်တွင် လှိုင်သာယာမြို့နယ် (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၂/၁၂)နေ ဒေါ်သန်းကြည် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်စိန်းမြင့် (၇၂)နှစ်

သားဖွားဆရာမ(ငြိမ်း)
သိန်းမင်းရေလုပ်ငန်း (နောက်မီးကျေးရွာ)

ဧရာဝတီတိုင်းဒေသကြီး၊ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာ၊ (၃)ရပ်ကွက်နေ ဦးကံဆောင်-ဒေါ်သန့် တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၅၆၃)၊ သမိုင်းဘူတာရုံ (၆)လမ်းနေ ဦးသိန်းလှိုင်(ကျန်းမာရေးမှူး-ငြိမ်း)၏ဇနီး၊ ကိုဝင်းလှိုင်-မတင်တင်ညို၊ ကိုစိန်မြင့်-မမာမာလှိုင်၊ ကိုဇော်ထွန်း (ကျန်းမာရေးမှူး၊ နောက်မီးကျန်းမာရေးဌာန)၊ မတင်မေလှိုင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းဆွေ (၇၁)နှစ်

(အခွန်ဦးစီးဌာန-ငြိမ်း) ရောကျော်ဂိတ်မှူး

ပုသိမ်မြို့၊ အမှတ်(၃)၊ နယ်မြေ၊ အမှတ်(၄၇)၊ တက်ဆိပ်လမ်းနေ (ဦးခင်မောင်-ဒေါ်လှတင်)တို့၏သား၊ ဒေါ်အုန်းဆင့် (အမက-၂၊ ငြိမ်း)၏ ခင်ပွန်း၊ ရဲအုပ်ဝင်းထွဋ်(သလပ်ခွာရဲစခန်းမှူး)-ဒုရဲမှူး ဥမ္မာဆွေ(နေပြည်တော်လေကြောင်းရဲတပ်ဖွဲ့)၊ ဦးဥက္ကာကြူဖေ၊ ဒေါ်နီလာဆွေ(စင်ကာပူ)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဘုန်းမင်းကောင်း၊ မောင်သီဟန်ကောင်း၊ မောင်ဘုန်းမြင့်မြတ်၊ မောင်သုတရဲထက်တို့၏ အဘိုးသည် ၁၆-၈-၂၀၁၄(စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းမီးသဂြိုဟ်စက်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါက်တာနီလာကျော် (၄၆)နှစ်

ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အထက (၃)၊ ဗိုလ်တထောင်ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြသဇင်လမ်း၊ အမှတ် (၅)နေ (ဦးဖိုးခက်-ဒေါ်စောမြင့်)၊ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏ မြေး၊ (ဦးကျော်ထွန်း)-ဒေါ်ခင်ဆွေ [လ/ပြ၊ အထက(၄)၊ ပုဇွန်တောင်-ငြိမ်း]တို့၏ ချစ်လှစွာသောသမီး၊ ဒေါ်သန်းရွှေ၏ ချစ်လှစွာသော တူမ၊ ဒေါ်သီတာကျော် (Zezawa Health Care)၏ ညီမ၊ ဦးဇေယျာကျော်(အုပ်ချုပ်ရေးမှူး၊ အမှတ်(၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်)၏ အစ်မသည် ၁၈-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၇ နာရီတွင် Sakura အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကား များ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
(အမှုဆောင်ဟောင်း)

ဦးသိန်းဇံ (၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၃၈/၄၀)နေ ဒေါ်နုနုရီ၏ ခင်ပွန်း ဦးသိန်းဇံသည် ၁၇-၈-၂၀၁၄ ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသား ဓမ္မမိတ်ဆွေများ သံဝေဂယူ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးရွှေမိုး(ခ)ကိုထူး (၅၁)နှစ်

B.A (Myanmar)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သုရဿတီလမ်း၊ တိုက်(၅၄-B)၊ အခန်း(၁၀၂)နေ (ဦးအုန်းဒင်)-ဒေါ်နုနုစိန်တို့၏ တတိယမြောက် သား၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇) ရပ်ကွက်နေ (ဦးညွန့်-ဒေါ်အုန်းတင်) တို့၏သားသမက်၊ ဒေါ်ရီရီလွင်၏ခင်ပွန်း၊ ဦးလွှမ်းမိုး၊ ဒေါ်အေးမြတ်စိန်တို့၏ညီ/မောင်၊ ဦးငွေမိုး၊ ဦးထွန်းဇာနည်-ဒေါ်မြင့်မြင့်မော်၊ ဦးအောင်ထွန်းဦး-ဒေါ်မြင့်မြင့်သင်းတို့၏အစ်ကို၊ မောင်ဘိုဘိုထွန်း၏ဘကြီးသည်၁၅-၈-၂၀၁၄ (သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၂နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၄(ကြာသပတေးနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သုရဿတီလမ်း၊ တိုက်(၅၄-B)၊ အခန်း (၁၀၂)နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဦးစိုး(ခ)ကုလားလေး

အသက်(၈၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊
လျှပ်စစ်အလုပ်ရုံ(ဓာတ်လှေကားဌာန)(ငြိမ်း)
(မလက်တိုကျေးရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၁၀၄)နေ (ဦးဘပု-ဒေါ်စိန်ရင်)တို့၏ သား၊ (ဒေါ်မွေး)၏ ခင်ပွန်း၊ ဦးတင်မောင်မြင့်-ဒေါ်မွှေးမွှေးစိုး၊ ဦးမျိုးသိန်း-ဒေါ်မင်းမင်းစိုး၊ ဦးဝင်းထိန်လင်းစိုး-ဒေါ်တင်နွယ်ရီတို့၏ ဖခင်၊ မမေသော်ခင်၏ အဘိုးသည် ၁၈-၈-၂၀၁၄ (တနင်္လာနေ့) နံနက်၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်လွင်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊အမှတ်(၃၀)၊ငါးလွှာ(ဘယ်ဘက်)နေ(ဦးခင်မောင်-ဒေါ်လွစ်တီ) တို့၏သား၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ ဦးနေမျိုးလွင်-ဒေါ်သင်းသင်းခိုင်၊ မဇာခြည်လွင်တို့၏ဖခင်၊ မောင်ဥက္ကာနေမျိုး၏အဘိုး ဦးကျော်လွင်သည် ၁၈-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၄ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရမည်းသင်းမြို့နယ်ရှိ ကျိုးနီကန်အား နိုင်ငံတော်အစိုးရက သီးသန့်ရန်ပုံငွေမှ အကုန်အကျခံ ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ကျိုးနီကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကျိုးနီကန်သည် ပုဂံခေတ်နောက်ပိုင်းကာလတွင် ဆင်ဖြူမယ်မိဖုရားက တည်ဆောက်ခဲ့၍ ၁၉၁၄ ခုနှစ်တွင် အင်္ဂလိပ်အစိုးရကပြုပြင်ပေးခဲ့ပြီး နောက်ပိုင်းတွင် သာမန်ထိန်းသိမ်းခြင်းသာဆောင်ရွက်နိုင်ခဲ့သည်။ နှစ်ကာလကြာမြင့်ပြီဖြစ်၍ ကန်အတွင်းသဲနုန်းပို့ချမှုများဖြစ်ပေါ်လာပြီး တိမ်ကောလာသဖြင့် ကျိုးနီကန်ကို နိုင်ငံတော်အစိုးရက သီးသန့်ရန်ပုံငွေမှ ၁၅ ဒသမ ၈၁၁ ဘီလီယံအကုန်အကျခံပြီး ယခုနှစ် ဇူလိုင်လကုန်မှစတင်၍ သဲနုန်းများပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်များကို ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း မဆောင်ရွက်မီ ကန်ပေါင်ထိပ်အကျယ် ၁၂ ပေ၊ ပျမ်းမျှရေအနက် ၄ ပေ ၆ လက်မ၊ ရေလှောင်ပမာဏ ၂၆၀၀ ဧကပေရှိပြီး ရေပိုလွှဲအမျိုးအစားကျောက်ပန်းရံဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

မာတိကာ

စေတနာပါမှ အကျိုးများ

ခေါင်းကြီး စာမျက်နှာ - ၂

နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပြည့်မီအောင်ကြိုးပမ်းလျက်ရှိသည့် ရေနံရှာဖွေရေးအဖွဲ့များ

ဆောင်းပါး စာမျက်နှာ - ၆

